www.burmeseclassic.com

ကာမဂုဏ်ချမ်းသာဟာ ချမ်းသာအစစ်လား
တကယ့်ဘဝချမ်းသာဆိုတာ ဘယ်ချမ်းသာလဲ

BURMESE CLASSIC .com

# ဘဝချမ်းသာရေး

ဒေါက်တာမင်းတင်မွန်

တတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

# ဘဝချမ်းသာရေး

တတိယအကြိမ်

ဒေါက်တာမင်းတင်မွန်

မြမွန်ရတနာ စာပေဖြန့်ချိရေး
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၈၆၆၁၀

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် (၈၂၄/ ၂၀၀၀) (၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၉၁၂/ ၂၀၀၀) (၁၁)

●

**ပုံနှိပ်ခြင်း**

၂၀၀၀ ခုနှစ်၊ ဒီဇင်ဘာလ၊ တတိယအကြိမ်၊ အုပ်ရေ – ၅၀၀

●

**ထုတ်ဝေသူ**

ဒေါ်ရင်မြ၊ မြမွန်ရတနာ စာပေ (၀၅၈၄)
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

**အတွင်းစာသားနှင့် မျက်နှာဖုံး ပုံနှိပ်သူ**

ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)
အမှတ် (၁) ဗိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်။

●

**ကွန်ပျူတာစာစီ**

ခွန်မျိုး

●

**ဖြန့်ချိရေး**

**မြမွန်ရတနာစာပေ**

တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁–၂၈၆၆၁၀

●

တန်ဖိုး – ၃၅၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## ဘဝချမ်းသာရေး ပဏ္ဏာမကထာ

ပုပုရွရွဟူသမျှကား ချမ်းသာကိုချည်း လုံ့လသည်း၏။

လူတိုင်းလူတိုင်း ချမ်းသာချင်လို့ ချမ်းသာအောင် ကြိုးပမ်းနေကြတယ်။ ချမ်းသာအောင် ဘယ်လိုလုပ်ရမလဲ။

ပညာဦးမစီးဘဲ တံလျှပ်ကိုရေထင်ပြီး သမင်အလိုက်မှားသလို ကာမဂုဏ်နောက်ကို တကောက်ကောက်လိုက်နေရင် ချမ်းသာအစစ်ကို ရနိုင်မလား။

ဘဝချမ်းသာရေးအတွက် လောကီပညာရှင်များရဲ့ သြဝါဒက ဘယ်လိုလဲ။ မြတ်ဗုဒ္ဓရဲ့လမ်းညွှန်ချက်က ဘယ်လိုလဲ။

www.burmeseclassic.com

www.burmeseclassic.com

## ဘ၀ချမ်းသာရေးနည်းလမ်းများ
## လောကီပညာရှင်တို့ အကြံပြုကြတဲ့နည်းလမ်းများ

၁။ အလုပ်ဟူသမျှ ဂုဏ်ရှိစွ၊ စား၀တ်နေမှု ဖူလုံအောင် အလုပ်လုပ်ပါ။

၂။ ယနေ့လုပ်နိုင်တာကို နက်ဖြန်ထိ ဆိုင်းမထားပါနဲ့။

၃။ ပစ္စုပ္ပန်ကျကျ နေထိုင်ပါ၊ တစ်နေ့အတွက်သာ စဉ်းစားပါ။

၄။ သဲတစ်ပွင့်၀ါဒကိုကျင့်သုံးပါ။ လုပ်ဆဲအလုပ်မှာ နှလုံးသွင်းပါ။

၅။ အခက်အခဲကို ကျော်လွှားပါ။ ပင်ပန်းလေလေ အမှတ်ရလေလေ ဖြစ်တယ်။

၆။ အဆိုးဆုံးအခြေအနေကို လက်ခံပါ။ စိတ်ဓာတ်အင်အားသစ်ကို ဖွင့်ထုတ်ပါ။

၇။ အောင်မြင်မှုရအောင် ကြိုးပမ်းပါ။ အောင်မြင်ခြင်းလို ချိုမြိန်တဲ့ အရသာ မရှိဘူး။

၈။ အကောင်းဘက်ကိုကြည့်ပါ။ တိမ်တိုက်တိုင်းမှာ ငွေအနားကွပ်တစ်ခုစီရှိတယ်။

၉။ ဖိတ်သွားတဲ့နို့အတွက် ငိုမနေနဲ့၊ ကုက္ကုစ္စ မဖြစ်နဲ့။

၁၀။ ပုထုဇဉ်တို့မှာ အမှားပါရစမြဲ၊ ခွင့်လွှတ်ခြင်းဟာ ထိပ်တန်းမြင့်မြတ်မှုဖြစ်တယ်။

အကျယ်ကို ဤစာအုပ်မှာ ရှင်းပြထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## မြတ်ဗုဒ္ဓရဲ့လမ်းညွှန်ချက်များ

၁။ ဘဝချမ်းသာရေးမှာ စိတ်သာပဓာန၊ စိတ်ကောင်းနေရင် ချမ်းသာမယ်၊ စိတ်ဆိုးရင် ဆင်းရဲမယ်။

၂။ စစ်ပွဲတစ်ရာအောင်နိုင်တာထက် မိမိရဲ့စိတ်ကိုအောင်နိုင်တာက ပိုပြီး ကြီးကျယ်မြင့်မြတ်တယ်။

၃။ စိတ်ကိုအောင်နိုင်တယ်ဆိုတာ စိတ်ကိုဆိုးညစ်ယုတ်ညံ့အောင် ခြယ်လှယ်နေကြတဲ့ မောဟ၊ လောဘ၊ ဒေါသ စတဲ့ ကိလေသာများကို ပယ်သတ်နိုင်ခြင်းဖြစ်တယ်။

၄။ ကိလေသာတွေဟာ စိတ်ကို ပူလောင်ပင်ပန်းဆင်းရဲစေကြတဲ့အတွက် ကိလေသာတွေယှဉ်တဲ့ အကုသိုလ်စိတ်ဖြစ်ရင် ဆင်းရဲမယ်။ ကုသိုလ်စိတ်ဖြစ်ရင် ကောင်းမြတ်တင့်တယ်တဲ့ စေတသိက်တွေ ယှဉ်ကြတဲ့အတွက် ချမ်းသာမယ်။

၅။ 'ယောနိသောမနသိကာရ'ဆိုတဲ့ သင့်တင့်လျောက်ပတ်အောင် နှလုံးသွင်းမှုရှိရင် ကုသိုလ်စိတ်တွေ ဖြစ်မယ်။ မရှိရင် အကုသိုလ်စိတ်တွေ ဖြစ်မယ်။

၆။ အာဂမသုတ–အဓိဂမသုတဆိုတဲ့ ပရိယတ်–ပဋိပတ် အသိပညာတွေ ဦးစီးမှ ယောနိသောမနသိကာရဖြစ်အောင် နှလုံးသွင်းနိုင်ပြီး တကယ်ချမ်းသာတဲ့ဘဝကို ထူထောင်နိုင်လိမ့် မယ်။

၇။ ကာမဂုဏ်ဆိုတာ အာရုံငါးပါးပါပဲ။ အာရုံနဲ့ ဒွါရ (မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်) တို့ ဆုံတွေ့တဲ့အခါ 'သောမနဿသဟဂုတ်လောဘမူစိတ်'ဖြစ်လို့ နှစ်သက်ခြင်း၊ ချမ်းသာခြင်း (ပီတိ – သောမနဿ) တို့ ဖြစ်ပေါ်တယ်။ ဒီနှစ်သက်ခြင်း၊ ချမ်းသာခြင်းတို့ဟာ ကာမဂုဏ်ရဲ့ သာယာဖွယ်ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



၈။ ကာမဂုဏ်ချမ်းသာဟာ အပူလောင်ဆုံးမီးများဖြစ်ကြတဲ့ တဏှာရာဂ၊ ဒေါသ၊ မောဟ စသည်တို့ယှဉ်စပ်နေကြတဲ့ အတွက် ချမ်းသာအစစ်မဟုတ်ဘူး။ မိုးမျှော်ရေတိသီးစားရသလို၊ အနှူမီးကင်သလို ပူပူလောင်လောင်ချမ်းသာမျှသာဖြစ်တယ်။

၉။ အာရုံငါးပါးဆိုတာ ရုပ်တရားတွေပဲ။ သက်မဲ့ရုပ်ဝတ္ထုအားလုံးနဲ့ သက်ရှိသတ္တဝါအားလုံးဟာ မမြဲတဲ့အနိစ္စတရား၊ ဆင်းရဲတဲ့ ဒုက္ခတရား၊ အစိုးမရအနှစ်မပါတဲ့ အနတ္တတရား၊ မတင့်တယ်တဲ့ အသုဘတရားတွေသာဖြစ်ကြတယ်။ မောဟက ဒီအမှန်သဘောတွေကိုဖုံးကွယ်ထားပြီး ပြောင်းပြန်အမှားသဘောတို့ကို သိမြင်စေတဲ့အတွက် တဏှာလောဘက ကာမဂုဏ်အာရုံတွေကို တပ်မက်တွယ်တာခြင်းဖြစ်တယ်။

၁၀။ ကာမတရားတို့ဟာ (၁) အမဲရိုး၊ (၂) အသားတစ်၊ (၃) မြက်မီးရှူးတိုင်၊ (၄) မီးကျီးခဲတွင်း၊ (၅) အိပ်မက်၊ (၆) အငှားပစ္စည်း၊ (၇) အသီးပြည့်တဲ့အပင် အသီးသီးနဲ့ ပမာတူကြတယ်။ အနှစ်သာရကင်းပြီး ဆင်းရဲပင်ပန်းခြင်းကိုသာ ဖြစ်ပေါ်စေပါတယ်။

၁၁။ ကာမဂုဏ်အာရုံတို့မှာ လိုချင်တပ်မက်မှုမဖြစ်အောင် ဆုံးမခြင်း၊ လိုချင်တပ်မက်မှုကို ပယ်ဖြတ်ခြင်းဟာ ကာမဂုဏ်တို့မှ ထွက်မြောက်ရာ ဖြစ်တယ်။ ကာမဂုဏ်တို့မှထွက်မြောက်နိုင်မှသာလျှင် ဘဝချမ်းသာအစစ်ကို ရနိုင်မယ်။

၁၂။ ရုပ်နာမ်တို့ရဲ့ အစုအဝေးများဖြစ်ကြတဲ့ သက်ရှိ–သက်မဲ့ အရာအားလုံးဟာ ဆင်းရဲခြင်းအမှန်တရား–ဒုက္ခသစ္စာဖြစ်တယ်။ ဆင်းရဲခြင်းကိုဖြစ်စေတဲ့အကြောင်းရင်း အမှန်တရား–သမုဒယသစ္စာက တဏှာလောဘဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com


၁၃။ တဏှာလောဘနဲ့တကွ ကိလေသာတရားအားလုံးဟာ ဆင်းရဲ ပင်ပန်းခြင်းကို ဖြစ်ပေါ်စေကြတဲ့အတွက် ဒီကိလေသာတရား တို့ကို ပယ်သတ်ရေးသည်သာ ဘဝချမ်းသာရေး အစစ်အမှန် ဖြစ်ပေတယ်။ ကာမဂုဏ်ခံစားခြင်းဟာ ကိလေသာ ပွားစည်း ရေးဖြစ်လို့ ဘဝဆင်းရဲရေးလမ်းစဉ်ဖြစ်တယ်။

၁၄။ ဘဝချမ်းသာရေး အစစ်အမှန်ကို လိုချင်ရင် သူတော်ကောင်း ကို ဆည်းကပ်၊ သူတော်ကောင်းတရားကို နာကြားလေ့လာ၊ နိဗ္ဗာန်နဲ့ဆီလျော်တဲ့ တရားအကျင့်ကို ကျင့်သုံးရမယ်။ ဒါန, သီလ, ဘာဝနာတို့ကို အဆင့်ဆင့်တိုးမြှင့်ပြီး ကျင့်သုံးရမယ်။

၁၅။ သမထ–ဝိပဿနာ ဘာဝနာရှုပွားလို့ ရုပ်တရား နာမ်တရား၊ အကြောင်းတရား၊ အကျိုးတရားတို့ရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘသဘောမှန်တို့ကို ထင်ထင်ရှားရှားထိုးထွင်းသိမြင်လာ တဲ့အခါ မောဟမျက်နှာဖုံးကွာကျပြီး သစ္စာလေးပါး ပေါ်လွင် ထင်ရှားလာလို့ အမြင့်မြတ်ဆုံးဘဝချမ်းသာဖြစ်တဲ့ နိဗ္ဗာန်ချမ်း သာကို ကိုယ်တိုင်ကိုယ်ကျမျက်မှောက်ပြုရပါတော့တယ်။

အကျယ်ရှင်းလင်းချက်များကို ဤစာအုပ်ထဲမှာ ဆက်လက် ရှုစားတော်မူပါ။

## ဩဝါဒကထာ

၁။ စိတ်ကောင်းမထားက ဆင်းရဲရ၏။
စိတ်ကောင်းထားမှ ချမ်းသာရ၏။
(တိပိဋကဓရဆရာတော် အရှင်နေမိန္ဒ)

www.burmeseclassic.com

www.burmeseclassic.com


၂။ အသီးတစ်ရာ၊ အညှာတစ်ခု၊ ပမာရှု၍၊ စိတ်ဟုမည်ငြား၊ ဤတစ်ပါးမျှ၊ တရားကိုယ်ကြပ်၊ စောင့်စည်းကွပ်က၊ လူ့ရပ်နတ်ရွာ၊ ဗြဟ္မာနိဗ္ဗာန်၊ ရောက်ကြောင်းမှန်၏။

(မဃဒေဝလင်္ကာသစ်)

၃။ ချမ်းသာတယ်ဆိုတာ ဝမ်းမြောက်တဲ့ သောမနဿ၊ နှစ်သက်တဲ့ ပီတိ၊ ခံစားရတဲ့ သုခ၊ ဒီလိုရှိမှ ချမ်းသာတယ်။

(မဟာဂန္ဓာရုံ အရှင်ဇနကာဘိဝံသ)

၄။ ကိလေညစ်မည်း၊ စိတ်၌စွဲ၊ ရုပ်လဲ မကြည်လင်။
ကိလေညစ်မည်း၊ စိတ်မစွဲ၊ ရုပ်လဲ အေးကြည်လင်။
စိတ်ညစ်မည်းလျှင်၊ ဆင်းရဲပင်၊ ဖြူလျှင် ချမ်းသာသည်။
ချမ်းသာရလို၊ များလူဗိုလ်၊ ကိုယ့်ကိုယ်သိရမည်။
ကိုယ့်ကိုယ်သိချင်၊ များလူရှင်၊ နေ့စဉ်စစ်ရမည်။
နေ့စဉ်စစ်ဆေး၊ စိတ်ညစ်ကြေး၊ လျှော်ဆေးပစ်ရမည်။

(ဒုတိယဂဒ္ဒုလဗဒ္ဓသုတ်–ချမ်းမြေ့ဆရာတော်)

၅။ တင်းတိမ်ခြင်းဟာ အမြတ်ဆုံးဥစ္စာပါပဲလို့ ဗုဒ္ဓမြတ်စွာက ဟောတော်မူတယ်။
ရှေးတုန်းကလူတွေဟာ အစားကို ငါးပိချက်ကလေး၊ ငါးကလေးနဲ့ပဲ စားကြတယ်။
အဝတ်ကိုလဲ ကိုယ့်ဟာကိုယ် ရက်ဝတ်ကြတယ်။ စိတ်ချမ်းသာကြတာပဲ။
စိတ်ချမ်းသာတယ်ဆိုတာ ပေါမှချမ်းသာတာမဟုတ်ဘူး၊ တင်းတိမ်မှချမ်းသာတယ်။

(မဟာဂန္ဓာရုံ အရှင်ဇနကာဘိဝံသ)

www.burmeseclassic.com

www.burmeseclassic.com


၆။ စိတ်မချမ်းမြေ့ခြင်းရဲ့အကြောင်းရင်းဟာ သင့်ကိုယ်သင် ပျော်မပျော် ဆန်းစစ်နေဖို့ အချိန်ပိုရနေလို့ဖြစ်တယ်။
အချိန်ပို မထားပါနဲ့။
အားလုံးကိုသိရင် အားလုံးကို ခွင့်လွှတ်နိုင်တယ်။

(အင်္ဂလိပ်ပညာရှိ– ဘားနဒ်ရှော)

၇။ ယနေ့ကိုသာ ငါပိုင်တယ်။ နက်ဖြန် ဘာဖြစ်ဖြစ် ငါနဲ့မဆိုင်ဘူး။ ယနေ့ ငါကောင်းကောင်းနေထိုင်လိုက်ရင် ငါဟာ အပျော်ဆုံးလူတစ်ယောက်ဖြစ်မှာပဲ။ (ရောမစာဆို ဟောရေ့စ်)

၈။ ဖြစ်သမျှအကြောင်း အကောင်းချည်းမှတ်ပါ။ ဒါမှ လောကမှာရှိတဲ့ ဆင်းရဲဒုက္ခအပေါင်းကို ကျော်လွှန်နိုင်အောင် ကြိုးပမ်းနိုင်လိမ့်မယ်။

(အမေရိကန်စိတ်ပညာပါမောက္ခ – ဝီလျံဂျိမ်းစ်)

၉။ စိတ်ချမ်းသာမှုအစစ်ဟာ အဆိုးဆုံးအဖြစ်ကိုလက်ခံရာမှ ထွက်ပေါ်လာတယ်။
စိတ်ပညာအရ ထိုသို့အဆိုးဆုံးအခြေအနေကိုလက်ခံခြင်းဟာ **စိတ်ဓာတ်အင်အားကို ဖွင့်ထုတ်ပေးခြင်းပင်ဖြစ်တယ်။**

(တရုတ်စာရေးဆရာ– လင်ယူတန်)

၁၀။ ကျန်းမာခြင်းဟာ အမြတ်ဆုံးလာဘ်ဖြစ်တယ်။
နိဗ္ဗာန်ဟာ အမြတ်ဆုံးချမ်းသာဖြစ်တယ်။
မဂ္ဂင်ရှစ်ပါးဟာ မသေရာနိဗ္ဗာန်သို့ရောက်စေတတ်တဲ့
လမ်းကြောင်းအပေါင်းမှာ ဘေးကင်းပြီး
အမြတ်ဆုံးသောလမ်းကြောင်းဖြစ်ပေတယ်။

(မြတ်ဗုဒ္ဓရဲ့ဥဒါန်းဂါထာ)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

ပဏာမကထာ
ဩဝါဒကထာ
နိဒါန်း ... ၁၃
ဘယ်လိုဘဝဟာ ချမ်းသာသလဲ ... ၁၇
ဘဝချမ်းသာအောင် ဘယ်လိုလုပ်မလဲ ... ၂၀
အလုပ်ဟူသမျှ ဂုဏ်ရှိစွ ... ၂၀
မြန်မာတို့ ကံကောင်းကြတယ် ... ၂၂
ယနေ့လုပ်နိုင်တာ မဆိုင်းထားပါနဲ့ ... ၂၄
ပစ္စုပ္ပန်ကျကျ နေထိုင်ပါ ... ၂၇
သဲတစ်ပွင့်ဝါဒကို ကျင့်သုံးပါ ... ၂၉
အခက်အခဲကို ကျော်လွှားပါ ... ၃၁
အောင်မြင်ခြင်းရဲ့အရသာ ... ၃၆
အဆိုးဆုံးအခြေအနေကို လက်ခံပါ ... ၃၈
အကောင်းဘက်ကို ကြည့်ပါ ... ၄၀

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


ယောနိသောမနသိကာရ ... ၄၃

လောကဓံတရား ရှစ်ပါး ... ၄၅

နှလုံးသွင်းတတ်အောင် သုတဆောင် ... ၄၇

နှလုံးသွင်းမှန်က ချမ်းသာရ ... ၅၁

အခြွေအရံပြည့်စုံခြင်း မပြည့်စုံခြင်း ... ၅၃

ချီးမွမ်းတစ်လှည့် ကဲ့ရဲ့တစ်တန် ... ၅၄

ဆင်းရဲတစ်ခါ ချမ်းသာတစ်လှည့် ... ၅၅

ဆူးနှစ်ချောင်း မစူးပါစေနဲ့ ... ၅၆

နင်လားဟဲ့ လောကဓံ ... ၅၈

ကာမဂုဏ်ချမ်းသာ ... ၅၉

သိပ္ပံရှုထောင့်မှ ဆန်းစစ်ချက် ... ၆၁

အဘိဓမ္မာရှုထောင့်မှ ဆန်းစစ်ချက် ... ၆၆

ကာမဂုဏ်တို့ကို ဘာကြောင့်လိုချင်တပ်မက်ကြသလဲ ... ၆၉

ကာမဂုဏ်ရဲ့ သာယာဖွယ် ... ၇၂

ကာမဂုဏ်ရဲ့ အပြစ်တွေ ... ၇၃

ကာမမီးပွားမှ ရာဂမီးတောက်သို့ ... ၇၆

ကာမဂုဏ်ပျော်ပွဲမှ လောကငရဲသို့ ... ၈၁

သာယာဖွယ်နည်းပါး အပြစ်ကများ ... ၈၃

အပါယ်ငရဲသို့ ကာမပို့လိမ့်မယ် ... ၈၇

ကာမသွေးဆောင် အမှောင်မဖုံးစေနဲ့ ... ၉၀

ကာမဂုဏ်က ထွက်မြောက်မှ ချမ်းသာရ ... ၉၅

ကာမဂုဏ်ကျော်လွှား မင်းဖြစ်မယ့်ယောကျ်ား ... ၉၇

ကာမဂုဏ်ကိုရှောင်တိမ်း ဆင်းရဲငြိမ်း ... ၁၀၃


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


ကြီးပွားချမ်းသာရေး ပိတ်ပင်သလေး ... ၁၀၄

နူနာရောဂါနဲ့ တဏှာရမ္မက် ... ၁၀၇

ကျန်းမာခြင်းနဲ့ နိဗ္ဗာန်ဆိုတာ ... ၁၀၉

ငါးစာကိုသာမြင် ငါးမျှားချိတ်မမြင် ... ၁၁၃

စစ်မှန်တဲ့ ဘဝချမ်းသာ ... ၁၁၈

အဝိဇ္ဇာပယ်ခွင်း ဆင်းရဲကင်း ... ၁၂၀

သမုဒယသစ္စာ ထိုတဏှာ ... ၁၂၂

ရောင့်ရဲတင်းတိမ် မြတ်စည်းစိမ် ... ၁၂၆

ဒေါသကွင်းရှောင် မေတ္တာဆောင် ... ၁၂၇

သည်းခံခြင်းဟာ မြတ်မင်္ဂလာ ... ၁၂၈

မနာလိုကင်း ဝန်တိုရှင်း လက်ငင်းချမ်းသာနည်း ... ၁၃၂

နောင်တတစ်ဖန် မပူပန်နဲ့ ... ၁၃၃

ပေးကမ်းစွန့်ကြဲပါ ... ၁၃၅

သီလစောင့်ထိန်းပါ ... ၁၃၇

သမထဘာဝနာ စီးဖြန်းပါ ... ၁၃၉

ဝိပဿနာဘာဝနာ ပွားများပါ ... ၁၄၃


www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# နိဒါန်း

အပြစ်ကင်းတဲ့ချမ်းသာမျိုးသာ မှန်ကန်တဲ့ ဘဝချမ်းသာဖြစ်တယ်။ အပြစ်ကင်းတဲ့ကုသိုလ်တရားနဲ့ အပြစ်ရှိတဲ့အကုသိုလ်တရားတို့ကို ခွဲခြားသိရှိမှသာ အပြစ်ကင်းပြီးအကျိုးရှိအောင် နေထိုင်တတ်မယ်။ ဒီလိုနေထိုင်တတ်မှ အပြစ်ကင်းတဲ့ဘဝချမ်းသာကို ခံစားနိုင်မယ်။

လူအများသိထားကြတဲ့ ချမ်းသာပျော်ရွှင်မှုဆိုတာ ကာမဂုဏ်ခံစားမှုတွေဖြစ်ပါတယ်။ ကာမဂုဏ်ချမ်းသာတစ်မျိုးကိုသာ သိနားလည်ထားပြီး ကာမဂုဏ်ရဲ့အပြစ်တွေကို မမြင်သိတော့ ကာမဂုဏ်နောက်ကိုပဲ တကောက်ကောက်လိုက်နေကြတယ်။

ကာမဂုဏ်နောက်လိုက်နေကြတဲ့လူတွေဟာ သက်တံခြေရင်းမှာ ရွှေရှာလို့ ရွှေမတွေ့ရသလို အားကိုးဆုပ်ကိုင်နိုင်လောက်တဲ့ ဘဝအနှစ်သာရကို ရှာမတွေ့ဘဲ ကာမဂုဏ်နဲ့စပ်တဲ့ ကိလေသာအပူမီးတွေလောင်ကျွမ်းခံရပြီး နွမ်းလျညိုးချုံး ပင်ပန်းဆင်းရဲခြင်းနဲ့သာ နိဂုံးချုပ်ကြရပေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ဒီလိုဖြစ်ရသလဲ။ ကာမဂုဏ်ခံစားတယ်ဆိုတာ မောဟနဲ့ လောဘတို့ အရင်းခံထားတဲ့ အကုသိုလ်စိတ်များနဲ့ခံစားခြင်း ဖြစ်တယ်။ ဒီစိတ်တွေမှာ ယှဉ်ကြတဲ့ နှစ်သက်ခြင်း–ပီတိနဲ့ စိတ်ချမ်းသာခြင်း–သောမနဿဝေဒနာတို့ကြောင့် ကာမဂုဏ်တို့ဟာ သာယာဖွယ်ဖြစ်တယ်လို့ လူအများထင်မှားမိခြင်း ဖြစ်တယ်။

အမှန်က လောဘ, မောဟနဲ့ အပေါင်းပါကိလေသာတို့ဟာ စိတ်ကို ညစ်နွမ်းပူလောင်စေကြတဲ့တရားများ ဖြစ်ကြတယ်။ အပါယ်လေးဘုံသို့ ပို့ဆောင်တတ်တဲ့တရားများ ဖြစ်ကြတယ်။

တဏှာရာဂအမည်ရတဲ့ လောဘဟာ လောကမှာ အပူလောင်ဆုံးမီးဖြစ်တဲ့အပြင် ဆင်းရဲခြင်းအလုံးစုံတို့ရဲ့ပဓာနအကြောင်းရင်းလည်းဖြစ်ပေတယ်။ တဏှာလောဘက ဘယ်တော့မှအလိုပြည့်ဝတယ်မရှိဘူး။ သူ့သဘာဝကိုက အမြဲဆာလောင်မွတ်သိပ်နေတဲ့အတွက် တဏှာကြိုက်စာဖြစ်တဲ့ ကာမတရားအသစ်အသစ်တို့ကို အမြဲတောင်းဆိုနေတယ်။ ဒါကြောင့်လည်း "ရလေလိုလေ အိုတဏှ္ဆေ"၊ "လူ့အလိုနတ်မလိုက်နိုင်" ဆိုတဲ့စကားတွေ ပေါ်ပေါက်လာကြတယ်။

မီးလုံးကြီးထဲကို လောင်စာတွေ ထပ်ထည့်ပေးရင် မီးတောက်မီးလျှံ ပိုမိုကြီးထွားလာမှာပဲ။ တဏှာမီးတောက်ကြီးထဲကို ကာမလောင်စာတွေ ထပ်ထပ်ကျွေးပေးရင် တဏှာရာဂမီးလျှံတွေ ပိုမိုပြင်းထန်ကြီးထွားလာလို့ ပိုပြီးပူလောင်ဆင်းရဲစေမှာပဲ။

ဒါကြောင့် ကာမဂုဏ်လိုက်စားရေးဟာ ဘဝချမ်းသာရေးမဟုတ်ဘဲ ကိလေသာစီးပွားရေးနဲ့ ဘဝဆင်းရဲရေးသာ ကေန်စင်စစ် ဖြစ်ပေတယ်။

ကာမဂုဏ်တို့မှာ နှစ်သက်တွယ်တာကပ်ငြိနေတဲ့ တဏှာလောဘ

www.burmeseclassic.com

www.burmeseclassic.com


ကို ပယ်သတ်နိုင်မှသာလျှင် ကာမဂုဏ်တို့မှ လွတ်မြောက်နိုင်ပြီး ကာမဂုဏ်ချမ်းသာထက် သာလွန်တဲ့ ဘဝချမ်းသာကို ရရှိမှာဖြစ်ပါတယ်။

ကာမဂုဏ်ချမ်းသာထက်သာလွန်တဲ့ ချမ်းသာတွေက ဘယ်လိုချမ်းသာတွေလဲ။ ကာမဂုဏ်ချမ်းသာဆိုတာ အကုသိုလ်လောဘမူစိတ်တို့မှာ ယှဉ်ဖြစ်ကြတဲ့ ပီတိ–သောမနဿတို့ဖြစ်တယ်လို့ ဆိုခဲ့ပြီ။ ဒီပီတိ–သောမနဿတို့ဟာ ကုသိုလ်စိတ်တွေမှာလည်း ယှဉ်ဖြစ်ကြပါတယ်။ ကုသိုလ်စိတ်တို့မှာ ပီတိ–သောမနဿတို့အပြင် ငြိမ်းအေးခြင်း–ပဿဒ္ဓိ၊ ပေါ့ပါးသွက်လက်ခြင်း–လဟုတာ၊ နူးညံ့သိမ်မွေ့ခြင်း–မုဒုတာ၊ ကောင်းမွန်ခံ့ညားခြင်း–ကမ္မညတာစတဲ့ စေတသိက်ကောင်းတွေ အများကြီးကပါ ယှဉ်ကြပါသေးတယ်။

ဒါကြောင့်မို့ ကုသိုလ်စိတ်တို့နဲ့ယှဉ်တဲ့ ချမ်းသာဟာ အကုသိုလ်စိတ်တို့နဲ့ယှဉ်တဲ့ချမ်းသာထက် ပိုပြီးကြီးကျယ်ပါတယ်။ သမထဘာဝနာ ပွားများလို့ နီဝရဏ–အပိတ်အပင်တရားများလို့အမည်ရကြတဲ့ ကိလေသာအညစ်အကြေးတွေ အနည်ထိုင်သွားကြတဲ့အခါ ဥပစာရသမာဓိသို့ ရောက်ပါတယ်။ အဲဒီအခါမှာ ပီတိ–ပဿဒ္ဓိ–သုခ–ကမ္မညတာ–လဟုတာ–မုဒုတာ စသည်တို့က အလွန်အားကောင်းလာကြတဲ့အတွက် ကာမဂုဏ်ခံစားသူတို့ တစ်ကြိမ်တစ်ခါမျှ မခံစားဖူးကြတဲ့ နှစ်သက်ဝမ်းမြောက်ချမ်းသာခြင်းကို ခံစားရပါတယ်။

သမာဓိကို ဆက်လက်မြှင့်တင်နိုင်လို့ ပထမဈာန်သို့ရောက်လာရင် ကာမဂုဏ်ချမ်းသာထက် များစွာသာလွန်တဲ့ ဈာန်ချမ်းသာကို အလိုရှိတိုင်းခံစားနိုင်ပြီ။ ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်များသို့ အဆင့်ဆင့်တက်သွားရင် အဆင့်ဆင့် သာလွန်ငြိမ်းအေး သိမ်မွေ့တဲ့ ဈာန်ချမ်းသာတို့ကို ခံစားရပေမယ်။

www.burmeseclassic.com

www.burmeseclassic.com


ဗိမ္ဗိသာရမင်း၊ ကောသလမင်း၊ အဇာတသတ်မင်း စသည်တို့က မအိပ်မနားဘဲနဲ့ ကာမဂုဏ်ချမ်းသာကို ခုနစ်ရက်ဆက်တိုက် မခံစားနိုင်ကြပါဘူး။ ဒါဟာ ကာမဂုဏ်ချမ်းသာမှာ ပင်ပန်းနွမ်းနယ်မှု ယှဉ်တွဲပါဝင်နေတာကို ပြတာပဲ။ စတုတ္ထဈာန်ကို နိုင်နင်းတဲ့သူဟာ မအိပ်မနား, မစားမသောက်ဘဲနဲ့ ခုနစ်ရက်ပတ်လုံး ဈာန်ချမ်းသာနဲ့ နေနိုင်တယ်။ ဘာပင်ပန်းနွမ်းနယ်မှုမှလည်း မရှိဘူး။ ကြည်လင်လန်းဆန်းလျက်သာ ချမ်းသာနေလိမ့်မယ်။

ပြီးတော့တစ်ခါ ကုသိုလ်စိတ်တို့နဲ့ယှဉ်တဲ့ချမ်းသာဟာ အပြစ်ကင်းလို့မို့ ကောင်းမြတ်တဲ့ သုဂတိအကျိုးတရားတို့ကိုလည်း ဖြစ်ပွားစေနိုင်တယ်။ ဒါကြောင့် ဒီတစ်ဘဝသာ ချမ်းသာတာမဟုတ်ဘဲ ဘဝအဆက်ဆက်ချမ်းသာသွားဖို့အတွက်လည်း မျှော်လင့်ယုံကြည်ပြီး စိတ်အေးချမ်းနေနိုင်တယ်။ ကာမဂုဏ်ချမ်းသာက အပါယ်ဘေးတို့နဲ့ ဆက်စပ်နေလို့ စိတ်ပူပန်စရာဖြစ်ပါတယ်။

ဒါန, သီလ, ဘာဝနာကို အဆင့်ဆင့်ဖြည့်ကျင့်သွားလို့ နောက်ဆုံး မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကိုမျက်မှောက်ပြုလိုက်နိုင်ရင် အပါယ်တံခါးကို ထာဝရပိတ်ထားနိုင်ခြင်းဆိုတဲ့ ဘဝဆုလာဘ်ကြီးကို ရရှိပြီးတော့ စကြဝတေးမင်း၊ သိကြားမင်းတို့ရဲ့စည်းစိမ်ထက် အဆကုဋေကုဋာ သာလွန်တဲ့ ဘဝချမ်းသာနဲ့ နိဗ္ဗာန်ချမ်းသာတို့ကို ခံယူစံစားနိုင်ပါတော့တယ်။

အပြစ်ကင်းတဲ့ဘဝချမ်းသာကို ကိုယ်စီကိုယ်င ရယူခံစားနိုင်ကြပါစေ။

www.burmeseclassic.com

www.burmeseclassic.com

# ဘဝချမ်းသာရေး

## ဘယ်လိုဘဝဟာ ချမ်းသာသလဲ

*ငွေကြေးပေါများတဲ့ဘဝဟာ ချမ်းသာသလား။*
*အနာရောဂါကင်းတဲ့ဘဝဟာ ချမ်းသာသလား။*
*ပူပင်သောကကင်းဝေးတဲ့ဘဝဟာ ချမ်းသာသလား။*

ကမ္ဘာ့အဆိုကျော် **'အဲလ်ဗစ်ပရက်စလီ'** ဟာ ငွေကြေးချမ်းသာလွန်းလို့ သူစီးတဲ့ 'ကက်ဒီလက်' ဇိမ်ခံကားကြီးကို ရွှေပြားတွေနဲ့ ကွပ်ထားတယ်။ အလုပ်တွေ တိုးချဲ့တယ်။ လုပ်ငန်းများတော့ ဗျာများတယ်။ ဗျာများတော့ အိပ်မပျော်ဘူး၊ အိပ်ဆေးစားရတယ်၊ အိပ်ဆေးအစားလွန်တော့ ငယ်ငယ်ရွယ်ရွယ်နဲ့ ကွယ်လွန်သွားရှာတယ်။ ဒီလိုဘဝမျိုးဟာ ချမ်းသာသလား။

ကမ္ဘာကျော် ရုပ်ရှင်မင်းသား **'ရော့ခ်ဟာဒ်ဆင်'** က လူချောကြီး၊ ငွေကြေးအလွန်ချမ်းသာတယ်။ ဒါပေမဲ့ ကိုယ်ခံအားကျရောဂါ (AIDS)

www.burmeseclassic.com

www.burmeseclassic.com



စွဲကပ်လို့ ညှိုးနွမ်းပိန်ချုံးပြီး သေဆုံးသွားရပါတယ်။ သူ့ရဲ့ဘဝကို ကော ချမ်းသာတဲ့ဘဝလို့ခေါ်မလား။

ငွေကြေးချမ်းသာပေမယ့် ကိုယ်စိတ်နှစ်ပါးမချမ်းသာရင် ချမ်းသာတဲ့ဘဝလို့ မဆိုနိုင်ပါဘူး။ ဘဝချမ်းသာမှုကို ငွေကြေးနဲ့ဝယ်လို့ မရဘူး။

**Wealth is a means to happiness, but not an end in itself.**

ပစ္စည်းဥစ္စာဆိုတာ စိတ်ချမ်းသာပျော်ရွှင်မှုကို အထောက်အကူ ပြုပေမယ့် အဆုံးစွန်သောဘဝပန်းတိုင်မဟုတ်ပါဘူး။

**အာရောဂျ ပရမာ လာဘာ။**

ကျန်းမာခြင်းဟာ အမြတ်ဆုံးလာဘ်တစ်ပါး။

ငွေကြေးချမ်းသာခြင်းဟာ အမြတ်ဆုံးလာဘ်တစ်ပါးလို့ မဆိုဘူး။

ဒါကြောင့် 'ဘဝချမ်းသာ'ဆိုတာ ကိုယ်စိတ်နှစ်ပါးချမ်းသာတာကို ခေါ်တယ်။

တစ်ဖန် ကိုယ်ချမ်းသာတာနဲ့စိတ်ချမ်းသာတာ တူသလား။ မတူရင် ဘယ်ချမ်းသာက ပိုကောင်းသလဲ။

ကိုယ်ချမ်းသာတာကို 'သုခဝေဒနာ'၊ စိတ်ချမ်းသာတာကို 'သောမနဿဝေဒနာ'လို့ အဘိဓမ္မာမှာ ခွဲခြားထားပါတယ်။ ဒါကြောင့် ကိုယ်ချမ်းသာတာနဲ့ စိတ်ချမ်းသာတာ မတူဘူး။

ဒီလိုဆိုရင် ကိုယ်ချမ်းသာပြီး စိတ်မချမ်းသာတာရှိသလား။

ရှိတယ်။ ဥပမာပြောရရင် 'သူဌေးဦးဘောဂ'ဟာ သိန်းငါးဆယ်တန် ဆလွန်းကားရဲ့ ဆိုဖာအိအိပေါ်မှာ ထိုင်နေတယ်။ အအေးစက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ထားပြီး ကက်ဆက်သီချင်းသံကလည်း ငြိမ့်ငြိမ့်လွင်လွင် လွှင့်မြူးကြွနေတယ်။ ဒီလိုဆိုရင် ဦးဘောဂရဲ့ကိုယ်ခန္ဓာဟာ ချမ်းသာနေပြီပေါ့။ ဒါပေမဲ့ သူ့ရဲ့ဇနီးနဲ့ သူ ရန်ဖြစ်ပြီး သူအိမ်က ထွက်လာတာဆိုရင် သူ စိတ်ချမ်းသာပါ့မလား။

ဒါမှမဟုတ် မနေ့က သူ့သမီးချောဟာ ကျူရှင်သွားပြီး အိမ်ပြန်မရောက်လာဘူးဆိုရင် ဦးဘောဂရဲ့ရင်ထဲမှာ ပူပင်သောကတို့ လှိုင်းထ မနေဘူးလား။

ကိုယ်ဆင်းရဲလျက် စိတ်ချမ်းသာနေတာကော ရှိနိုင်သလား။

ဆိုက်ကားသမား 'ကိုဘခက်'ကို ကြည့်၊ နေမြင့်မှ လူဝဝကြီးနှစ်ဦးက သူ့ဆိုက်ကားပေါ် တက်လာတယ်။ နေပူကျဲကျဲနဲ့ လမ်းကြမ်းကြမ်းမှာ ကိုဘခက် ပင်ပင်ပန်းပန်းဆိုက်ကားနင်းနေရလို့ သူ့ကိုယ်ခန္ဓာက ဆင်းရဲနေမှာပဲ။ ဒါပေမဲ့ ဆိုက်ကားခမြက်မြက်ကလေး ရတော့မှာမို့ သူ့ဇနီးနဲ့ကလေးများအတွက် တစ်နေ့စာ ဆန်ဝယ်ပေးနိုင်တော့မယ်။ ဒါကိုတွေးပြီး ကိုဘခက်ရဲ့စိတ်က ချမ်းသာနေတယ် မဟုတ်လား။

**'ကျားစားခံရတဲ့ ရဟန်း'** က နာကျင်တဲ့ ဝေဒနာကို ခွာပြီး ဝိပဿနာရှုပွားတာ ရဟန္တာဖြစ်သွားတယ်ဆိုတော့ ကိုယ်ဆင်းရဲပေမယ့် စိတ်ချမ်းသာနေနိုင်တာ သေချာပြီပေါ့။

ဦးဘောဂလို ကိုယ်ချမ်းသာပြီး စိတ်ဆင်းရဲနေရတာနဲ့ ကိုဘခက်လို ကိုယ်ဆင်းရဲပြီးစိတ်ချမ်းသာနေတာ ဘယ်ဟာက ပိုကောင်းသလဲ။

ကိုယ်ချမ်းသာတာထက် စိတ်ချမ်းသာတာကို ပိုပြီးအလိုရှိကြလိမ့်မယ်။ ပြီးတော့ စိတ်ဟာ ခန္ဓာကိုယ်ပေါ်မှာ ဩဇာသက်ရောက်မှု ရှိတယ်။ 'ငါ ကျန်းမာတယ်'လို့ တကယ်ယုံကြည်နေတဲ့လူဟာ ကျန်း

www.burmeseclassic.com

www.burmeseclassic.com


ကျန်းမာမာ ရှိနေဖို့ များတယ်။ 'ကိုယ်ဘယ်လိုပန်းပန်း စိတ်မနွမ်းဘဲ' စိတ်ရွှင်လန်းနေတဲ့လူဟာ လူချမ်းသာဖြစ်နေလိမ့်မယ်။

ဒါကြောင့် ဘဝချမ်းသာရေးဆိုတာ စိတ်ချမ်းသာရေးကို အဓိက ရည်ညွှန်းပါတယ်။

## ဘဝချမ်းသာအောင် ဘယ်လိုလုပ်မလဲ

*'ပုပ္ပုရွှ ဟူသမျှကား ချမ်းသာကိုချည်း လုံ့လသည်း၏'* လို့ လယ်တီဆရာတော် စပ်ဆိုထားတာနဲ့အညီ လူတိုင်းက ချမ်းသာချင် တယ်။ ချမ်းသာချင်လို့ ချမ်းသာအောင်ကြိုးစားနေတယ်။

ဘဝချမ်းသာဖို့ ဘာလိုအပ်သလဲ။ လူများစွာက 'စား–ဝတ်–နေ မှုဖူလုံရေး' ကို ရှေ့တန်းတင်ကြပါတယ်။ မှန်ပါတယ်။ စားဝတ်နေမှု က တင့်တင့်တယ်တယ်အသက်ရှင်နေဖို့နဲ့ ဘဝချမ်းသာဖို့အတွက် အခြေခံလိုအပ်ချက် (Basic essential) ဖြစ်ပါတယ်။

ဒီဘဝအခြေခံလိုအပ်ချက်ပြည့်စုံဖို့ သင့်တင့်လျောက်ပတ်တဲ့ သမ္မာအာဇီဝအလုပ်တစ်ခုခုကို လုပ်ရလိမ့်မယ်။ သမ္မာအာဇီဝအလုပ် ဆိုတာ အပြစ်ကင်းတဲ့အသက်မွေးဝမ်းကျောင်းမှုကိုဆိုပါတယ်။ အပြစ် ကင်းတဲ့အသက်မွေးမှုကိုပြုလုပ်ပါမှ ယခုလည်းစိတ်ချမ်းသာပြီး နောက် လည်း စိတ်ချမ်းသာနိုင်မှာဖြစ်ပါတယ်။

## အလုပ်ဟူသမျှဂုဏ်ရှိစွ

အပြစ်ကင်းတဲ့အလုပ်သာ ဖြစ်ပါစေ၊ တောင်ယာခုတ်၊ လယ်လုပ်၊ မုန့်ပျားသလက် လည်ရောင်းတဲ့အလုပ်၊ ဘယ်အလုပ်မဆို ဂုဏ်ရှိတာ ပဲ။ သူတစ်ပါးရဲ့လုပ်စာကို ရေသာခိုမလိုက်ဘဲ မိမိရဲ့ခွန်အားနဲ့ဥာဏ်

www.burmeseclassic.com

www.burmeseclassic.com



အားကို အသုံးချနေတဲ့သူဟာ လူညိုထွားလယ်သမားကြီးများလို ဂုဏ်ယူဝင့်ကြွားနိုင်ပါတယ်။

*'အလုပ်ဆိုတာ ဂုဏ်'၊ 'အလုပ်ဟူသမျှ ဂုဏ်ရှိ၏'* အလုပ်ရှိမှ အချိန်ကို အကျိုးရှိစွာကုန်လွန်စေနိုင်တယ်။

**Work is a tonic for life.**

အလုပ်ဆိုတာ ဘဝအားဆေးတစ်ပါးပဲ။ အလုပ်ရှိမှ ဘဝဟာ လန်းဆန်းနေတယ်။ အလုပ်မရှိရင် ပျင်းရိခြောက်ကပ်ပြီး အချိန်ကို ဘယ်လိုကုန်လွန်စေရမှန်းမသိအောင် ဖြစ်တတ်ပါတယ်။

**An idle mind is the devil's workshop.**

အလုပ်မရှိပျင်းရိနေတဲ့စိတ်ဟာ မာရ်နတ်ရဲ့အလုပ်ရုံပဲတဲ့။

**ပါပသ္မိံ ရမတိမနော။**

ပုထုဇဉ်တို့ရဲ့ စိတ်ဟာ မကောင်းမှုမှာ မွေ့လျော်တတ်တယ်။ ဒါကြောင့် စိတ်ကို အအားထားလိုက်တာနဲ့ မကောင်းတဲ့ အတွေးအကြံတွေ ပေါ်ပေါက်လာတယ်။ မကောင်းတဲ့အတွေးအကြံကြောင့် မကောင်းမှုတွေ ပြုလုပ်မိတော့တယ်။

ဒါကြောင့် အလုပ်လုပ်သူဟာ ဂုဏ်ယူစရာ။ အလုပ်မရှိသူဟာ သနားစရာ။ အလုပ်နားနေတဲ့အချိန်မှာတောင် စိတ်ကိုအနားမပေးပါနဲ့။ ဘုရားဂုဏ်တော်ကို အောက်မေ့ခြင်း၊ မေတ္တာပွားခြင်း စတဲ့ ဘာဝနာအလုပ်တစ်ခုခုကို ပြုလုပ်ပါ။ ဒီလိုပြုလုပ်တဲ့အလေ့အကျင့် ရှိတဲ့သူဟာ အမြဲလန်းဆန်းပြီး စိတ်ချမ်းသာနေနိုင်တယ်။

ကမ္ဘာ့ပညာရှင်တစ်ဦးဖြစ်တဲ့ **'ဘားနဒ်ရှော'**က သူဟာမကောင်းတဲ့ အကြံအစည်တွေကိုတွေးဖို့ ပျင်းရိဖို့ အချိန်မရှိဘူးတဲ့။ သူဟာ အလုပ်တစ်မျိုးပြီးတစ်မျိုး မနားတမ်းလုပ်ကိုင်တတ်သူတစ်ဦး ဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com


တယ်။ သူ့ရဲ့မှတ်သားဖွယ်ရာသြဝါဒက 'စိတ်မချမ်းမြေ့ခြင်းရဲ့ အကြောင်းရင်းဟာ သင့်ကိုယ်သင် ပျော်မပျော်ဆန်းစစ်နေဖို့ အချိန်ပိုရနေလို့ဖြစ်တယ်၊ အချိန်ပိုမထားပါနဲ့'တဲ့။

ခေတ်သစ်စိတ်ပညာအယူအဆအရ အိပ်ရာထက်မှာ စန့်စန့်အိပ်နားနေမှ အနားယူတယ်လို့မဆိုလိုဘူးတဲ့။ အာရုံပြောင်းလိုက်တာကိုလည်း အနားယူတယ်လို့ ခေါ်ဆိုပါတယ်။

ဒါကြောင့် အိမ်ထဲမှာ လုပ်ကိုင်ရတာ ငြီးငွေ့လာရင် အိမ်ပြင်ထွက်ပြီး ခြံစိုက်၊ ပန်းစိုက်စတဲ့အလုပ်ကိုလုပ်ပါ။ အိမ်ပြင်မှာလုပ်ရတာ မောရင် အိမ်ထဲဝင်ပြီးစာဖတ်ပါ။ အားလပ်ချိန်မှာ ဖတ်ရှုဖို့ စာကောင်း ပေကောင်းများကိုလည်း စုဆောင်းထားပါ။

နံနက်စောစောအချိန်မှာ တစ်နေ့တာအသက်ရှင်ရကျိုးနပ်အောင် ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်အလုပ်ကိုလုပ်ပါ။ နေ့ခင်းမှာ အသက်မွေးဝမ်းကျောင်းအလုပ်ကို လုပ်၊ ညနေခင်းမှာ လမ်းလျှောက်၊ ကျန်းမာရေး လေ့ကျင့်ခန်းလုပ်၊ မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင်နေ၊ ညဦးအိပ်ရာမဝင်ခင်မှာ ဘုရားရှိခိုး၊ ဘာဝနာပွား၊ အိပ်ရာဝင်တဲ့အခါမှာလည်း ဘာဝနာစိတ်နဲ့ပဲ အိပ်ပျော်သွားအောင် လေ့ကျင့်ပါ။

**Habit is the second nature.**

အလေ့အထဟာ ဒုတိယသဘာဝပဲ၊ အလေ့အထလုပ်ဖန်များရင် မိမိရဲ့ပင်ကိုသဘာဝလို ဖြစ်သွားပါတော့တယ်။

## မြန်မာတို့ကံကောင်းကြတယ်

'စား-ဝတ်-နေမှု' ဖူလုံအောင် ကြံဖန်လုပ်ဆောင်တဲ့နေရာမှာ မြန်မာတို့ အင်မတန်ကံကောင်းကြတယ်လို့ ဆိုရလိမ့်မယ်။ မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံဟာ မိုးခေါင်ပြီး ငတ်မွတ်ခေါင်းပါးနေကြတဲ့ အာဖရိကနိုင်ငံများလို စိုက်ပျိုးလို့မရတဲ့နိုင်ငံ မဟုတ်ဘူး။ ဘင်္ဂလားဒက်(ရှ်)၊ အိန္ဒိယ၊ တရုတ်နိုင်ငံတို့လို လူဦးရေထူထပ်နေတဲ့နိုင်ငံလည်း မဟုတ်ဘူး။

မြန်မာနိုင်ငံအကျယ်အဝန်းက စတုရန်းမိုင် ၂၆၁,၇၈၉ ရှိတယ်ဆိုတော့ အင်္ဂလန်ထက် စတုရန်းမိုင် ၃၀,၀၀၀ ကျော် ပိုကျယ်တယ်၊ ဂျပန်နိုင်ငံရဲ့ နှစ်ဆနီးပါးကျယ်တယ်။ လူဦးရေကျတော့ မြန်မာက ၄၈ သန်း၊ အင်္ဂလန်က ၅၆ သန်း၊ ဂျပန်က သန်း ၁၂၀ ရှိတယ်။

ပြီးတော့တစ်ခါ သယံဇာတပစ္စည်းများမှာ မြန်မာနိုင်ငံက လယ်ယာမြေတွေကလည်း အကျယ်ကြီး၊ သစ်တောတွေကလည်း အများကြီး၊ ရေနံ, ကျောက်မီးသွေး, ရွှေ, ငွေ, ကျောက်သံပတ္တမြား, ဓာတ်သတ္တု, ရာဘာ, ကျွန်းသစ်, ရေထွက်ပစ္စည်း စသည်တို့ကလည်း အခြားနိုင်ငံသားတွေ သွားရည်ယိုစရာဖြစ်နေတယ်။

ဒါကြောင့် မြန်မာနိုင်ငံသို့ စွန့်စားလာရောက်ကြတဲ့ တရုတ်ကုလား စတဲ့ နိုင်ငံခြားသားများက အလျှင်အမြန်ပဲ ချမ်းသာကြွယ်ဝသွားကြတယ်။ တိုင်းရင်းသားမြန်မာများက နွမ်းနွမ်းပါးပါးဖြစ်နေကြတယ်ဆိုရင် ဘယ်သူ့ညံ့ဖျင်းလို့လဲ။

အလုပ်မလုပ်ဘဲနဲ့ မကြီးပွားနိုင်ဘူး။ တစ်ဝမ်းစားဖို့လောက်က ကြက်ငှက်, တောဝက်, သမင် ဒရယ်, စိုင်ဆတ် စတဲ့ တိရစ္ဆာန်များကတောင် သူတို့ဘာသာ ရှာဖွေစားသောက်နိုင်ကြသေးတယ်။ အသိဉာဏ် ရှိပြီး ကမ္ဘာမြေပြင်မှာ မင်းမူနေကြတဲ့လူသားများအဖို့ ဘယ်ဆိုဖွယ်ရာရှိပါတော့မလဲ။

အမှန်က မြန်မာတို့ဟာ လူစွမ်းလူစရှိတဲ့သူတွေပါ။ ဒုတိယကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com



စစ်က ထုတ်လုပ်ခဲ့တဲ့ခေါင်းတိုကားတွေကို ဘတ်စ်ကားလုပ်ပြီး ယနေ့အထိ ဟီးနိုးလေလင်ကားကြီးတွေနဲ့ အပြိုင်ပြေးဆွဲနေတာဟာ ကမ္ဘာ့အံ့စရာတစ်ပါးတောင် ဖြစ်နေတယ်မဟုတ်လား။

အမေရိကန်၊ ဂျပန်၊ ဩစတြေးလျ စတဲ့ နိုင်ငံတွေဆီ ရောက်နေကြတဲ့ မြန်မာတွေဟာ တစ်ဦးလျှင် အလုပ်နှစ်ခုသုံးခုလုပ်ပြီး ကြီးပွားချမ်းသာနေကြတာကို ကျွန်တော်ကိုယ်တိုင် မြင်သိခဲ့ရပါတယ်။

ဗုဒ္ဓမြတ်စွာရဲ့မူဝါဒက 'ကံ, ဉာဏ်, ဝီရိယ' အသုံးချရေးဝါဒ ဖြစ်ပါတယ်။ ကံဆိုတာ အလုပ်၊ အလုပ်ကောင်းကို ဉာဏ်ယှဉ်ပြီး ဝီရိယထက်ထက်မြက်မြက်နဲ့ ကြိုးစားလုပ်ကိုင်ရင် ဧကန်မလွဲ ကြီးပွားတိုးတက်မှာပဲ။

*မြင့်မြင့်ကြံ မှန်မှန်လုပ်၊ ရိုးရိုးသားသား ကြိုးစားလုပ်။*

Aim high and live low. Honesty is the best policy.

## ယနေ့လုပ်နိုင်တာ မဆိုင်းပါနှင့်

***Don't wait till tomorrow what you can do today.***

*သင် ကနေ့လုပ်နိုင်တာကို နက်ဖြန်ထိ ဆိုင်းမထားပါနှင့်။*

***A Stitch in time saves nine.***

*အချိန်မီချုပ် အလုပ်သက်သာ။*

ပုဆိုးစုတ်ခါစ ချုပ်ရင် တစ်ချက်နှစ်ချက်နဲ့ပြီးတယ်။ နည်းနည်းဆိုင်းလိုက်တော့ ပုဆိုးစုတ်ကိုလည်း ဝတ်ရတယ်၊ များများစုတ်ပြဲသွားတဲ့အတွက် အချက်သုံးလေးဆယ်ချုပ်ရတော့တယ်။ အချိန်ကုန် လူပန်းပြီး အကျိုးလည်းပိုယုတ်သွားတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



လုပ်စရာရှိတာ ချက်ချင်းလုပ်လိုက်တော့ စိတ်လေးနေဖို့လည်း မလိုတော့ဘူး။ အကျိုးအမြတ်လည်း ဖြစ်ထွန်းတယ်။

အင်္ဂလန်က **'ဂျိုးစတုတ်ကာ'** (Joe Stoker) ဟာ ကြားရထား တစ်စီးမှာ ဘရိတ်ထိန်းသူဖြစ်ပါတယ်။ သူက ပျော်ပျော်နေတတ်ပြီး သူတစ်ပါးကိုလည်း ပျော်အောင်လုပ်ပေးတတ်လို့ သူ့ကို ချစ်ခင်သူ ပေါတယ်။ ဒါပေမဲ့ သူ့ရာထူးရဲ့တာဝန်ဝတ္တရားကို အလေးအနက် စဉ်းစားထားဟန်မတူဘူး။ တစ်ခါတစ်ရံ ပေါ့ပေါ့ဆဆလုပ်ကိုင်မှုနဲ့ သူ သတိအပေးခံရတယ်။

တစ်ညနေမှာ နှင်းမုန်တိုင်း အကြီးအကျယ်ကျလို့ သူတို့ရထား နောက်ကျသွားတယ်။ မုန်တိုင်းကြောင့်အလုပ်ပိုလာတာကို ဂျိုးက ညည်းညည်းညူညူ ရမယ်ရှာပြီး ပုလင်းပြားတစ်လုံးက အရက်ကို တစ်ငုံပြီးတစ်ငုံ သောက်နေတယ်။ မကြာမီ ဂျိုးဟာမြူးကြွလာတယ်။

အလွန်အေးချမ်းတဲ့ရာသီမှာ နှင်းမုန်တိုင်းကြား ရန်းကန်ခုတ် မောင်းနေတဲ့ သူတို့ရထားဟာ အင်ဂျင်ဆလင်ဒါခေါင်းကွဲသွားလို့ ဂျိန့်ခနဲထိုးရပ်သွားတယ်။ အမြန်ရထားတစ်စင်းက သူတို့ရထားရှိ တဲ့နေရာကို မကြာမီရောက်လာဖို့ရှိတယ်။

ဒါကြောင့် သတိဝီရိယရှိတဲ့ ရထားမောင်းသူက နောက်ဆုံးတွဲ သို့ အမြန်သွားပြီး ဂျိုးကို အမြန်မီးနီပြဖို့ အမိန့်ပေးတယ်။

ဂျိုးက ရယ်မောပြီး 'အရင်လိုစရာ မရှိပါဘူးဗျာ၊ ကျုပ်အပေါ် ကုတ်အင်္ကျီ ယူလိုက်ပါရစေဦး' လို့ ပြန်ဖြေတယ်။

ရထားမောင်းသူက ဂျိုးအား စူးစူးစိုက်စိုက်ကြည့်ပြီး...

"ဂျိုး တစ်မိနစ်မှမဆိုင်းနဲ့၊ အမြန်ရထား အခုရောက်လာမယ်" လို့ လေးလေးနက်နက်ပြောလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရထားမောင်းသူက သူ့တာဝန်ရှိရာ ခေါင်းတွဲဆီသို့ အလျင်အမြန် ထွက်ခွာသွားတယ်။ ဂျိုးက အေးအေးဆေးဆေးနဲ့ သူ့အပေါ်ကုတ်အင်္ကျီကို ယူဝတ်တယ်။ ပုလင်းပြားထဲက အရက်ကိုတစ်ကျိုက်သောက်လိုက်ပြန်တယ်။ 'ဒါမှ အအေးဒဏ်ကိုခံနိုင်တယ်'လို့ သူတွေးပြီး မီးနီမီးအိမ်ကို လှမ်းဆွဲယူတယ်။ ပြီးတော့ တအေးအေး လေချွန်ကာ ရထားလမ်းပေါ်က အပျင်းပြေလမ်းလျှောက်သလို လျှောက်သွားတယ်။

အလွန်အဖိုးထိုက်တန်တဲ့အချိန် နှစ်မိနစ် သုံးမိနစ်ဟာ လျင်မြန်စွာကုန်လွန်သွားတယ်။ ဂျိုးရဲ့ခြေလှမ်း ၁၀ လှမ်းမပြည့်မီမှာ တဂျုန်းဂျုန်း တဂိုမ့်ဂိုမ့်ခုတ်မောင်းလာတဲ့ အမြန်ရထားသံကို ကြားရတယ်။ ဂျိုးရဲ့မျက်လုံးမျက်ဆန်တွေ ပြူးသွားတယ်။ 'ဟိုက်...အကျိုးနည်းတော့မယ်'ဆိုတဲ့ အသိတရားနဲ့ ဂျိုးတအားပြေးတယ်။ လမ်းကွေ့ဆီသို့ သူပြေးသွားတယ်။

သိပ်နောက်ကျသွားပါပြီ။ အလွန်ကြောက်မက်စရာကောင်းတဲ့ တစ်မိနစ်အတွင်းမှာ အမြန်ရထားကြီးက ရပ်ထားတဲ့ ကြားရထားကို အရှိန်ပြင်းစွာဝင်တိုက်လိုက်ပါတော့တယ်။ အမြန်ရထားပေါ် စီးနင်းလိုက်ပါလာသူတို့အတွက် ကမ္ဘာကြီးပြိုပျက်သွားတော့တာပဲ။

အမြန်ရထားခေါင်းတွဲက အပေါ်ထောင်တက်သွားပြီး လူစီးတွဲများက ပိညပ်တွန့်လိမ်သွားကြတယ်။ ခရီးသည်ပေါင်းများစွာအသက်ဆုံးရှုံးသွားကြရပါတယ်။ လူအော်သံ၊ ညည်းသံ၊ ငိုသံတွေဟာ အင်ဂျင်ဘွိုင်လာအိုးမှ ရေနွေးငွေ့များရဲ့တိုးထွက်သံများနဲ့ ရောနှောထွေးယှက်သွားကြပါတယ်။

ဂျိုးတစ်ယောက် ပျောက်ခြင်းမလှ ပျောက်ကွယ်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့မှာမှ ဂျုံကျီတစ်ခုထဲမှာ သူ့ကိုတွေ့ရတယ်။ ဂျိုးဟာ သူ့စိတ်ကူးထဲက အမြန်ရထားရှေ့မှာ ဟင်းလင်းဖြစ်နေတဲ့ မီးအိမ်တစ်လုံးကို လွှဲပြရင်း 'အို...ငါသာမီးနီပြနိုင်ခဲ့ရင်၊ အိုး...ငါသာမီးနီပြနိုင်ခဲ့ရင်' လို့ ထပ်ကာထပ်ကာအော်ပြောနေပါတယ်။

ဂျိုးဟာ ရူးကြောင်ကြောင်ဖြစ်သွားလို့ သူ့ကို စိတ္တဇဆေးရုံသို့ ပို့ပေးလိုက်ရတယ်။ သုံးမိနစ်လောက် ဆုတ်ဆိုင်းလိုက်မိတဲ့အပြစ်ဟာ ဘယ်လောက်ကြီးလေးသလဲဆိုရင် သေဆုံးသွားကြရတဲ့သူတို့ရဲ့အသက်များနဲ့ ချိန်စက်ကြည့်ပေတော့။

ဂျိုးရဲ့တစ်သက်တာမှာ ကုဏ္ဍစ္စတရားနဲ့မို့ ချမ်းသာပျော်ရွှင်နိုင်ပါဦးမလား။

## ပစ္စုပ္ပန်ကျကျနေထိုင်ပါ

Live for present. Live for a day.

ပစ္စုပ္ပန်ကျကျနေထိုင်ပါ။ တစ်နေ့အတွက်သာ နေထိုင်ပါ။

ရောမစာဆို **'ဟောရေ့စ်'**က ဘီစီ ၃၀ ခုနှစ်လောက်မှာ ဒီလိုပြောဆိုခဲ့ဖူးတယ်။

"ယနေ့ကိုသာ ငါပိုင်တယ်၊ နက်ဖြန် ဘာဖြစ်ဖြစ် ငါနဲ့မဆိုင်ဘူး၊ ယနေ့မှာ ငါကောင်းကောင်းနေထိုင်လိုက်ရင် ငါဟာ အပျော်ဆုံးလူတစ်ယောက်ဖြစ်မှာပဲ"

ပျော်ရွှင်တဲ့နေ့တွေကို တစ်နေ့ပြီးတစ်နေ့ ပေါင်းစပ်လိုက်ရင် ပျော်ရွှင်ချမ်းသာတဲ့ဘဝတစ်ခု ဖြစ်လာတာပေါ့။

ဒီအမြင်ကို အောက်ပါဝိပဿနာသြဝါဒနဲ့ ဖြည့်စွက်လိုက်ရင် ပိုပြည့်စုံသွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



*"အဟောင်းကိုလဲ မပြန်နဲ့၊ အသစ်ကိုလဲ မကြံနဲ့၊ ဖြစ်ဆဲပစ္စုပ္ပန်မှာ သင့်လျော်အောင် စိတ်ကိုထား"*

'သင့်လျော်အောင် စိတ်ကိုထား' ဆိုတာ အကုသိုလ်စိတ်မဖြစ်စေဘဲ ကုသိုလ်စိတ်ဖြစ်အောင် စိတ်ထားတတ်ဖို့ကို ဆိုလိုတယ်။

ကျွန်တော်တို့ တကယ်ပိုင်ဆိုင်တာက လက်ငင်းအချိန်ကလေးသာပါပဲ။ ဒီအချိန်မှာ လိုချင်တပ်မက်တဲ့ လောဘစိတ်၊ မကျေမနပ်ဖြစ်နေတဲ့ ဒေါသစိတ်၊ ထောင်လွှားဝင့်ကြွားတဲ့ မာနစိတ်၊ မနာလိုဝန်တိုတဲ့ ဣဿာ,မစ္ဆရိယစိတ်၊ တွေဝေငေးမောတဲ့ မောဟစိတ်တွေ မဖြစ်အောင် သတိနဲ့တားမြစ်ရမယ်။ ဒီစိတ်တွေဟာ အပြစ်ရှိတဲ့အကုသိုလ်စိတ်တွေ ဖြစ်ကြပါတယ်။

အကုသိုလ်စိတ်တွေမှာ လောဘ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာတရားတွေ ယှဉ်စပ်နေကြတယ်။ ကိလေသာတရားဆိုတာ စိတ်ကိုညစ်နွမ်းပူလောင်စေတဲ့ တရားတွေပဲ။ ဒါကြောင့် အကုသိုလ်စိတ်ဖြစ်ရင် စိတ်ဆင်းရဲရပါတယ်။

အကုသိုလ်စိတ် မဖြစ်အောင် သတိထားပြီး ရှောင်ကြဉ်လိုက်နိုင်ရင် ကုသိုလ်စိတ် ဖြစ်လာတော့တယ်။ ကုသိုလ်စိတ်တွေမှာ အလောဘ၊ အဒေါသ၊ အမောဟတို့ အရင်းခံပါတယ်။

အလောဘက မလိုချင်မတပ်မက်တဲ့သဘော၊ မိမိရဲ့ပစ္စည်းဥစ္စာစသည်ကို စွန့်ကြဲပေးကမ်းနိုင်တဲ့သဘောဖြစ်တယ်။

အဒေါသက အမျက်မထွက်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ မေတ္တာထားခြင်းသဘောဖြစ်တယ်။

အမောဟဆိုတာက ပညာပဲ။ ရုပ်နာမ်တို့ရဲ့အကြောင်း၊ ကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com


အကုသိုလ်နဲ့ ကံတရားတို့ရဲ့အကြောင်း စသည်တို့ကို သိတဲ့ပညာကို ခေါ်တယ်။

ကုသိုလ်စိတ်ဖြစ်ရင် ကိလေသာတွေ မယှဉ်တော့ဘူး။ သဒ္ဓါ ယှဉ်လာတဲ့အတွက် စိတ်ကြည်လင်အေးမြသွားတယ်။ ပီတိ, ပဿဒ္ဓိ ယှဉ်လာကြတဲ့အတွက် နှစ်သက်ဝမ်းမြောက်ခြင်း ငြိမ်းအေးခြင်းတို့ ဖြစ်လာတယ်။ လဟုတာ – မုဒုတာ – ကမ္မညတာ စတဲ့ စေတသိက် ကောင်းတွေ ယှဉ်လာကြတဲ့အတွက် ပေါ့ပါးသွက်လက်ခြင်း၊ နူးညံ့ ပျောင်းအိခြင်း၊ ကောင်းမွန်ခံ့ညားခြင်းတို့ ဖြစ်ပေါ်လာကြတယ်။ ဒါ ကြောင့်...

*စိတ်ကောင်းမထားက ဆင်းရဲရတယ်။*

*စိတ်ကောင်းထားမှ ချမ်းသာရတယ်။*

ဘယ်အခြေအနေနဲ့ပဲ ကြုံရကြုံရ၊ အကုသိုလ်စိတ်မဖြစ်စေဘဲ ကုသိုလ်စိတ်ဖြစ်အောင် အလေ့အကျင့်ပြုလုပ်ပါ။

## သဲတစ်ပွင့်ဝါဒကို ကျင့်သုံးပါ

လုပ်စရာအလုပ်တွေ တစ်ပုံကြီးဖြစ်လာတဲ့အခါ စိတ်ကိုသင့် တင့်အောင် ဘယ်လိုထားရမလဲ။

သဲတစ်ပွင့်ဝါဒအတိုင်း ကျင့်ပါတဲ့။ သဲတစ်ပွင့်ဝါဒဆိုတာက ဘယ်လိုလဲ။

သဲနာရီပြုလုပ်တဲ့အခါမှာ ပုံးကြီးတစ်လုံးမှာ သဲအပြည့်ထည့် ထားတယ်။ ပုံးအောက်ခြေမှာ အပေါက်ကလေးတစ်ပေါက်လောက် ဖောက်ထားတော့ သဲပွင့်တွေဟာ တစ်ပွင့်ချင်း အဆက်မပြတ်ကျဆင်း နေကြတယ်။ ဒါလောက်များတဲ့သဲက တစ်ပွင့်ချင်းသာ ကျဆင်းနေ

www.burmeseclassic.com

www.burmeseclassic.com


မယ်ဆိုရင် ဘယ်တော့ကုန်နိုင်ပါ့မလဲ။ အလွန်ကုန်နိုင်ခဲတယ်လို့ ထင်မိလိမ့်မယ်။ ဒါပေမဲ့ တစ်နာရီကုန်တော့ သဲပွင့်တွေလည်း ကုန်တာပဲ။

ဒါကြောင့် အလုပ်တစ်ပုံကြီးရှိနေရင် အလုပ်ပုံကြီးကို နှလုံးမသွင်းနဲ့။ မိမိလုပ်နိုင်တဲ့ အလုပ်တစ်ခုကိုပဲ နှလုံးသွင်းပါ၊ အလုပ်တစ်ခုပြီးရင် နောက်တစ်ခုဆက်လုပ်ပါ။ အချိန်တန်တော့ အလုပ်တွေ အကုန်ပြီးသွားလိမ့်မယ်။

ဥပမာ…အိမ်ရှင်မတစ်ဦးက အဝတ်တစ်ပုံကြီးကို လျှော်ဖွပ်ရမယ်ဆိုပါစို့။ "အောင်မယ်လေး…ငါလျှော်ရတဲ့အဝတ်တွေက အများကြီးပါလား"လို့ နှလုံးသွင်းနေရင် မလျှော်ဖွပ်ခင်ကတည်းက ဒီအိမ်ရှင်မ စိတ်မောစိတ်လေးနေပေလိမ့်မယ်။

အဝတ်တစ်ထည်ကို ဆွဲယူပြီး "ငါအခုလျှော်ဖွပ်ရမှာက ဒီတစ်ထည်ပဲ"လို့ နှလုံးသွင်းပြီး လျှော်ဖွပ်ပါ။ တစ်ထည်လျှော်ပြီးရင် နောက်တစ်ထည် လျှော်ဖွပ်ပါ။ တစ်ချိန်မှာ တစ်ထည်ပဲ လျှော်ဖွပ်ရတာမို့ ဘာမှဝန်လေးစရာမရှိဘူး။ သက်သောင့်သက်သာ လျှော်ဖွပ်နိုင်တယ်။ ဟော…အဲသလိုစိတ်သက်သောင့်သက်သာနဲ့ပဲ မကြာခင် အဝတ်ပုံကြီး ကုန်သွားပေလိမ့်မယ်။

အလားတူပဲ ဟိုတယ်မှာ ပန်းကန်ဆေးကြောရတဲ့လူက တစ်ချိန်မှာ ပန်းကန်တစ်ချပ်သာပဲ ဆေးကြောရတယ်လို့ နှလုံးသွင်းပြီး အေးအေးလူလူ ဆေးကြောသွားရင် အလုပ်ချိန် ရှစ်နာရီအတွင်းမှာ ပန်းကန် သိန်းသောင်းချီပြီး ဆေးကြောနိုင်တယ်။ တကယ်လို့ ဒီသိန်းသောင်းချီတဲ့ပန်းကန်တွေကို စုပုံထားရင် ဧရာမအပုံကြီးဖြစ်နေမှာမို့ "ဒီပန်းကန်တွေကို ရှစ်နာရီအတွင်း ကုန်အောင်ဆေးကြောပါ"လို့

www.burmeseclassic.com

www.burmeseclassic.com



ခိုင်းစေရင် ပန်းကန်ပုံကြီးကို ကြည့်ပြီး လုပ်ဝံ့သူ အလွန်ရှားပါလိမ့်မယ်။

စွန်းလွန်းဂူကျောင်း ဆရာတော်လောင်းလျာဖြစ်တော်မူတဲ့ **'ဦးကျော်ဒင်'** ဟာ နွားစာအတွက် ပြောင်းရိုးတွေကို ခုတ်စဉ်းရတယ်။ ဒီအလုပ်ကို သတိပဋ္ဌာန်ဘာဝနာသဘော သက်ဝင်အောင် ဓားကို 'မတယ်...ချတယ်၊ မတယ်...ချတယ်' လို့ လက်လှုပ်ရှားမှုကိုသာ သူ အာရုံစိုက်ပြီး ရှုမှတ်နေတယ်။ ပြောင်းရိုးတစ်လှည်းကို ခုတ်စဉ်းတာ ကုန်မှန်းမသိ ကုန်သွားတယ်။

"ဟာ...ဒီနည်းက တကယ်ဟန်ကျပါလား၊ အလုပ်လဲ တွင်တယ်၊ ပင်လဲမပင်ပန်းဘူး၊ တစ်ချိန်တည်းမှာ အလုပ်နှစ်ခုကိုပြီးအောင် လုပ်နိုင်တာ ဒီနည်းပဲရှိတယ်"

ဦးကျော်ဒင်မှတ်ချက်ချတဲ့အတိုင်း ဘယ်အလုပ်ကိုမဆို သတိပဋ္ဌာန်ဘာဝနာနဲ့တွဲပြီး လုပ်လို့ရတယ်။ ခရီးဝေးလျှောက်သွားရတဲ့ လူသို့မဟုတ် တောင်တက်ရတဲ့လူတစ်ယောက်ဟာ သူ့ရဲ့ခြေထောက်ရွေ့လျားမှုကို အာရုံပြုပြီး 'လှမ်းတယ်...လှမ်းတယ်' လို့ ရှုမှတ်သွားရင် မပင်မပန်းဘဲနဲ့ ခရီးဆုံးပန်းတိုင်သို့ ရောက်သွားတာကို တွေ့ရပါတယ်။

## အခက်အခဲကို ကျော်လွှားပါ

ကျိုက်ထီးရိုးဘုရားကို သွားရောက်ဖူးမြော်ကြတဲ့ လူတွေဟာ ခုနစ်မိုင်ကျော်ရှည်လျားပြီး တောင် ၃၃ လုံးကို ကျော်ဖြတ်ရတဲ့ခရီးကို ပင်ပင်ပန်းပန်း ကျော်ဖြတ်ကြရတယ်။ တောင်တက်နေတဲ့အချိန်မှာ အလွန်ပင်ပန်းနွမ်းနယ်မိသလောက် တောင်ထိပ်သို့ရောက်သွားတဲ့ အခါ စိတ်ချမ်းသာကျေနပ်ခြင်း ဖြစ်ရပေတယ်။ ကျိုက်ထီးရိုးခရီးဟာ

www.burmeseclassic.com

www.burmeseclassic.com


အပင်ပန်းဆုံးခရီးတစ်ခုဖြစ်တာနဲ့အညီ တစ်ကြိမ်တက်ပြီးရင် နှစ်ရှည်လများ သတိရနေပြီး ကျေနပ်ဝမ်းမြောက်နေရပါတယ်။

ဒီအကြောင်းကြောင့်ပဲ ကမ္ဘာအရပ်ရပ်က ပစ္စည်းဥစ္စာကုံလုံကြွယ်ဝကြတဲ့ အမျိုးသားအမျိုးသမီးအချို့တို့ဟာ မိမိတို့ရဲ့စည်းစိမ်ချမ်းသာကို အေးအေးလူလူ ခံစားနေနိုင်ကြပေမယ့် ဒီလိုခံစားနေရတာကို ငြီးငွေ့ပြီး အသက်နဲ့ရင်းရတဲ့ စွန့်စားမှုများကို ရှာဖွေလုပ်ကြတယ်။

ကမ္ဘာ့အမြင့်ဆုံး တောင်ထိပ်ဖြစ်တဲ့ ဧဝရက်အပါအဝင် မတ်စောက် မြင့်မားတဲ့ တောင်တွေကို တက်ကြတယ်။ အလွန်ချမ်းအေးတဲ့ ရာသီကို ရင်ဆိုင်ပြီး မားမားမတ်မတ်ထောင်တက်နေတဲ့ ကျောက်နံရံကြီးများ၊ ရေခဲစိုင်ကြီးများမှာ သံစို့တွေရိုက်ပြီး တွယ်တက်သွားရတာဟာ ခြေတစ်ချက် ချော်သွားရင်ဖြစ်ဖြစ်၊ လက်တစ်ဖက် ဘေးလွတ်သွားရင်ဖြစ်ဖြစ် ချက်ချင်းသေပွဲဝင်နိုင်တယ်။ သေဆုံးသွားကြတဲ့ လူဦးရေကလည်း မနည်းလှတော့ဘူး။

တချို့က ရွက်လှေငယ်တစ်စင်းနဲ့ အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်တယ်၊ ပစိဖိတ်သမုဒ္ဒရာကြီးကို ဖြတ်တယ်၊ ကမ္ဘာကို တစ်ပတ်ပတ်တယ်။ တစ်ယောက်စီး လေယာဉ်ကလေးတွေနဲ့လည်း ကမ္ဘာကို ပတ်ပြီး ကမ္ဘာပတ်စံချိန်ကို ချိုးနိုင်အောင် ကြိုးစားတယ်။ ပြိုင်ကား, ပြိုင်စက်ဘီး,ပြိုင်မော်တော်ဘုတ်တို့ကိုလည်း မိုက်ရူးရဲလုပ်ပြီး ကြောက်ခမန်းလိလိ မိုင်နှုန်းများနဲ့ ကမ္ဘာ့စံချိန်တွေကို ချိုးနိုင်အောင် ကြိုးစားပြီး မောင်းနှင်နေကြတယ်။

"သေရင်မြေကြီး၊ ရှင်ရင်ရွှေထီး" ဆိုတဲ့စကားပမာ စွန့်စားရင်း သေသွားရင် ဒီဘဝကို နိဂုံးကမ္ပတ်အဆုံးသတ်လိုက်တာပဲ။ ရှင်ရင်

www.burmeseclassic.com

www.burmeseclassic.com



ဆုလာဘ်တွေ, ချီးမွမ်းခြင်းတွေ, ကျော်ကြားခြင်းတွေကို ခံစားရတဲ့ အပြင် တစ်သက်လုံးပြန်လည်စဉ်းစားတိုင်း ဝမ်းမြောက်ပီတိဖြစ်လျက် ကျေနပ်ဝမ်းမြောက်ရပါတယ်။

အခက်အခဲကိုကျော်လွှားနိုင်လို့ ချမ်းသာပျော်ရွှင်ရတာကို လူတိုင်း ကြုံတွေ့ဖူးပါတယ်။ အလေးအပေါ့ အလွန်သွားချင်လို့ ကြာမြင့်စွာ အောင့်အည်းထားရပြီးမှ ဆီးသွားခွင့်ရရင် အလေးသွားခွင့် ရရင် အလွန်ပေါ့ပါးချမ်းသာသွားတာကို မကြာခဏခံစားဖူးကြပေလိမ့်မယ်။

၁၉၆၀ ပြည့်နှစ်လောက်က **'အီသီယိုးပီးယားဘုရင်'** ဟာ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးအလည်လာတယ်။ သူ့ကို အခြားသံရုံးအဖွဲ့ဝင်များနဲ့အတူ အင်းလျားကန်ဟိုတယ်မှာ ညည့်ခံကျွေးမွေးပွဲ လုပ်တယ်။ သူ့ကိုဂုဏ်ပြုတဲ့ပွဲဆိုတော့ သံရုံးအရာရှိတွေဟာ တစ်ယောက်ပြီးတစ်ယောက် သူ့ကိုလာရောက်နှုတ်ဆက်နေကြတယ်။ ဘုရင်ကြီးကလည်း စားသောက်ထားတာများလို့ အလွန် အပေါ့သွားချင်နေတယ်။ လာရောက်နှုတ်ဆက်တဲ့ ဧည့်သည်တွေကလည်း မပြတ်ဘူး။ အိမ်သာခန်း ဘယ်မှာရှိတာကိုလည်း သူမသိဘူး။ ဘယ်သူ့ကိုပြောရရင်ကောင်းမလဲလို့ လာနှုတ်ဆက်တဲ့သူတွေကို ကျေးဇူးတင်စကားပြောရင်း ဟိုကြည့်ဒီကြည့်လုပ်နေတယ်။ သူ့ဘောင်းဘီကိုလည်း တစ်ချက်တစ်ချက် ဆွဲမ,နေတယ်။

အကင်းပါးတဲ့ မြန်မာသံရုံးအရာရှိကလေးကိုလှရီကြောင့် အီသီယိုးပီးယားဘုရင်ကြီး သက်သာရာရသွားတယ်။ ကိုလှရီက ပရိသတ်ကြားထဲ တိုးသွားပြီး ဘုရင့်လက်ကို **အသာကလေးကိုင်ကာ 'အိမ်သာ**ခန်းသို့ လိုက်ပို့ပေးပါရစေ' ဆိုပြီး ခေါ်သွားလို့ပေါ့၊ ဘုရင်ကြီးက ကို

www.burmeseclassic.com

www.burmeseclassic.com


လှရီကို ကျေးဇူးတင်လွန်းလို့ ရွှေဒင်္ဂါးပြား တစ်ပြား ဆုချလိုက်ပါတယ်။

လန်ဒန်မြို့ စားသောက်ဆိုင်တစ်ခုမှာ အင်္ဂလိပ်တစ်ယောက်၊ ပြင်သစ်တစ်ယောက်နဲ့ ရုရှားတစ်ယောက် ဆုံတွေ့မိကြပြီး စကားလက်ဆုံပြောကြတယ်။ တစ်ဦးစီက မိမိတွေ့ဆုံခဲ့ရတဲ့ အပျော်ဆုံး အချိန်ကို ပြောပြတဲ့အခါ အင်္ဂလိပ်က ပထမပြောတယ်။

"ကျုပ်ဗျာ…အေးချမ်းလှတဲ့နေရာမှာ တစ်နေကုန် ပင်ပင်ပန်းပန်း အလုပ်လုပ်ပြီးတော့ အိမ်ပြန်လာတယ်၊ မီးဖိုရှေ့ကုလားထိုင်မှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်တယ်။ ပြီးတော့ ဖိနပ်ချွတ်ပြီး အချမ်းဒဏ်ကြောင့် နာကျင်ကိုက်ခဲနေတဲ့ ခြေထောက်နှစ်ဖက်ကို မီးကင်လိုက်ရတာ ဘယ်လိုချမ်းသာသွားမှန်းမသိဘူး၊ ကျုပ်အတွေ့အကြုံအရ ဒါဟာ အကောင်းဆုံးချမ်းသာပဲဗျ"

ပြင်သစ်မိတ်ဆွေက ဒုတိယပြောတယ်…

"အင်္ဂလိပ်မိတ်ဆွေပြောတဲ့ ချမ်းသာဟာ အင်မတန်ကောင်းတယ်ဆိုတာ ယုံမှားစရာမရှိပါဘူး၊ ဒါပေမဲ့ ကျွန်တော်ကြုံတွေ့ခဲ့ရတဲ့ ချမ်းသာကို မမီဘူးထင်ပါတယ်။ ကျွန်တော်အလုပ်ကိစ္စနဲ့ နိုင်ငံအများကြီးကို ကူးသန်းသွားလာနေရာမှာ ဟိုတယ်တစ်ခုမှာ အင်မတန်ချောလှတဲ့ အမျိုးသမီးတစ်ဦးနဲ့ဆုံတွေ့တယ်၊ သူကလဲ အဖော်မရှိ၊ ကျွန်တော်ကလဲ တစ်ကိုယ်တည်းဆိုတော့ ကျွန်တော်တို့ခင်မင်ရင်းနှီးပြီး ခုနစ်ရက်တိတိ စိတ်လွတ်ကိုယ်လွတ် ပေါင်းသင်းနေထိုင်ကြတယ်၊ ပြီးတော့ ကျေကျေနပ်နပ်ပဲ ခွဲခွာခဲ့ကြတယ်။ အဲဒီအတွေ့အကြုံဟာ စဉ်းစားတိုင်း သိပ်ကောင်းလွန်းလို့ အသစ်အသစ်ပြန်ခံစားနေမိတယ်ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ရုရှားမိတ်ဆွေက တတိယပြောခွင့်ရတယ်။

"ခင်ဗျားတို့နှစ်ဦးပြောသွားတဲ့ချမ်းသာဟာ ကျွန်တော်ကြုံတွေ့ခဲ့ရတဲ့ ချမ်းသာကို မမီဘူးခင်ဗျ၊ မော်စကိုက ကျွန်တော့်မိသားစု နေထိုင်တဲ့ အိပ်ခန်းမှာ အိပ်စက်နေတုန်း ညဉ့်သန်းခေါင်အချိန်လောက်မှာ တံခါးခေါက်သံကြားတယ်၊ ကျွန်တော်တံခါးဖွင့်ပေးလိုက်တော့ ကေဂျီဘီ ရဲအရာရှိနှစ်ဦးကို တွေ့ရတယ်။

"အီဗန်နိုဗစ်ချ်…ခင်ဗျားကိုဖမ်းဖို့ ကျုပ်တို့လာပါတယ်"

လို့ ရဲအရာရှိတစ်ဦးက ပြောလိုက်တယ်။ ကျွန်တော်ဟာ ကြောက်လန့်နေရာက သက်သာရာရပြီး ချက်ချင်းပဲ 'ဟာမိတ်ဆွေတို့ အခန်းမှားနေပြီ၊ အီဗန်နိုဗစ်ချ်က ဟိုဘက်အခန်းမှာနေတယ်'လို့ ပြန်ပြောလိုက်ရတယ်၊ အဲသလို အဖမ်းခံရပြီး ညဉ်းပန်းနှိပ်စက်ခံရမယ့် ဘေးက ကျွန်ုပ်လွတ်မြောက်သွားတဲ့ ခံစားမှုဟာ အခြားပျော်ရွှင်မှုအားလုံးထက် သာပါတယ်ဗျာ"

အင်္ဂလိပ်မိတ်ဆွေနဲ့ ရုရှားမိတ်ဆွေတို့ပြောပြတဲ့ ချမ်းသာတွေဟာ အခက်အခဲမှ လွတ်မြောက်တဲ့အတွက် ခံစားရတဲ့ချမ်းသာဖြစ်ပါတယ်။ မီးအဝိုင်းခံနေရတဲ့ယောက်ျားက မီးဘေးက လွတ်မြောက်တဲ့ ချမ်းသာ၊ ထောင်ချောက်ထဲမိနေတဲ့ သမင်ပျိုက လွတ်မြောက်ခွင့်ရတဲ့ ချမ်းသာ၊ မြွေရဲ့ခံတွင်းထဲ ရောက်နေရတဲ့ ဖားသူငယ်က လွတ်မြောက်ခွင့်ရတဲ့ချမ်းသာ ဒီချမ်းသာတွေက ထူးထူးခြားခြား ကောင်းမွန်ကြပါတယ်။ ဒါပေမဲ့ ကြာရှည်မတည်မြဲကြပါဘူး။

အလားတူပဲ သံသရာဝဋ်ဆင်းရဲရဲ့ ကြောက်လန့်ဖွယ်ရာအကောင်းဆုံးဖြစ်ပုံကို သိနားလည်တဲ့အခါ ထိုဝဋ်ဆင်းရဲမှ လွတ်မြောက်ရခြင်းဟာ ဘယ်အရသာနဲ့မှမတူအောင် ထူးခြားကောင်းမွန်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ချမ်းသာဖြစ်တာကို ကိုယ်တိုင်ခံစားပြီး သိရှိရမှာဖြစ်တယ်။ ဒီချမ်းသာဟာ ထာဝရတည်မြဲတဲ့ ချမ်းသာလဲဖြစ်တယ်ဆိုတော့ လောကမှာ အသာလွန်ဆုံးချမ်းသာဖြစ်တယ်ဆိုတာ ယုံမှားစရာမရှိဘူး။

*ခန္ဓာနှင့်တူတဲ့ ဆင်းရဲဆိုတာ မရှိ။*

*နိဗ္ဗာန်နှင့်တူတဲ့ချမ်းသာဆိုတာ မရှိ။*

ခန္ဓာကို ရရှိထားခြင်းဟာ အကြီးကျယ်ဆုံးသော ဆင်းရဲကို ရရှိထားခြင်းပင် ဖြစ်တယ်။ ခန္ဓာအစဉ်ဆိုတဲ့ သံသရာမှ လွတ်မြောက်ခြင်းဟာ အကြီးဆုံးဆင်းရဲနဲ့ အကြီးဆုံးအခက်အခဲကို လွန်မြောက်ခြင်းဖြစ်လို့ အချမ်းသာဆုံးချမ်းသာဖြစ်ပေတယ်။

## အောင်မြင်ခြင်းရဲ့အရသာ

အောင်မြင်ခြင်းဆိုတာ အခက်အခဲပေါင်းများစွာကို ကျော်လွှားနိုင်ခြင်းပင် ဖြစ်တယ်။ ဒါကြောင့် အောင်မြင်ခြင်းရဲ့အရသာဟာ ထူးထူးခြားခြားကောင်းမွန်ပါတယ်။

**Nothing succeeds like success.**

*အောင်မြင်ခြင်းလို အောင်မြင်တဲ့အရာ မရှိ။*

အောင်မြင်မှုရဲ့အရသာက ကောင်းလွန်းလို့ အောင်မြင်မှုသရဖူကို ဆောင်းနိုင်ပြီးတဲ့သူတို့က ဒီလိုစကားကို ကြွေးကြော်နေကြခြင်းဖြစ်ပေတယ်။

"ကြိုးစားမှ ဘုရားဖြစ်တယ်"ဆိုတဲ့စကားအတိုင်း ကြိုးစားမှ အောင်မြင်မှုကို ရနိုင်ပါတယ်။ ကြိုးစားတယ်ဆိုတာ အခက်အခဲပေါင်းစုံကို ကျော်လွှားခြင်းပဲဖြစ်တယ်။ ဆရာဝန်ဖြစ်ဖို့ ခရီးလမ်း

www.burmeseclassic.com

www.burmeseclassic.com



တစ်လျှောက်မှာ အတားအဆီးသဖွယ်ဖြစ်နေတဲ့ အခက်အခဲတွေကို ကျော်လွှားနိုင်အောင် ကြိုးစားနိုင်ရင် ဆရာဝန်ဖြစ်လာမှာပဲ။

အင်ဂျင်နီယာဖြစ်ဖို့ အတားအဆီးသဖွယ်ဖြစ်နေကြတဲ့ သင်ခန်းစာများကို သဘောပေါက်အောင် လေ့လာမှတ်သားပြီး စာမေးပွဲအတန်တန်ကို ဖြေဆိုအောင်မြင်မယ်ဆိုရင် အင်ဂျင်နီယာဖြစ်မှာပဲ။

စီးပွားရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေမှာလည်း အခက်အခဲအတားအဆီးတွေကို ကျော်လွှားနိုင်အောင် ကြိုးစားနိုင်ရင် အောင်မြင်မှုသရဖူကို ဆောင်းရမှာပဲ။

လိုအပ်တာက အလုပ်လုပ်မှု၊ သိနားလည်မှု၊ ကြိုးစားမှုတို့ပါပဲ။ တစ်နည်းဆိုရင် ကံ၊ ဉာဏ်၊ ဝီရိယ ပြည့်စုံဖို့ပါပဲ။

အလုပ်တစ်ခုကို အောင်မြင်အောင်လုပ်နိုင်ရင် အောင်မြင်မှုအတွက် ဂုဏ်ယူနိုင်တဲ့အပြင် အောင်မြင်မှုနဲ့ယှဉ်တွဲနေတဲ့ ကျေနပ်မှု၊ ပျော်ရွှင်မှု၊ ချမ်းသာမှုတို့ကို တစ်ပါတည်းခံစားရမှာဖြစ်ပါတယ်။

'စစ်ပွဲတစ်ရာ အောင်နိုင်တာထက် မိမိတစ်ဦးတည်းကို အောင်နိုင်တာက ပိုပြီးမြတ်တယ်' မိမိတစ်ဦးတည်းကို အောင်နိုင်တယ်ဆိုတာ မိမိစိတ်ကို အောင်နိုင်ခြင်းဖြစ်တယ်။ မိမိစိတ်ကိုအောင်နိုင်ခြင်းဆိုတာ မိမိစိတ်ကိုခြယ်လှယ်နေကြတဲ့ ကိလေသာတွေကို အောင်နိုင်ခြင်းဖြစ်တယ်။ ကိလေသာတို့ကို အောင်နိုင်တဲ့သူဟာ အကြီးကျယ်ဆုံးသော အောင်မြင်မှုကို အောင်နိုင်လိုက်ခြင်းဖြစ်တဲ့အတွက် အကြီးကျယ်ဆုံးသော ချမ်းသာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို ထာဝရပိုင်ဆိုင်ခွင့်ရပါတော့တယ်။

အောင်မြင်မှုသရဖူကို ဆောင်းနိုင်အောင် ကြိုးစားနိုင်ပါစေ။

www.burmeseclassic.com

www.burmeseclassic.com



## အဆိုးဆုံးအခြေအနေကို လက်ခံပါ

သင် ဘယ်အခြေအနေမှာ ဆိုက်ရောက်နေသလဲ။ နောက်ထပ် ပိုဆိုးစရာရှိသေးလား။ အဆိုးဆုံးအခြေအနေကို စဉ်းစားပြီး 'ဒါထက် ငါပိုမဆိုးနိုင်တော့ဘူး' လို့ ဆုံးဖြတ်ပါ။ ပြီးရင် အဲဒီအဆိုးဆုံးအခြေ အနေက နာလန်ထူနိုင်အောင် နည်းအမျိုးမျိုးကို စဉ်းစားပါ။ လက်တွေ့ လုပ်နိုင်တဲ့နည်းတစ်ခုကို စ,လုပ်ပါ။

အမေရိကန်စိတ်ပညာပါမောက္ခ **'ဝီလျံဂျိမ်းစ်'** က 'ဖြစ်သမျှကို လက်ခံပါ၊ ဒါမှ လောကမှာရှိတဲ့ ဆင်းရဲဒုက္ခအပေါင်းကို ကျော်လွှား အောင် ကြိုးပမ်းနိုင်လိမ့်မယ်' လို့ မိန့်ဆိုခဲ့တယ်။

တရုတ်စာရေးဆရာ **'လင်ယူတန်'** ကလည်း ဒီလိုမှတ်သားစရာ သြဝါဒကို ပေးခဲ့တယ်။

"စိတ်ချမ်းသာမှုအစစ်ဟာ အဆိုးဆုံးအဖြစ်ကို လက်ခံရာမှ ထွက်ပေါ်လာတယ်၊ စိတ်ပညာအရ ထိုသို့အဆိုးဆုံးအခြေအနေကို လက်ခံခြင်းဟာ စိတ်ဓာတ်အင်အားကို ဖွင့်ထုတ်ပေးခြင်းပင် ဖြစ် တယ်"

အမေရိကန်ပြည်ထောင်စုက **'ဟင်နီ'** ဆိုသူဟာ ဝမ်းတွင်းသက် တန့်ရောဂါဖြစ်တယ်။ သူ့ကို ကုသကြတဲ့ဆရာဝန်များက လက်လျှော့ ပြီး သူ့အား 'သေတမ်းစာရေးတော့' လို့ အကြံပေးကြတယ်။

သူကလည်း သေတမ်းစာရေးတယ်။ ခေါင်းဝယ်တယ်။ ပြီးတော့

"ငါသေရမှာထက် ပိုဆိုးတာ ဘာမှမရှိတော့ဘူး၊ သေချိန်တန် ရင် သေမှာပဲ၊ သေတာကို တွေးနေရင် ကျန်နေတဲ့ ငါ့အသက်ဟာ ထမင်းလုံးတစ္ဆေခြောက်တဲ့နေ့ရက်တွေ ဖြစ်နေလိမ့်မယ်၊ အဲဒီတော့ သေတာကို မေ့ထားပြီး ငါကမ္ဘာတစ်ပတ် ပတ်မယ်"

www.burmeseclassic.com

www.burmeseclassic.com


အဲသလိုဆင်ခြင်ပြီး သူခရီးထွက်တယ်။ တစ်နိုင်ငံပြီး တစ်နိုင်ငံ လှည့်ပတ်ပြီး လူမျိုးအသီးသီးရဲ့ဓလေ့ထုံးစံ၊ အနုပညာ၊ ယဉ်ကျေးမှု၊ အဆောက်အအုံ စတာတွေကို လေ့လာတယ်။ ဒီလေ့လာမှုတွေမှာ သူစိတ်ဝင်စားနေလို့ သေရမှာကို သူလုံးလုံးမေ့နေတယ်။ သောကတွေ ရော၊ ရောဂါပါ ပျောက်ကင်းသွားကြတယ်။ သူ့အိမ်ပြန်ရောက်တော့ ခေါင်းကို ပြန်ရောင်းလိုက်ရတယ်။

**'အက်ဒီ ရက်ကင်ဘက်ကာ'** ဟာ သင်္ဘောပျက်လို့ ပစိဖိတ် သမုဒ္ဒရာထဲမှာ ၂၁ ရက်ကြာအောင် ရာဘာဖောင်တစ်ခုနဲ့ မျောနေခဲ့ တယ်။ သူ့ကို ဆယ်တင်ကြတဲ့လူတွေက သူဘာသင်ခန်းစာရခဲ့သလဲ လို့ မေးတော့...

"ရေသောက်ချင်ရင် ဝဝသောက်နိုင်ပြီး စားချင်ရင် ဝဝစားနိုင် တဲ့ဘဝကို ပြန်ရနေတော့မှ လောကမှာ ကျွန်ုပ် ဘာမှပူပင်စရာမရှိ တော့ဘူး" လို့ ပြန်ဖြေတယ်။

ကမ္ဘာကျော် ဇာတ်မင်းသမီးဖြစ်တဲ့ **'ဆာရာဘားနဒ်'** ဟာ ၇၁ နှစ်အရွယ်မှာ အရိုးကင်ဆာကြောင့် ခြေထောက်အဖြတ်ခံလိုက်ရ တယ်။ ဇာတ်သဘင်မှာ သူ့ရဲ့အခန်းကဏ္ဍဟာ ပြီးဆုံးပြီလို့ အများ က ထင်ကြတယ်။ ဘယ်ဟုတ်ပါ့မလဲ၊ သူမဟာ နောက်ထပ်ခုနစ်နှစ် တိတိ ဇာတ်သဘင်လောကမှာ အဆိုတော်အဖြစ်နဲ့ ပါဝင်ပြီး သီချင်း သီဆိုသွားပေတယ်။

**'ဟာရိုအဲတော့'** အမည်ရှိတဲ့ အမေရိကန်တစ်ဦးက ကုန်စုံဆိုင် တစ်ခု ဖွင့်တယ်၊ အဆင်မပြေတော့ အရင်းအနှီးပါပြုတ်သွားတယ်။ ဘဏ်မှာ ငွေချေးဖို့အတွက် စိတ်လေးခြေလေးနဲ့ ခေါင်းငိုက်စိုက်ချပြီး သူလမ်းလျှောက်နေတယ်။ ထိုအခိုက် ခြေနှစ်ဖက်လုံးပြတ်နေတဲ့ လူ

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်က စက်ကိတ်ဘီးတပ်ထားတဲ့ တွန်းလှည်းကလေးကိုစီးပြီး သူ့အနီးကို ရောက်လာကာ နှုတ်ဆက်လိုက်တယ်...

**"It's a fine day."**

"အင်မတန်သာယာတဲ့ နေ့ပဲနော်"

ဟာရိုအဲတော့ ဖျတ်ခနဲသတိရသွားတယ်။ "ခြေပြတ်နေတဲ့လူကတောင်မှ ဘဝကိုပြုံးပြုံးရွှင်ရွှင် ရင်ဆိုင်ဝံ့ရင် ခြေလက်အင်္ဂါစုံနေတဲ့ ငါက ဘာကြောင့် ပြုံးပြုံးရွှင်ရွှင်နဲ့ ရင်မဆိုင်နိုင်ရမှာလဲ"

ဒီလို သူ့အမှားကိုမြင်လိုက်တာနဲ့တစ်ပြိုင်နက် စိတ်ပျက်တာ၊ စိတ်အားငယ်နေတာတွေ ပျောက်သွားပြီး စိတ်အားတက်လာတယ်။ ဘဏ်မှ သူချေးယူဖို့ရည်ရွယ်ထားတဲ့ငွေထက် နှစ်ဆတိုးပြီး ချေးယူတယ်။ သူ့လုပ်ငန်းကအမှားတွေကိုပြုပြင်ပြီး တစ်ဖန်ထပ်လုပ်တယ်။ အောင်မြင်သွားပါတယ်။

## အကောင်းဘက်ကိုကြည့်ပါ

ငွေဒင်္ဂါးတစ်ပြားမှာ ဘုရင်ခေါင်းပုံက တစ်ဖက်၊ ပန်းပုံက တစ်ဖက် ရှိနေတတ်သလို အရေးကိစ္စတိုင်းမှာလည်း အကောင်းနဲ့အဆိုး ဒွန်တွဲနေတတ်ပါတယ်။

အချို့လူတွေက အကောင်းဘက်ကိုချည်း ကြည့်တတ်တယ်။ ဒီလိုလူမျိုးကို အကောင်းမြင်သူ (**optimist**) လို့ခေါ်ပြီး 'အကောင်းမြင်ဝါဒ'ကို 'အော့ပ်တီမစ်ဇင်' (**optimism**) လို့ခေါ်တယ်။

အချို့လူတွေက အဆိုးဘက်ကိုချည်းကြည့်တတ်တယ်။ ဒီလိုလူမျိုးကို အဆိုးမြင်သူ (**pessimist**) လို့ခေါ်ပြီး 'အဆိုးမြင်ဝါဒ'ကို 'ပက်စီမစ်ဇင်' (**pessimism**) လို့ခေါ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



အဆိုးမြင်သူထက် အကောင်းမြင်သူက လတ်တလောမှာ ပို စိတ်ချမ်းသာတယ်။ အဆိုးမြင်သူက သူတစ်ပါးကိုပါ စိတ်ဆင်းရဲ စေပြီး အကောင်းမြင်သူက သူတစ်ပါးကိုပါ စိတ်ချမ်းသာစေပါတယ်။ ဒါကြောင့် အကောင်းဘက်ကို မြင်တတ်အောင်ကြည့်ပါလို့ အနောက် တိုင်း ပညာရှင်တို့က အကြံပြုကြတယ်။

'အမေရိကန်လေတပ်မှူး' တစ်ဦးဟာ လက်ထပ်ပြီးခါစမှာ နယူးမက်ဆီကိုသဲကန္တာရလေတပ်စခန်းမှာ တာဝန်ကျလို့ ဇနီးချော **'တယ်လ်မာသွမ်မဆင်'**ကိုပါ ခေါ်သွားတယ်။ သဲကန္တာရက နေ့ ဘက်မှာ ၁၂၅ ဒီဂရီဖာရင်ဟိုက်အထိ ပူပြင်းလို့ ငရဲပြည်တမျှ ထင်မှတ် ရတယ်။

လင်ဖြစ်သူ လေတပ်မှူးက စခန်းမှာ အလုပ်နဲ့လက် မပြတ် အောင် ဆောင်ရွက်နေရလို့ နေ့အချိန်ဟာ ကုန်မှန်းမသိ ကုန်လွန်သွား ပါတယ်။ ဇနီးချောက ဘန်ဂလိုရွက်ဖျင်တဲမှာ တစ်နေကုန် ပြင်းပြတဲ့ အပူဒဏ်ကို လူးလိမ့်ပြီးခံနေရရှာတယ်။ သူမအဖို့ အရှင်လတ်လတ် ငရဲကျနေသလို တစ်နေ့တာဟာ အလွန်ကုန်နိုင်ခဲလှပေတယ်။

အလုပ်ရှိသူနဲ့ မရှိသူတို့ဟာ ဒီလိုပဲကွာခြားတတ်ပါတယ်။ 'တူ နှစ်ကိုယ် တဲအိုပျက်မှာ နေရနေရ၊ ချစ်ခင်ကြင်နာမှုသာ အဓိက' လို့ ချစ်သူတို့ရဲ့ မျှော်မှန်းချက်ဟာ တကယ်ဆင်းရဲနဲ့ ကြုံကြိုက်လာတဲ့ အခါ ပျက်ပြယ်သွားတတ်ပါတယ်။

တယ်လ်မာသွမ်မဆင်ဟာ ရက်သတ္တနှစ်ပတ်လောက် ကြာရင် ပဲ ချစ်သူရင်ခွင်မှဖယ်ခွာပြီး မိဘရဲ့အရိပ်အာဝါသအောက်သို့ ပြေးဝင် ခိုနားချင်လာတော့တယ်။ ဒါကြောင့် ဖခင်ဆီသို့ စာတစ်စောင်ရေးပြီး စစ်ကူတောင်းလိုက်ပါတယ်။ မိဘထံ ပြန်လာချင်တဲ့အကြောင်းပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ဖခင်က ရှေ့မြင်နောက်မြင်တတ်သူတစ်ဦးဖြစ်လို့ သမီးဆီကို နာမည်ကျော်ကဗျာတစ်ပုဒ်က စာနှစ်ကြောင်းကို ပြန်ရေးပေးလိုက်တယ်။ အဲဒီကမ္ဘာကျော် စာနှစ်ကြောင်းက…

***Two men looked out through prison bars,***

***One saw mud, the other saw stars.***

*လူနှစ်ယောက်ဟာ ထောင်သံတိုင်များကို ဖြတ်ကျော်ပြီး*
*အပြင်သို့ လှမ်းကြည့်ကြတယ်။*
*တစ်ယောက်က ရွှံ့ဗွက်ကိုမြင်ပြီး*
*တစ်ယောက်က ကြယ်များကိုမြင်တယ်။*

ရွှံ့ဗွက်မြင်တဲ့ထောင်သားက အဆိုးမြင်တတ်သူဖြစ်ပြီး ကြယ်မြင်တဲ့ ထောင်သားက အကောင်းမြင်တတ်သူဖြစ်ပါတယ်။

ဖခင်က ဒီစာနှစ်ကြောင်းကို ညွှန်ပြလိုက်တာနဲ့ သမီးလိမ္မာက နားလည်သဘောပေါက်သွားတယ်။ သဲကန္တာရမှာ စိတ်ကြည်နူးစရာ ရှုကွက်တွေ ဘာများရှိသလဲလို့ သူမဆန်းစစ်ကြည့်တယ်။ ဒီသဲကန္တာရမှာ နေထိုင်ကြတဲ့ ဒေသခံလူတွေက အိုးလုပ်ကြတယ်၊ ရက်ကန်းရက်ကြတယ်၊ ခရုခွံများနဲ့ လည်ဆွဲတန်ဆာလှလှတွေကို ပြုလုပ်ကြတယ်။

လူဟာ လူတွေနဲ့ဆက်ဆံနေရမှ ပျော်ပိုက်လေ့ရှိတယ် မဟုတ်လား။ ဒါကြောင့် ဒေသခံလူတွေထံ တယ်လ်မာသွားရောက်ပြီး အသိဖွဲ့တယ်။ အမေရိကန်အမျိုးသမီးတစ်ဦးက လာအသိဖွဲ့တယ်ဆိုတော့ ဒေသခံလူတွေက ဝမ်းမြောက်ဝမ်းသာ ဖော်ဖော်ရွေရွေလက်ကမ်းကြိုဆိုကြတာပေါ့။ တယ်လ်မာကို သူတို့လုပ်တဲ့အိုးတွေ၊ အထည်တွေ၊ ခရုလည်ဆွဲတွေကို ပေးကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီခင်မင်ဖော်ရွေမှုက တယ်လ်မာရဲ့နှလုံးသားကို ပီတိလွှမ်းသွားစေတယ်။ သူတို့နဲ့ ရင်းရင်းနှီးနှီးဆက်ဆံပြီး သူတို့ရဲ့ဓလေ့ထုံးစံများကို တယ်လ်မာလေ့လာတယ်။ သဲကန္တာရမှာပေါက်ရောက်တဲ့ လျှားစောင်းပင်အမျိုးမျိုးကိုလည်း တယ်လ်မာလေ့လာတယ်။

လက်နဲ့အလုပ် မပြတ်မလပ်ဆက်စပ်သွားတော့ တယ်လ်မာပျင်းရိငြီးငွေ့ရတဲ့အချိန် မရှိတော့ဘူး။ ပြီးတော့ သဲကန္တာရက နေဝင်ဆည်းဆာဟာ သိပ်လှတာကိုး။ ဒီအလှဆည်းဆာမှာ ချစ်သူနှစ်ဦးတို့ ရွှေလည်တွဲကြရတာ သက်ဆုံးတိုင်အောင် ဘယ်မေ့နိုင်ပါတော့မလဲ။

*Every cloud has a silver lining.*

*တိမ်တောင်တိမ်လိပ်တိုင်းမှာ ငွေနားပတ်ရှိပါတယ်။*

လူတိုင်း နေရာတိုင်းမှာလည်း ကောင်းကွက်တွေရှိပါတယ်။ ဒီကောင်းကွက်တွေကို ရှုကြည့်ပြီး သာယာချမ်းမြေ့တဲ့ဘဝကို ထူထောင်နိုင်ကြပါစေ။

## ယောနိသောမနသိကာရ

အနောက်တိုင်းသားများ လက်ခံကျင့်သုံးတဲ့ အကောင်းမြင်ဝါဒဟာ အချို့သောအခါမှာ စိတ်သက်သာရာရရှိစေပြီး အကျိုးရှိပေမယ့် အခါခပ်သိမ်းဘဝချမ်းသာကို မဖြစ်စေနိုင်ပါဘူး။ အထူးသဖြင့် မြတ်ဗုဒ္ဓတရားရှုထောင့်ကနေကြည့်ရင် 'အကောင်းမြင်ဝါဒ'ဟာ အကုသိုလ်စိတ်များ ဖြစ်ပေါ်ခြင်းကို မတားမြစ်နိုင်ဘူး။

ဥပမာ မိမိအကျိုးအမြတ်ရရှိရေးကို မျှော်တွေးပြီး စီးပွားရေးကိစ္စမှာ လိမ်ညာတာ ခိုးဝှက်တာ တစ်ပတ်ရိုက်တာတွေကို ပြုမိချင် ပြုမိလိမ့်မယ်၊ မိမိပျော်ရွှင်မှုကို ရှေးရှုပြီး ကြက်ဘဲသတ်တာ၊ သောက်စား

www.burmeseclassic.com

www.burmeseclassic.com



မူးယစ်တာ၊ သူတစ်ပါးသားမယား လွန်ကျူးတာတွေကို ပြုမိချင် ပြုမိ လိမ့်မယ်။

စောစောက ပြောခဲ့သလို အကုသိုလ်စိတ်ဖြစ်ရင် ကိလေသာ ယှဉ်စပ်လာတဲ့အတွက် စိတ်ညစ်နွမ်းပူလောင်ရတာပဲ။ အကုသိုလ်ကံ မြောက်တဲ့ ဒုစရိုက်တွေကို လွန်ကျူးမိရင် ဒီဘဝမှာတင်ပဲ စီးပွားရေး ပျက်ပြီး ထောင်ကျချင်ကျမယ်၊ ထောင်မကျရင်တောင် သေတဲ့အခါ အပါယ်ကျမှာပဲ။

အကုသိုလ်မဖြစ်ဘဲ စိတ်ချမ်းသာအောင် တားဆီးတဲ့နည်းက 'ယောနိသောမနသိကာရ' ခေါ် 'သင့်တင့်လျောက်ပတ်စွာ နှလုံးသွင်း မှု' ဖြစ်ပါတယ်။

သင့်တင့်လျောက်ပတ်စွာနှလုံးသွင်းတတ်ရင် ကုသိုလ်စိတ်တွေ ဖြစ်ပြီး ယခုလည်း ချမ်းသာမယ်၊ နောင်လည်း ချမ်းသာမယ်။ 'အယောနိသော မနသိကာရ' ခေါ်တဲ့ သင့်တင့်လျောက်ပတ်စွာ နှလုံးမသွင်း တတ်ရင် အကုသိုလ်စိတ်တွေဖြစ်ပေါ်ပြီး ယခုလည်းဆင်းရဲမယ်၊ နောင်လည်း ဆင်းရဲမယ်။

ဒါကြောင့် 'ယောနိသောမနသိကာရ' ကို 'အကောင်းမြင်ဝါဒ' နဲ့ပေါင်းစပ်ပြီး ကျင့်သုံးသင့်တယ်။ သင့်တင့်လျောက်ပတ်စွာနှလုံး သွင်းတတ်ဖို့အတွက် လောကဖြစ်စဉ်တရားသဘောတွေကို သိရှိဖို့ လိုတယ်။ ဒီလိုသိရှိဖို့အတွက် ဗုဒ္ဓမြတ်စွာရဲ့အမှန်တရားတွေကို လေ့ လာရမယ်။

*လောကအမှန်တရားများကို သိတဲ့ပညာ ဦးစီးမှသာလျှင်*
*တကယ့်ဘဝချမ်းသာအစစ်ကို ဖန်တီးနိုင်လိမ့်မည်။*

www.burmeseclassic.com

www.burmeseclassic.com


## လောကဓံတရားရှစ်ပါး

လောကဓံ = လောကဓမ္မ = လောကမှာ ဖြစ်ပျက်နေတဲ့တရားတွေက ဘာတွေလဲ။ ရှေးဦးစွာ သတ္တလောက, ဩကာသလောက, သင်္ခါရလောကလို့ လောကသုံးပါးရှိတာကို မှတ်သားရပါမယ်။

သတ္တဝါအားလုံးကို စုပေါင်းပြီး 'သတ္တလောက'လို့ ခေါ်တယ်။ သတ္တဝါတစ်ဦးစီဟာလည်း သတ္တလောကတစ်ခုစီဖြစ်တယ်လို့ မှတ်ယူရမယ်။

သတ္တဝါတို့ရဲ့ဖြစ်ရာဘုံဌာနများက 'ဩကာသလောက'လို့ခေါ်တယ်။ အကုသိုလ်ကံ, ကုသိုလ်ကံတွေ အကျိုးပေးတဲ့အတိုင်း သတ္တဝါများ ဖြစ်ပေါ်ကြရတဲ့ ဘုံဌာနတွေက ၃၁ ဘုံရှိပါတယ်။ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံ၊ လူ့ပြည်နဲ့ နတ်ပြည်ခြောက်ထပ်ဆိုတဲ့ ကာမသုဂတိခုနစ်ဘုံနဲ့ ဗြဟ္မာဘုံ ၂၀ တို့ ဖြစ်ကြပါတယ်။

ဘုံဌာနတစ်ခုစီဟာ ဩကာသလောကတစ်ခုပါပဲ။

သက်ရှိသတ္တဝါများနဲ့ သက်မဲ့အရာဝတ္ထုများကို ဖြစ်ပေါ်စေကြတဲ့ ရုပ်တရား, နာမ်တရား, အကြောင်းတရား, အကျိုးတရား ဟူသမျှကို 'သင်္ခါရလောက'လို့ ခေါ်တယ်။

လောကဓံဆိုတဲ့ လောကဓမ္မဟာ သတ္တဝါတို့ မလွဲရှောင်သာဘဲ အမြဲထိတွေ့ခံစားနေကြရမယ့် တရားတွေပါပဲ။ **'လောကဓံသုတ်တော်'**မှာ လောကဓံတရား ရှစ်ပါးအကြောင်းကို မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။ လောကဓံတရားရှစ်ပါးက...

**(၁) လာဘ = လာဘ်ရခြင်း။**

ပင်ပင်ပန်းပန်း ရှာကြံလုပ်ကိုင်လို့ပဲဖြစ်ဖြစ်၊ မရှာကြံရဘဲ ကံ

www.burmeseclassic.com

www.burmeseclassic.com


အားလျော်စွာ အလွယ်တကူပဲဖြစ်ဖြစ် ပစ္စည်းဥစ္စာတွေ ရရှိလာတာကို လာဘ်ရတယ်လို့ ခေါ်တယ်။

**(၂) အလာဘ = လာဘ်မရခြင်း။**

နှစ်သက်လိုချင်စဖွယ် အသုံးကျတဲ့ပစ္စည်းတွေကို မရရှိခြင်းနဲ့ ရထားပြီးတဲ့ ပစ္စည်းဥစ္စာတွေ ဆုံးရှုံးသွားခြင်းတို့ကို လာဘ်မရခြင်းလို့ ခေါ်ပါတယ်။

**(၃) ယသ = အခြွေအရံများခြင်း။**

အိမ်ထောင်ဖက်၊ သားသမီး၊ မိတ်ဆွေသင်္ဂဟများနဲ့ တပည့်တပန်းများကို အခြွေအရံလို့ ခေါ်ပါတယ်။ ဒါတွေရှိတာဟာ အခြွေအရံရှိတာပဲ။

**(၄) အယသ = အခြွေအရံမရှိခြင်း။**

အထက်က ဆိုခဲ့တဲ့ အခြွေအရံမရှိတာကိုရော၊ ရှိပြီးတဲ့ အခြွေအရံတွေ ဆုံးရှုံးပျက်စီးသွားတာကိုရော 'အယသ' လို့ ခေါ်တယ်။

**(၅) နိန္ဒာ = ကဲ့ရဲ့ခြင်းနဲ့ အကဲ့ရဲ့ခံရခြင်း။**

**(၆) ပသံသာ = ချီးမွမ်းခြင်းနဲ့ အချီးမွမ်းခံရခြင်း။**

**(၇) သုခ = ချမ်းသာခြင်း၊ ကိုယ်ချမ်းသာခြင်းနဲ့ စိတ်ချမ်းသာခြင်း နှစ်မျိုးကို ဆိုလိုပါတယ်။**

**(၈) ဒုက္ခ = ဆင်းရဲခြင်း၊ ကိုယ်ဆင်းရဲခြင်းနဲ့ စိတ်ဆင်းရဲခြင်း နှစ်မျိုးကို ဆိုလိုပါတယ်။**

အကောင်းတရားက လေးမျိုး၊ မကောင်းတရားက လေးမျိုး၊ ဒီတရား ရှစ်မျိုးဟာ သတ္တဝါတို့ရဲ့နောက်ကို အရိပ်သဖွယ် အမြဲလိုက်နေကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


အကောင်းတရားများနဲ့ ဆုံတွေ့ရတဲ့အခါ ပုထုဇဉ်လူသားတို့က နှစ်သက်ဝမ်းမြောက် ပြုံးရွှင်ပျော်မြူးကြတယ်။ အဆိုးတရားများနဲ့ ဆုံတွေ့တဲ့အခါမှာတော့ ဝမ်းနည်းကြေကွဲ မဲ့ရွဲ့ငိုယိုကြတယ်။

***Life is not a bed of roses.***

*ဘဝဆိုတာ နှင်းဆီပန်းမွေ့ရာမဟုတ်ဘူး။*

***Life is full of ups and downs.***

*ဘဝဆိုတာ အတက်အကျများနဲ့ ပြည့်နှက်နေတယ်။*

လံကဓော– လောကဓံမှာ အများသူငါ စုန်တစ်ခါဆန်တစ်ချက်၊ ပေါ်တစ်လှည့် မြုပ်တစ်လီ၊ ကြည်တစ်ခါ ငိုတစ်တန်နဲ့ အဖန်ဖန် ဆုံတွေ့ရမှာပဲ။ ဘုရားရဟန္တာများသော်မှ လောကဓံတရားများနဲ့ မဆုံတွေ့အောင် မကွင်းရှောင်နိုင်ကြဘူး။

ဒါကြောင့်ဘယ်လိုပဲဆုတောင်းဆုတောင်း လောကဓံအကောင်းအဆိုးတို့နဲ့ ဆုံတိုးရပေမှာပဲ။ ဆုံတိုးတဲ့အခါမှာသာ လှိုင်းပုတ်ခံကြရတဲ့ လှေငယ်လှေကြီးတွေလို နစ်မြုပ်မသွားဘဲ ပေါ်နေနိုင်ဖို့ အရေးကြီးတယ်။ ကျောက်စာတိုင်ကဲ့သို့ မယိမ်းမယိုင် ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်နေနိုင်ရင် အကောင်းဆုံးပေါ့။

ပုထုဇဉ်များအတွက် လောကဓံလှိုင်းဂယက်မှာ နစ်မြုပ်မသွားအောင် ယောနိသောမနသိကာရရှိဖို့ အလွန်လိုအပ်ပါတယ်။

## နှလုံးသွင်းတတ်အောင် သုတဆောင်

လောဘ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာထူပြောသူကို ပုထုဇဉ်လို့ ခေါ်တယ်။ ပုထုဇဉ်တို့မှာ အကြားအမြင် (သုတ) ရှိသူနဲ့ အကြားအမြင်မရှိသူရယ်လို့ မြတ်စွာဘုရား နှစ်မျိုးခွဲခြားတော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



အကြားအမြင် (သုတ) ဆိုတဲ့စကားကလည်း အာဂမသုတနဲ့ အဓိဂမသုတရယ်လို့ နှစ်မျိုးကွဲပြားပြန်တယ်။

'အာဂမသုတ' ဆိုတာ မြတ်စွာဘုရားဟောကြားထားတဲ့ တရားတော်များကို ကြားနာမှတ်သားထားတဲ့ ဗဟုသုတကို ဆိုလိုတယ်။

'အဓိဂမသုတ' ဆိုတာ ရုပ်တရား နာမ်တရားတို့ရဲ့ ခဏမစဲ ဖြစ်ပြီး ပျက်နေကြတဲ့ အမှန်သဘောနဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာ သုံးပါး၊ ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးစပ်တရားနဲ့ သစ္စာလေးပါး မြတ်တရားတို့ကို ဝိပဿနာဉာဏ် အရိယမဂ်ဉာဏ်တို့ဖြင့် ကိုယ်တိုင် ထိုးထွင်းမြင်သိထားတဲ့ ဗဟုသုတကို ဆိုလိုတယ်။

အဲသလို အကြားအမြင် (သုတ) ရှိသူနဲ့ မရှိသူတို့ဟာ လောကဓံ တရားတို့နဲ့ ဆုံတွေ့ကြတဲ့အခါ တုံ့ပြန်ခံစားပုံချင်း မတူကြဘူးလို့ ဗုဒ္ဓ မြတ်စွာညွှန်ပြတော်မူတယ်။ ဘယ်လိုမတူကြသလဲ။

အကြားအမြင်မရှိတဲ့ ပုထုဇဉ်က လာဘ်ရခြင်းစတဲ့ လောကဓံ တရားတို့နဲ့ ဆုံတွေ့တဲ့အခါ ထိုလာဘ်ရခြင်းစတဲ့ တရားတို့ဟာ မမြဲ တဲ့ တရားတွေပဲ၊ ဆင်းရဲတဲ့တရားတွေပဲ၊ ပြောင်းလဲဖောက်ပြန်ခြင်း သဘောရှိတဲ့ တရားတွေပဲရယ်လို့ ဟုတ်တိုင်းမှန်စွာမသိဘူး။ ဒီလို မသိတဲ့အတွက် သူ့ရဲ့ကြည်လင်ကောင်းမြတ်တဲ့စိတ် ကွယ်ပျောက် ပြီး လာဘ်ရခြင်းနဲ့စပ်တဲ့ လောဘစိတ်ကချည်း နေရာယူပြီး ဆက်ကာ ဆက်ကာ ဖြစ်နေတယ်လို့ မြတ်ဗုဒ္ဓညွှန်ပြတော်မူတယ်။

လာဘ်ရတာ မကောင်းဘူးလား၊ မချမ်းသာဘူးလားလို့ မေးစရာ ရှိတယ်။ သုတမရှိတဲ့ပုဂ္ဂိုလ်က လာဘ်ရတာ ကောင်းတယ်၊ ချမ်းသာ တယ်လို့ ထင်မှတ်ပြီး ဝမ်းမြောက်ဝမ်းသာနဲ့ ဒီလာဘ်ရတဲ့အကြောင်း ကိုပဲ ထပ်ကာထပ်ကာ စဉ်းစားနေမှာတဲ့။

www.burmeseclassic.com

www.burmeseclassic.com


သူမစဉ်းစားမိတာက လာဘ်ရခြင်းဟာ လောကဓံတရားတစ်ပါးပဲ။ အမြဲရနေမှာမဟုတ်ဘူး။ ရရှိလာတဲ့ ရွှေငွေပစ္စည်းတွေကလည်း အမြဲတည်နေကြမှာမဟုတ်ဘူး၊ သုံးစွဲလို့လည်း ကုန်သွားနိုင်တယ်၊ ရန်သူမျိုးငါးပါးကြောင့်လည်း ပျက်စီးသွားနိုင်တယ်။ ဒါကြောင့် မမြဲတဲ့ အနိစ္စတရားတွေပဲ။ မမြဲတဲ့သဘောရှိတဲ့ ရွှေငွေပစ္စည်းတို့က စင်စစ်အားဖြင့် နှစ်သက်သာယာဖွယ်မဟုတ်ဘူး။ ဆင်းရဲတဲ့ 'ဒုက္ခတရား' တွေသာ ဖြစ်ကြတယ်။

ဒီပစ္စည်းဥစ္စာတွေကို လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ရတာလည်း ဒုက္ခပဲ။ ထိန်းသိမ်းရင်း ဖောက်ပြန်ပျက်စီးသွားရင်၊ သို့မဟုတ် ဆုံးရှုံးသွားရင် ဆင်းရဲဒုက္ခဖြစ်ရပြန်တယ်။ ဒီလိုဖောက်ပြန်သွားလို့ ဖြစ်ရတဲ့ ဒုက္ခကို *'ဝိပရိဏာမဒုက္ခ'* လို့ ခေါ်တယ်။

ချမ်းသာတယ်လို့ထင်ရတဲ့ ပစ္စည်းဥစ္စာတွေဟာ ဖောက်ပြန်ပျက်စီးသွားတာနဲ့ ဒုက္ခဖြစ်စေတယ်နော်။ ဒါကြောင့် ပစ္စည်းဥစ္စာတွေဟာ ချမ်းသာတဲ့တရား မဟုတ်ဘူး၊ ဒုက္ခတရားပဲ။ ဖောက်ပြန်သွားမှ ဒုက္ခထင်ရှားလာလို့ ဝိပရိဏာမဒုက္ခလို့ ခေါ်တာ။

ပြီးတော့တစ်ခါ ရုပ်ဝတ္ထုပစ္စည်းတွေကရော မိမိသန္တာန်မှာရှိကြတဲ့ ရုပ်နာမ်တွေကရော ခဏမစဲတသဲသဲဖြစ်ပျက်နေတဲ့ သင်္ခါရတရားတွေပဲ။ ဒီလို ခဏမစဲဖြစ်ပျက်နေခြင်းဆိုတဲ့ ဒဏ်ချက်တို့ဖြင့် တစ်ရံမစဲ နှိပ်စက်နေခြင်းဟာ အလွန်နာကျင်ခံခက်တဲ့ ဒုက္ခဆင်းရဲပါပဲ။ ဒီဆင်းရဲကိုတော့ *'သင်္ခါရဒုက္ခ'* လို့ ခေါ်တယ်။

သုတမရှိတဲ့ပုထုဇဉ်က ရွှေငွေပစ္စည်းတွေကို ရတဲ့အခါ ဒီပစ္စည်းတွေမှာ ငုပ်လျှိုးတွဲပါလာတဲ့ သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခတို့ကို မမြင်သိလို့ ချမ်းသာကိုရတယ်လို့ ထင်မိတာ။ အမှန်က မြွေပွေးကိုခါးပိုက်

www.burmeseclassic.com

www.burmeseclassic.com



ထဲ ပိုက်ထားမိတာနဲ့ တူတယ်။ ဆင်းရဲဒုက္ခဟာ မကြာမီ ထင်ရှားလာပေလိမ့်မယ်။

ဗုဒ္ဓဘာသာမထွန်းကားတဲ့ အရပ်ဒေသတို့မှာ ဒီလိုတရားမျိုးကို ကြားဖူးမှာမဟုတ်ဘူး။ မြန်မာနိုင်ငံမှာတောင် ဗုဒ္ဓဘာသာဝင် တော်တော်များများက မကြားဖူးကြပါဘူး။ မကြားဖူးတော့ မသိဘူး။ မသိတော့ မဆင်ခြင်တတ်ဘူးပေါ့။ မဆင်ခြင်တတ်တော့ လာဘ်ရမှုနဲ့ ဝမ်းမြောက်ရွှင်လန်းပြီး မြောက်တက်နေကြတာပေါ့။

မြင့်မြင့်မြောက်တက်သွားတဲ့သူဟာ အကျနာတယ်။ ဒါကြောင့် လာဘ်ရခြင်းစတဲ့ အကောင်းလောကဓံနဲ့ဆုံတွေ့တဲ့အခါ မြင့်မြင့်မြောက်တက်သွားတဲ့သူဟာ အဆိုးလောကဓံနဲ့ ဆုံတွေ့ရတဲ့အခါ ထိန်းမနိုင်သိမ်းမရအောင် စိတ်ဆင်းရဲရပေတော့တယ်။

လာဘ်မရတာရယ်၊ ရပြီးသားပစ္စည်းတွေ ပျက်စီးဆုံးရှုံးသွားတာရယ် ဒါတွေနဲ့စပ်ပြီးတော့ မမြဲတဲ့သဘော, ဆင်းရဲတဲ့သဘော, ပြောင်းလဲဖောက်ပြန်တတ်တဲ့သဘောတို့ကို သူမဆင်ခြင်မိဘူး။ မဆင်ခြင်မိတဲ့အတွက် အမှန်တရားတွေကို သူမသိဘူး။

သဘောမှန်ကိုမသိတဲ့ ပုထုဇဉ်ရဲ့ ကြည်လင်ကောင်းမြတ်တဲ့စိတ်ကို လာဘ်မရခြင်းက ကုန်ပျောက်စေပြီး စိတ်ပျက်ဝမ်းနည်းခြင်းနဲ့ ယှဉ်တဲ့ ဒေါသစိတ်က သူ့ရဲ့နှလုံးသားမှာ နေရာယူပြီး ဆက်ကာဆက်ကာ ဖြစ်နေတော့တယ်။

"သူများတွေက လာဘ်ရတယ်၊ ငါကတော့ လာဘ်မရဘူး"

လို့ စဉ်းစားပြီးတော့လည်း စိတ်ပျက်ဝမ်းနည်းနေတတ်တယ်။ "ငါ့ဥစ္စာတွေ ကုန်ပါပြီ၊ ငါ့နှယ် ကံဆိုးလိုက်တာ" စသည်ဖြင့် စဉ်းစားပြီးတော့လည်း စိတ်ပျက်ဝမ်းနည်းနေတတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို စိတ်ပျက်ဝမ်းနည်းနေရင် ကောင်းမြတ်တဲ့ကုသိုလ်စိတ်တွေ ဖြစ်ခွင့်မရဘူး။ အကုသိုလ်စိတ်တို့သာ ထပ်တလဲလဲဖြစ်ပေတော့တယ်။

အထက်မှာပြဆိုခဲ့တဲ့အတိုင်း ကောင်းတဲ့လောကဓံနဲ့ ဆုံတွေ့တဲ့အခါ နှစ်သက်တပ်မက်တဲ့လောဘမူစိတ်တွေ ဖြစ်နေမယ်။ အဆိုးလောကဓံနဲ့ဆုံတွေ့တဲ့အခါ စိတ်ပျက်ဝမ်းနည်းတဲ့ ဒေါသမူစိတ်တွေ ဖြစ်နေမယ်ဆိုရင် ဒီပုဂ္ဂိုလ်ဟာ ဘဝသစ်ဖြစ်ခြင်းမှ မလွတ်မြောက်ဘူး။ အိုခြင်း၊ နာခြင်း၊ သေခြင်းတို့မှ မလွတ်မြောက်ဘူး။ စိုးရိမ်ပူဆွေးရခြင်း၊ ငိုကြွေးရခြင်းတို့မှ မလွတ်မြောက်ဘူး။ ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ စိတ်နှလုံးပြင်းစွာပူပန်ရခြင်းတို့မှ မလွတ်မြောက်ဘူး။ အပါယ်ဆင်းရဲစတဲ့ ဆင်းရဲဟူသမျှတို့မှ မလွတ်မြောက်ဘူးလို့ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူတယ်။

## နှလုံးသွင်းမှန်က ချမ်းသာရ

အကြားအမြင်ရှိတဲ့ ပုထုဇဉ်များနဲ့ အရိယာများတို့က လာဘ်ရတဲ့အခါ ဒီလာဘ်ရခြင်းဟာ မမြဲဘူး၊ ဆင်းရဲပဲ၊ ပြောင်းလဲဖောက်ပြန်ခြင်းသဘောရှိတယ်လို့ ဟုတ်တိုင်းမှန်စွာ သိကြတယ်။ ရလာတဲ့ ပစ္စည်းဉစ္စာတို့ကလည်း မမြဲဘူး၊ ဆင်းရဲတွေပဲလို့ ဆင်ခြင်တတ်ကြတယ်။

ဒီနေရာမှာ ဆင်းရဲတယ်ဆိုတာ သိမ်မွေ့တဲ့သင်္ခါရဒုက္ခနဲ့ ဝိပရိဏာမဒုက္ခတို့ကို ပြောတာနော်။ သင်္ခါရဒုက္ခဆိုတာ မြွေပွေးမှာအဆိပ်ကိန်းနေသလို ပစ္စည်းဥစ္စာတိုင်း၊ ရုပ်နာမ်တိုင်း၊ သင်္ခါရတရားတိုင်းမှာ ခဏမစဲဖြစ်ပျက်နေတဲ့သဘောအဖြစ် ကိန်းပါနေတယ်။ ဝိပရိ

www.burmeseclassic.com



ဇာမဒုက္ခကလည်း ပစ္စည်းဥစ္စာကို အငမ်းမရတပ်မက်ရင် တပ်မက်သလောက် အဲဒီပစ္စည်းဥစ္စာတို့ ဖောက်ပြန်ဆုံးရှုံးသွားတဲ့အခါ ကြီးကျယ်တဲ့ဆင်းရဲကို ဖြစ်ပေါ်စေပါတယ်။

ယခုလို လာဘ်ရကတည်းက ဆင်ခြင်တတ်တဲ့သူဟာ လာဘ်ရခြင်းနဲ့စပ်ပြီး အလွန်အကျွံဝမ်းမြောက်တက်ကြွခြင်း မဖြစ်ဘူး။ ဒါကြောင့် လာဘ်လာဘကို နှစ်သက်သာယာတဲ့ လောဘစိတ်က ကြည်လင် ကောင်းမြတ်တဲ့စိတ်ကို မလွှမ်းမိုးနိုင်ဘူး။

ပြီးတော့ တစ်ခါ ဒီလိုဆင်ခြင်တတ်တဲ့သူဟာ 'လာဘ်မရ'လို့လည်း စိတ်မပျက်ဘူး။ "လာဘ်ရခြင်းဟာ မမြဲဘူးလို့ ငါဆင်ခြင်ခဲ့တဲ့အတိုင်း ယခုအကြောင်းမညီညွတ်လို့ လာဘ်မရတာပဲ"လို့ ဆင်ခြင်ပြီး သည်းခံနိုင်တယ်။ ရထားပြီးတဲ့ပစ္စည်းတွေက အကြောင်းတစ်မျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးသွားရင်လည်း အလွန်အကျွံ စိတ်ပျက်ဝမ်းနည်းခြင်း မဖြစ်ဘူး။ "အရင် ငါဆင်ခြင်ထားတဲ့အတိုင်း မမြဲတဲ့ တရားတွေ, ပျက်စီးတတ်တဲ့တရားတွေဖြစ်လို့ ပျက်စီးသွားကြတာပဲ"လို့ ဆင်ခြင်ပြီး သည်းခံနိုင်တယ်။

ပန်းကန်ခွက်ယောက်စတဲ့ ကွဲတတ်တဲ့ပစ္စည်းတွေဟာ လွတ်ကျရင် ကွဲမှာပဲ။ ရေဒီယိုကက်ဆက်တွေကလည်း အခန့်မသင့်ရင် ပျက်တာပဲ။ မော်တော်ကား၊ မော်တော်ဆိုင်ကယ်တို့ကလည်း တိုက်ခိုက်မိရင် ပျက်စီးမှာပဲ။ ဒီလိုကွဲပြဲပျက်စီးသွားလို့ စိတ်ပျက်ဝမ်းနည်းနေရင် မောင်းမဲအပြစ်တင်နေရင် ယောနိသောမနသိကာရလွတ်သွားပြီ။

**Don't cry over spilt milk.**

*ဖိတ်စဉ်သွားတဲ့ နို့အတွက် ငိုမနေပါနဲ့။*

www.burmeseclassic.com

www.burmeseclassic.com



ငိုနေလို့ကော ဖိတ်သွားတဲ့နို့ဟာ ပြန်ရောက်လာပါ့မလား။ မရောက်တဲ့အပြင် ငိုနေတဲ့အတွက် ပိုပြီးဆင်းရဲရပါတယ်။ ဒါကြောင့် ပစ္စည်းဥစ္စာတွေ ဆုံးရှုံးသွားတဲ့အခါ စိတ်ပျက်ဝမ်းနည်း, မောင်းမဲ အပြစ်တင်နေမယ့်အစား ယောနိသောမနသိကာရကို ထွေးပိုက်ပါ။

"ပစ္စည်းသင်္ခါရ၊ လူသင်္ခါရပဲ၊ သင်္ခါရတရား (ရုပ်နာမ်) တွေဟာ မမြဲတဲ့ အနိစ္စတရား၊ ဆင်းရဲတဲ့ ဒုက္ခတရား၊ အစိုးမရတဲ့ အနတ္တတရား တွေပဲ၊ သင်္ခါရတရား ပျက်စီးသွားတဲ့အတွက် ငါဝမ်းနည်းပူဆွေးနေ ရင် အကုသိုလ်စိတ်တွေဖြစ်ပြီး ပူလောင်နေလိမ့်မယ်၊ ကုသိုလ်စိတ် တွေဖြစ်အောင် အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတို့ကို ငါဆင်ခြင်နေမယ်၊ ပြီးတော့ ပြုပြင်သင့် လုပ်သင့်တဲ့ အပြုလုပ်ငန်းကို ငါလုပ်မယ်"

ဒီလို အသင့်အတင့်နှလုံးသွင်းဆင်ခြင်လိုက်ရင် စိတ်ညစ် စိတ် ပျက်ခြင်း အလွန်အကျွံမဖြစ်ဘဲ အများကြီးသက်သာသွားပါလိမ့်မယ်။

## အခြွေအရံ ပြည့်စုံခြင်း မပြည့်စုံခြင်း

တစ်ဖန် အကြားအမြင်ရှိတဲ့ပုဂ္ဂိုလ်ဟာ အခြွေအရံနဲ့ ပြည့်စုံနေ တဲ့အခါ "အခုလိုချည်း အခြွေအရံပြည့်စုံနေမှာမဟုတ်ဘူး။ အခြွေ အရံဆိုတာကလည်း သင်္ခါရဒုက္ခ၊ ဝိပရိဏာမဒုက္ခတွေပဲ၊ ဖောက်ပြန် ပြောင်းလဲသွားတဲ့အခါ ဆင်းရဲရတာပဲ" လို့ ဆင်ခြင်ပါ။

ကိုယ့်ဇနီး/ခင်ပွန်း၊ သားသမီး၊ ဆွေမျိုး၊ မိတ်သင်္ဂဟ၊ တပည့် တပန်းတို့နဲ့ တစ်နေ့ကျရင် ခွဲခွာရမှာပဲလို့လည်း ကြိုတင်ဆင်ခြင်ထား သင့်တယ်။ မိမိရဲ့အသက် မမြဲခြင်းကိုလည်း မကြာခဏဆင်ခြင်ထား သင့်တယ်။ ဒီလိုဆင်ခြင်တာဟာ အမင်္ဂလာမဟုတ်ဘူး၊ မင်္ဂလာပါ

www.burmeseclassic.com

www.burmeseclassic.com



ပဲ။ ပွဲမဝင်ခင် ကြိုတင်ပြင်ဆင်ထားတဲ့အတိုင်း တစ်နေ့ကြုံဆုံလာရရင် သည်းခံနိုင်ပါတယ်။ တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်ပါတယ်။

အခြေအရံမဲ့နေတဲ့အခါမှာလည်း "ဒီလိုချည်း အခြေအရံမဲ့နေမှာ မဟုတ်ဘူး၊ အကြောင်းညီညွတ်တဲ့အခါ အခြေအရံတွေကို ရဦးမှာပဲ၊ အခြေအရံရှိရင် အခြေအရံကို အကြောင်းပြုပြီး ဆင်းရဲဒုက္ခရောက်ရတယ်။ အခြေအရံမရှိတော့ အဲဒီဆင်းရဲငြိမ်းတာပေါ့၊ တစ်ကိုယ်တည်း နေရတာက လွတ်လပ်ပြီး ချမ်းသာပါတယ်"လို့ ဆင်ခြင်နှလုံးသွင်းပါ။

## ချီးမွမ်းတစ်လှည့် ကဲ့ရဲ့တစ်တန်

လူတွေက ကိုယ့်ကို ချီးမွမ်းကြတဲ့အခါ "ဒီလို ချီးမွမ်းကြတာဟာ ခဏပါပဲ၊ တော်ကြာရင် အခုချီးမွမ်းကြတဲ့လူတွေက ငါ့ကို ပြန်ကဲ့ရဲ့ချင် ကဲ့ရဲ့နေကြမှာ၊ အချီးမွမ်းခံရတဲ့ ငါကလဲ ရုပ်နာမ်မျှပဲ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောမျှသာပဲ၊ ငါ့ရုပ်နာမ်မှာ အနှစ်သာရမရှိသလို ချီးမွမ်းခြင်းမှာလည်း အနှစ်သာရမရှိပါဘူး"လို့ ဆင်ခြင်နှလုံးသွင်းပါ။ ဒီလိုဆင်ခြင်ထားရင် အလွန်အကျွံတက်ကြွဝမ်းမြောက်ခြင်း မဖြစ်ဘူး။ နောင်တစ်ချိန်မှာ အကဲ့ရဲ့ခံရရင်လည်း သည်းခံနိုင်တယ်။

အကဲ့ရဲ့ခံရတဲ့အခါမှာ "ကဲ့ရဲ့ခြင်းဆိုတာ မမြဲပါဘူး၊ ချီးမွမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ဆိုတဲ့စကားရှိတယ်၊ ယခု ကဲ့ရဲ့နေကြတဲ့သူတွေဟာ နောင်တစ်ချိန်မှာ ငါ့ကို ချီးမွမ်းရင်ချီးမွမ်းနေကြမှာ၊ ကဲ့ရဲ့ခံရတဲ့ ငါကလဲ ရုပ်နာမ်မျှပဲ၊ အနိစ္စ, ဒုက္ခ, အနတ္တတရားမျှသာပဲ၊ ဘာမှ ထိခိုက်ဆုံးရှုံးသွားတာ မဟုတ်ဘူး၊ ကိုယ်ကောင်းရင် ခေါင်းဘယ်

www.burmeseclassic.com

www.burmeseclassic.com



မရွေ့၊ ကဲ့ရဲ့တဲ့သူတွေသာ အကုသိုလ်ဖြစ်ပြီး အကျိုးယုတ်ကြမှာ” စသည်ဖြင့် ဆင်ခြင်ပါ။

ဒီလိုဆင်ခြင်ရင် အလွန်အကျွံစိတ်ပျက်ဝမ်းနည်းခြင်း မဖြစ်ဘူး။ ကောင်းမြတ်တဲ့ဘာဝနာကုသိုလ်တွေ ဖြစ်ပွားပါတယ်။ ကဲ့ရဲ့ခြင်းတွေကလည်း ခုနစ်ရက်အတွင်းမှာပဲ တိတ်ဆိတ်သွားကြပါလိမ့်မယ်။

## ဆင်းရဲတစ်ခါ ချမ်းသာတစ်လှည့်

အလိုရှိတာကို ရပြီး အလိုရှိတိုင်းသုံးဆောင်နေရလို့ ချမ်းသာနေတဲ့အခါ “ဒီလိုချည်း အမြဲတမ်းချမ်းသာနေမှာမဟုတ်ဘူး၊ အကြောင်းမညီညွတ်ရင် ဒီလိုချမ်းသာတွေ ကွယ်ပျောက်ပြီး ဆင်းရဲတွေရောက်လာနိုင်တယ်၊ ယခုကျန်းမာနေပေမယ့် မကြာခင် ဖျားနာပြီးဆင်းရဲနိုင်တယ်၊ ချမ်းသာသုခဆိုတာကလဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဝိပရိဏာမတရားပဲ။ ငါကိုယ်တိုင်ကလဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောရှိတဲ့ ရုပ်နာမ်မျှသာပဲ”စသည်ဖြင့် ဆင်ခြင်ပါ။

ဒီလိုဆင်ခြင်ရင် ဘဝင်မြောက်တက်မသွားဘူး၊ အောက်ခြေလွတ်မသွားဘူး၊ ကုသိုလ်တရားတို့နဲ့ ကင်းပြတ်မသွားဘူး၊ ချမ်းသာကွယ်ပျောက်ပြီး ဆင်းရဲဒုက္ခရောက်လာတဲ့အခါ သည်းခံနိုင်ပြီး သက်သာရာရနိုင်တယ်။

အကြောင်းမညီညွတ်လို့ ဆင်းရဲဒုက္ခရောက်နေတဲ့အခါ “ဒီလိုချည်း အမြဲဆင်းရဲနေမှာမဟုတ်ဘူး၊ ကုသိုလ်အကျိုးပေးလို့ အကြောင်းညီညွတ်လာရင် ချမ်းသာကို ရလာမှာပဲ၊ ဒီဆင်းရဲဒုက္ခကလဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဝိပရိဏာမတရားပဲ၊ ငါကိုယ်တိုင်ကလဲ အနိစ္စ၊ဒုက္ခ၊ အနတ္တသဘောရှိတဲ့ ရုပ်နာမ်မျှသာပဲ”စသည်ဖြင့် ဆင်ခြင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုဆင်ခြင်နေရင် ကိုယ်ဆင်းရဲနဲ့ တွေ့ကြုံနေရပေမယ့် စိတ်ဆင်းရဲအဖြစ်နည်းပြီး သက်သာပါတယ်။ စိတ်ဆင်းရဲမှုဖြစ်ပေါ်လာရင်လည်း ဒီစိတ်ဆင်းရဲမှုကို စိတ်စူးစိုက်ပြီး "ဆင်းရဲတယ်...ဆင်းရဲတယ်"လို့ ဆင်းရဲတဲ့သဘောမျှသာပဲ၊ ဖြစ်ဖြစ်ပြီး ပျက်ပျက်နေတဲ့ ဒေါမနဿဝေဒနာမျှသာပဲလို့ ထင်မြင်အောင်ရှုမှတ်ပါ။ သမာဓိဉာဏ်အားကောင်းနေတဲ့အခါဆိုရင် ဒီလိုတစ်ချက်နှစ်ချက်ရှုမှတ်လိုက်တာနဲ့ စိတ်ဆင်းရဲပျောက်ပြီး ချမ်းသာသွားနိုင်ပါတယ်။

## ဆူးနှစ်ချောင်း မစူးပါစေနဲ့

ခြေဖဝါးမှာ ဆူးစူးနေတာကို နောက်ဆူးတစ်ချောင်းနဲ့ ထိုးပြီး ထွင်တယ်။ ဒုတိယဆူးကလည်း အသားထဲမှာကျိုးပြီး ကျန်ရစ်တယ်။ ဒီလိုဆိုရင် ပထမဆူးကြောင့်လည်း နာရတယ်။ ဒုတိယဆူးကြောင့်လည်း နာရတယ်။ အနာနှစ်ထပ်ကွမ်းဖြစ်သွားတာပေါ့။

ဖျားနာနေတဲ့ လူတစ်ယောက်က "ငါ့နှယ် ကံဆိုးလိုက်တာ၊ သူများတွေကျတော့ ကျန်းမာလို့၊ ငါကဖြင့် ရောဂါတစ်မျိုးပြီးတစ်မျိုးဖြစ်နေတာပဲ"စသည်ဖြင့် စိတ်မကောင်းစရာတွေကို ကြံတွေးနေရင် ဒီလူဟာ ဆူးနှစ်ချောင်းစူးနေတဲ့လူနဲ့အတူတူပဲ။ ဘာကြောင့်လဲဆိုတော့ ဒီလူဟာ ရောဂါကြောင့်လည်း ဆင်းရဲနေရတယ်။ စိတ်မကောင်းစရာ ကြံတွေးနေလို့လည်း စိတ်ဆင်းရဲရတယ်။ ကိုယ်ဆင်းရဲနဲ့ စိတ်ဆင်းရဲဆိုတော့ ဆင်းရဲနှစ်ထပ်ကွမ်း ဖြစ်သွားတာပေါ့။

ဆန်ကြမ်းထမင်းကို ငါးပိတို့စရာမျှလောက်နဲ့ စားနေရတဲ့လူဟာ အဲသလိုစားနေရတဲ့အတွက် စိတ်မကောင်းဖြစ်နေရင် ဆူးနှစ်ချောင်း စူးတာပဲ။ ဆန်ကြမ်းထမင်းကို ငါးပိတို့စရာမျှလောက်နဲ့ မျှော

www.burmeseclassic.com

www.burmeseclassic.com



ချနေရတဲ့ ဆင်းရဲက တစ်ခု၊ စိတ်မကောင်းဖြစ်နေတဲ့ဆင်းရဲက တစ်ခု၊ ဆင်းရဲနှစ်ခုကို ခံစားနေရတယ်။

သူတစ်ပါးက ကိုယ့်ကို မတရားနှိပ်စက်ညှဉ်းပန်းနေတာကို မကျေမချမ်းဖြစ်နေရင်လည်း ဆူးနှစ်ချောင်းစူးခံနေရတာကို သတိပြုပါ။ ဘာပဲဖြစ်ဖြစ် ကိုယ်ဆင်းရဲပေါ်မှာ စိတ်ဆင်းရဲထပ်ဆင့်ရင် ဆူးနှစ်ချောင်း စူးခံရတာပဲ။

ဆူးနှစ်ချောင်းမစူးအောင် ကုသတဲ့နည်းက စိတ်ဆင်းရဲမှုမဖြစ်အောင် ယောနိသောမနသိကာရနဲ့ ထိန်းပါ။ ကိုယ်မှာ အနာရောဂါဖြစ်နေရင် ဆေးဝါးကုသတဲ့နည်းနဲ့ ပြုပြင်စရာရှိတာကို ပြုပြင်ပါ။ ပြီးတော့ အဲဒီအနာရောဂါကို စူးစိုက်ပြီးနှလုံးသွင်းပါ။ နာနေတဲ့နေရာမှာ နာတဲ့သဘောမျှထင်မြင်လာအောင် ရှုမှတ်ပါ။ "ငါ နာလိုက်တာ၊ ငါ ကံဆိုးလိုက်တာ" စသည်ဖြင့် နှလုံးမသွင်းပါနဲ့၊ ငါ မပါပါစေနဲ့၊ ငါမပါရင် ခံသာပါတယ်။

ကိုယ်ထဲ နာတာကို စိတ်ဆီမကူးစက်ပါစေနှင့်။ နာကျင်တဲ့ခံစားမှုကို ခံစားမှု (ဝေဒနာ) သဘောမျှ ထင်မြင်အောင် ရှုမှတ်ပါ။ ဝေဒနာကလည်း ဖြစ်ပြီးပျက်နေတဲ့တရားပဲလို့ ပေါ်လွင်လာအောင်ရှုမှတ်ပါ။ ဒီလိုရှုမှတ်နိုင်ရင် ဒုက္ခဝေဒနာဟာ သက်သာပြီး ပျောက်ကင်းသွားတတ်ပါတယ်။ လုံးလုံးမပျောက်ရင်တောင် စိတ်ဆင်းရဲမှုမဖြစ်တဲ့အတွက် ကိုယ်ဆင်းရဲတစ်မျိုးကိုသာ ခံစားရပါတယ်။

ကိုယ်မှာဖြစ်တဲ့ ဒုက္ခဝေဒနာကို ရှုမှတ်ပြီး ပယ်ရတဲ့ သတိပဋ္ဌာန်နည်းဟာ ဒေါသမူစိတ်မဖြစ်အောင် တားဆီးနိုင်ပြီး ကုသိုလ်စိတ်ဖြင့် ချမ်းသာနေတဲ့အတွက် ဘဝချမ်းသာရေးအတွက် အလွန်ကောင်းမြတ်တဲ့ ဆေးနည်းတစ်ခုဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## နှင်လားဟဲ့ လောကဓံ

အထက်မှာဖော်ပြခဲ့တဲ့အတိုင်း အာဂမသုတ၊ အဓိဂမသုတတို့နဲ့ပြည့်စုံတဲ့သူတို့ဟာ ယောနိသောမနသိကာရကို လက်ကိုင်ထားပြီး သင့်လျော်အောင် ဆင်ခြင်ရှုမှတ်နိုင်တဲ့အတွက် ချမ်းသာသုခနဲ့တွေ့ရင်လည်း အဲဒီချမ်းသာသုခက စိတ်ကိုလွှမ်းမိုးပြီးမတည်ဘူး။ ဆင်းရဲဒုက္ခနဲ့တွေ့ရင်လည်း အဲဒီဆင်းရဲဒုက္ခက စိတ်ကိုလွှမ်းမိုးပြီး မတည်ဘူး။ ဆင်ခြင်ရှုမှတ်တဲ့စိတ်ကသာ အဲဒီသုခဒုက္ခကို လွှမ်းမိုးပြီး တည်နေတယ်။

ဒါကြောင့် ကောင်းမြတ်တဲ့ ကုသိုလ်စိတ်တွေ ဖြစ်ခွင့်ရနေပြီး မကောင်းတဲ့ အကုသိုလ်စိတ်တွေ ဖြစ်ခွင့်မရဘူး။ ဒါဟာ လောကဓံကို အနိုင်ရတာပဲ။

လောကဓံတရားတို့ တစ်ဖန်နှာလန်မထူနိုင်အောင် ပြတ်ပြတ်သားသား အနိုင်ရယူလိုသူတို့အဖို့ ယောနိသောမနသိကာရမှုဖြင့် မရပ်နားဘဲ မဟာသတိပဋ္ဌာန်နည်းဖြင့် ဒွါရခြောက်ပါးမှာ ဖြစ်ပေါ်လာသမျှသော ရုပ်နာမ်တရားတို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောထင်အောင် ရှုမှတ်ပေးပါ။ ဝိပဿနာဉာဏ်အဆင့်ဆင့် ရင့်သန်လာပြီးတော့ အရိယမဂ်လေးတန်ဖြင့် ကိလေသာဟူသမျှတို့ကို ရိုက်ချိုးပယ်သတ်နိုင်တဲ့အခါ လောကဓံတရားတို့ကို အပြီးအပိုင် အနိုင်ရပြီဖြစ်ပေတယ်။

(လောကဓံတရားတို့နဲ့ ဆုံတွေ့တဲ့အခါ ရှုဆင်ခြင်ပုံအကျယ်ကို မဟာစည်ဆရာတော်ဘုရားရဲ့ 'လောကဓံတရားတော်'မှာ ဖတ်ရှုပါ။ ဒီမှာတော့ လိုရင်းအကျဉ်းမျှလောက်ကိုပဲ တင်ပြထားပါတယ်။)

www.burmeseclassic.com

www.burmeseclassic.com



## ကာမဂုဏ်ချမ်းသာ

လူအများသိနေကြတဲ့ ချမ်းသာက ကာမဂုဏ်ချမ်းသာ။ ကာမဂုဏ် ချမ်းသာဟာ နှစ်သက်ဖွယ်ကောင်းတယ်၊ ကာမဂုဏ်ချမ်းသာ ထက် သာလွန်တဲ့ချမ်းသာဟာ လောကမှာမရှိဘူးလို့ ထင်မှတ်နေကြ တယ်။

ဒါကြောင့် ရှေးပဝေသဏီမှ အခုအထိ လူတွေဟာ ကာမဂုဏ် ချမ်းသာနောက်ကို တကောက်ကောက်လိုက်ခဲ့ကြတယ်။ လွန်ခဲ့တဲ့ နှစ် ၃၀၀၀ လောက်က အစ္စရေးပညာရှိဘုရင်ကြီးတစ်ပါးအဖြစ် ကျော် ကြားခဲ့တဲ့ **'ဆော်လမုန်ဘုရင်'** က ဒီလို မိန့်ဆိုခဲ့တယ်...

"နေမင်းအောက်မှာ လူတစ်ယောက်အဖို့ စားခြင်း, သောက်ခြင်း, ပျော်ပျော်နေခြင်းထက် ကောင်းတဲ့အရာဆိုတာ မရှိဘူး၊ ဒါကြောင့် ပျော်ပျော်ရွှင်ရွှင်စားကြ၊ ပျော်ပျော်ရွှင်ရွှင် ဝိုင်အရက်ကို သောက်ကြ၊ ချစ်မြတ်နိုးဖွယ်ကောင်းတဲ့ ဇနီးမယားတို့နဲ့အတူ သက်ဆုံးတိုင် မွေ့ လည်တွဲကြ"

နှစ်ဆယ်ရာစုနှစ်သို့ ရောက်လာတဲ့အခါ ရုရှားဝန်ကြီးချုပ် ဖြစ် ခဲ့တဲ့ **'ခရုးရှက်'** က *'ဘဝဆိုတာ တိုတိုကလေး၊ ပျော်ပျော်နေလိုက် စမ်းပါ'* လို့ အကြံပြုတယ်။

တွေးခေါ်ရှင် **'အမ်ဆေါဂီ'** ကလည်း *'ဘဝဟာ တိုသထက်တိုလာ တယ်၊ နေ့ရက်တွေက အကုန်မြန်သထက် မြန်လာတယ်၊ တို့တစ်တွေ နေ့ရောညဥ့်ပါ ပျော်သထက်ပျော်အောင် နေထိုင်ကြပါစို့'* လို့ တိုက် တွန်းပြန်တယ်။

မြန်မာတို့ရဲ့ 'ပျော်ပျော်နေ သေခဲတယ်' ဆိုတဲ့ ဝါဒကလည်း

www.burmeseclassic.com

www.burmeseclassic.com



ကာမဂုဏ်ရေစီးကြောင်းမှာ ဘဝကို ရေစုန်မျှောပြီး ပေါ့ပေါ့တန်တန် အပူအပန်မရှိဘဲ ပျော်ပျော်ရွှင်ရွှင်နေထိုင်ကြဖို့ ဆော်သြနေပါတယ်။

ကာမဂုဏ်ချမ်းသာဆိုတာ ဘယ်လိုချမ်းသာမျိုးလဲ။ ကာမဂုဏ်ချမ်းသာကို လူတွေ ဘာကြောင့်နှစ်သက်နေကြတာလဲ။ ကာမဂုဏ်ချမ်းသာဆိုတာ ဘဝချမ်းသာအစစ်လား။ ကာမဂုဏ်ချမ်းသာကို မြတ်စွာဘုရားလောက် ဘယ်သူမှ နက်နက်နဲနဲ စေ့စေ့စပ်စပ် မဆန်းစစ်တတ်ပါဘူး။ **'မဟာဒုက္ခက္ခန္ဓသုတ်တော်'** မှာ မြတ်စွာဘုရား ဒီလိုဟောကြားတော်မူတယ်...

"ရဟန်းတို့...ကာမဂုဏ်ဆိုတာ ဘာလဲ၊ ကာမဂုဏ်တို့ရဲ့ သာယာဖွယ်ဆိုတာ ဘာလဲ၊ ရဟန်းတို့...ကာမဂုဏ်ဆိုတာ ငါးပါးပဲ ရှိတယ်၊ အဘယ်ငါးပါးလဲဆိုရင် လိုချင်ဖွယ်, နှစ်သက်ဖွယ်, မြတ်နိုးဖွယ်, ချစ်ခင်ဖွယ်သဘောရှိပြီး တဏှာက လိုချင်တပ်မက်တဲ့ ရူပါရုံ (အဆင်း)၊ သဒ္ဒါရုံ (အသံ)၊ ဂန္ဓာရုံ (အနံ့)၊ ရသာရုံ (အရသာ)နဲ့ ဖောဋ္ဌဗ္ဗာရုံ (အတွေ့အထိ) တို့ပါပဲ၊ ဒီအာရုံငါးပါးကိုအကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ ချမ်းသာခြင်း, ဝမ်းမြောက်ခြင်းတို့ဟာ ကာမဂုဏ်တို့ရဲ့ သာယာဖွယ်ဖြစ်ပေတယ်"

မြတ်စွာဘုရား အရင်းစစ်ပေးလိုက်တာ သိပ်ကောင်းတယ်။ အစက တိုက်ကြီးဝင်းကြီးနဲ့နေရမှ၊ ဆလွန်းကားလှလှငြိမ့်ငြိမ့်ကလေးကို စီးရမှ၊ တန်ဖိုးကြီးတဲ့ အဝတ်အစားတွေကို ဝတ်ပြီး ဟိုတယ်ကြီးတွေမှာ တက်စားရမှ၊ ရုပ်မြင်သံကြား, ရေခဲသေတ္တာ, ရေဒီယို, ဗီဒီယို, အအေးပေးစက် စတာတွေကို သုံးနိုင်မှ ကာမဂုဏ်စည်းစိမ်ကို ခံစားရတယ်လို့ ကျွန်တော်တို့ထင်မိခဲ့ကြတာ။

မြတ်စွာဘုရားက ဓိမ်ခံပစ္စည်းတွေ ဘယ်လောက်အမျိုးအစား

www.burmeseclassic.com

www.burmeseclassic.com


များများ၊ ကာမဂုဏ်ချမ်းသာတွေက ဘယ်လောက်ကောင်းကောင်း တကယ်ခံစားနေကြရတာက အဆင်းကိုမြင်ခြင်း၊ အသံကိုကြားခြင်း၊ အနံ့ကိုနံသိခြင်း၊ အရသာကိုစားသိခြင်းနဲ့ အထိအတွေ့ကိုထိသိခြင်း တို့ပါပဲ။ ဒါထက်မပိုပါဘူး။

ဒီအာရုံငါးပါးကို ထပ်ပြီးအရင်းစစ်ပါဦး။ သူတို့ဟာ ဘာတွေလဲ။ ဘာဖြစ်လို့ နှစ်သက်ဖွယ် သာယာဖွယ်ဖြစ်ရသလဲ၊ သူတို့နဲ့တွေ့ရင် ဘာဖြစ်လို့ ချမ်းသာခြင်း, ဝမ်းမြောက်ခြင်းတို့ ဖြစ်ရသလဲ။

## သိပ္ပံရှုထောင့်မှ ဆန်းစစ်ချက်

**'ရူပါရုံ'** ဆိုတဲ့ အဆင်းသဏ္ဌာန်တစ်ခုကိုမြင်တာဟာ အဲဒီ အဆင်းသဏ္ဌာန်ရဲ့ ပုံရိပ်ကိုမြင်ခြင်းသာဖြစ်တယ်။ အမျိုးသမီး တစ်ယောက်ကို ဓာတ်ပုံရိုက်တဲ့အခါ သူမရဲ့ခန္ဓာကိုယ်နဲ့ အဝတ်အစားများမှ ပြန်ထွက်လာကြတဲ့ အလင်းတန်းများဟာ ကင်မရာမှန်ဘီလူးကိုဖြတ်ပြီး ဖလင်ပြားပေါ် ကျရောက်ကြတယ်။ ဖလင်ပြားပေါ်မှာ အလင်း အနည်းအများအလိုက် ပုံရိပ်ထင်လာတယ်။

ထိုအမျိုးသမီးကိုကျွန်တော်တို့ကြည့်တဲ့အခါမှာလည်း သူ့ကိုယ်ပေါ်က ပြန်ထွက်လာကြတဲ့ အလင်းတန်းများက မျက်စိမှန်ဘီလူးကို ဖြတ်ပြီး အမြင်လွှာ (Retina) မှာ ပုံရိပ်ထင်လာစေတယ်။ ဒီပုံရိပ်ကို အာရုံကြောများက ဦးနှောက်သို့ သတင်းပို့တယ်။ ဦးနှောက်က ယခင် မှတ်သားထားချက်များနဲ့ ယှဉ်စပ်ပြီး ဒီအမျိုးသမီးဟာ ဘယ်သူပဲ၊ ဒီလိုပုံသဏ္ဌာန်မျိုးဟာ လှတယ်၊ ဟိုလိုပုံသဏ္ဌာန်မျိုးက အကျည်းတန်တယ် စသည်ဖြင့် ဆုံးဖြတ်ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ကျွန်တော်တို့မြင်တွေ့နေရတဲ့အရာအားလုံးဟာ ပုံရိပ်တွေချည်းပဲ။ ဒါကြောင့်လည်း ခေါမတွေးခေါ်ရှင်ကြီး **'ပလေတို'** က 'ကျွန်တော်တို့မြင်တွေ့နေကြတဲ့ လောကဟာ အစစ်အမှန်လောက မဟုတ်ဘဲ ပုံရိပ်လောကမျှသာ ဖြစ်တယ်'လို့ ထုတ်ဖော်ပြောဆိုခဲ့တယ်။

ပြီးတော့ 'လှတယ်၊ အကျည်းတန်တယ်' ဆိုတာတွေကို ပုံရိပ်ထဲမှာ ထောက်ပြလို့ရသလား။ အမြင်လွှာမှာထင်နေတဲ့ပုံရိပ်ကို ကိုင်ပြလို့ မရသလို 'လှတယ်၊ အကျည်းတန်တယ်'ဆိုတာတွေကိုလည်း ကိုင်ပြလို့မရဘူး။

ပြီးတော့ သိပ္ပံပညာရှင်တွေ ဆိုကြသေးတယ်။

**Beauty is skin deep.**

အလှဆိုတာ အရေပြားတစ်ထောက်စာပဲ နက်တယ်တဲ့။

အလှပဂေးတစ်ဦးရဲ့ ခန္ဓာကိုယ်ပေါ်က အရေပြားပါးပါးကလေးကို ခွာလိုက်ရင် ဘယ်လိုဖြစ်သွားမလဲ။ အမဲဈေးမှာ ချိတ်ဆွဲထားတဲ့ အမဲပေါင်လုံး၊ ဆိတ်သားကောင်လုံးတို့နဲ့ ဘာမှထူးခြားမှာ မဟုတ်တော့ပါဘူး။

ဒီလိုဆိုရင် ရုပ်ခန္ဓာမှာ အနှစ်သာရရှိသေးသလား။ ရုပ်ခန္ဓာကို တမ်းတမ်းစွဲပြီး တပ်မက်တွယ်တာနေကြတာဟာ တံလျှပ်ကို ရေထင်သလို ဖြစ်မနေဘူးလား။

**'သဒ္ဒါရုံ'** ဆိုတဲ့ အသံကို ဆန်းစစ်ပါဦး။ မေဆွိ၊ မေခလာ၊ ကိုင်ဇာတို့ရဲ့အသံတွေဟာ သိပ်သာယာတာပဲလို့ ပြောဆိုနေကြတာကို ထောက်ရှုရင် လူတစ်ဦးစီရဲ့အသံဟာ ထူးထူးခြားခြား ကွဲကွဲပြားပြား တည်ရှိနေသလို ထင်ရတယ်။ သိပ္ပံသဘောနဲ့ဆန်းစစ်ရင် ဒီအသံတွေဟာ လေမော်လီကျူးတို့ရဲ့ တုန်ခါမှုတွေပါပဲ။

www.burmeseclassic.com

www.burmeseclassic.com


အဆိုတော်တစ်ဦးက သီချင်းသီဆိုတဲ့အခါ သူ့အဆုတ်မှလွှတ်ထုတ်တဲ့လေက သူ့ရဲ့လျှာခင်ကို တုန်ခါစေတယ်။ လျှာခင်က ပါးစပ်ထဲရှိ လေမော်လီကျူးများကို တုန်ခါစေတယ်။ သူ့ရဲ့ပါးစောင် မေးရိုး နှုတ်ခမ်းတို့က လေတုန်ခါမှုကို ထူးခြားစေကြတယ်။ ဒီလေတုန်ခါမှုက အသံလှိုင်းအဖြစ် လေမော်လီကျူးအဆက်ဆက် ကူးစက်သွားပြီး ကျွန်တော်တို့ရဲ့နားစည်ကို ရိုက်ခတ်တယ်။ နားစည်က လေတုန်ခါမှုအတိုင်း လိုက်တုန်ခါပြီး ဒီတုန်ခါမှုကို ဦးနှောက်က သာယာတဲ့အသံလို့ အဓိပ္ပာယ်ဖော်ပေးတယ်။

သံပုံးတီးသံ၊ တူထုသံ၊ မော်တော်ကားဟွန်းသံ စသည်တို့က ဖြစ်ပေါ်စေကြတဲ့ အသံလှိုင်းတို့ဟာ နားစည်ကို ဝုန်းဒိုင်းရိုက်ခတ်ကြတဲ့အတွက် ဒီအသံတွေကို ဆူညံသံလို့ ဦးနှောက်က အဓိပ္ပာယ်ဖော်ပေးတယ်။

ဒါကြောင့် အသံဆိုတာ တုန်ခါမှုပဲ။ တုန်ခါမှုမှာ အကောင်အထည် မရှိသလို အသံမှာလည်း အကောင်အထည်မရှိဘူး၊ အကောင်အထည်မရှိရင် စွဲလမ်းတပ်မက်စရာ အနှစ်သာရလည်း မရှိဘူးပေါ့။

**'ဂန္ဓာရုံ'**ဆိုတဲ့ အနံ့ဟာ အနံ့ရှိတဲ့ အရာဝတ္ထုမှ အငွေ့ပြန်ထွက်လာကြတဲ့ ဒြပ်ပေါင်းမော်လီကျူးတွေပဲ။ စံပယ်ပန်းအနံ့ဆိုရင် စံပယ်ပန်းမှ အငွေ့ပြန်ထွက်နေတဲ့ မော်လီကျူးတွေပဲ။ ဒီမော်လီကျူးတို့က လေထဲပျံ့နှံ့ပြီး နှာနုရည် (နှာအကြည်) နဲ့ ထိတွေ့တဲ့အခါ ဓာတုဗေဒသဘောအရ ဓာတ်တုံ့ပြန်မှုဖြစ်တယ်။ ဒါကို ဦးနှောက်က မွှေးတဲ့အနံ့လို့ အဓိပ္ပာယ်ဖော်ထားတယ်။

ဘဲဥပုပ်, ငါးပုပ် စသည်တို့က ဟိုက်ဒရိုဂျင်ဆာလဖိုဒ်ဓာတ်ငွေ့

www.burmeseclassic.com

www.burmeseclassic.com



ကို လွှတ်ထုတ်ကြတယ်။ ဒီဓာတ်ငွေ့နဲ့ နှာနုရည် ထိတွေ့တဲ့အခါ နံတယ်လို့ ဦးနှောက်က အဓိပ္ပာယ်ဖော်ပေးတယ်။

အော်ဒီကလုံးရေမွှေး၊ မက်(ခ်စ်) ဖက်တာ မျက်နှာချေ၊ ပွန်း(ဒ်) ကိုယ်လိမ်းပေါင်ဒါ စသည်တို့ကို အသုံးပြုထားတဲ့ အမျိုးသမီးတစ်ဦး ဖြတ်လျှောက်သွားတဲ့အခါ မွှေးတဲ့ရနံ့တွေ သင်းပျံ့ပြီးကျန်ရစ်တာ ဟာ အမျိုးသမီးရဲ့ကိုယ်နံ့မဟုတ်ပါဘူး၊ အမွှေးနံ့သာတို့ရဲ့ မော်လီကျူးများက အငွေ့ပြန်ကျန်ရစ်ကြတဲ့ အနံ့သာ ဖြစ်ပါတယ်။

ရေမွှေးနံ့တွေကို များများရှူရင် ထုံထိုင်းလာပြီး ကျန်းမာရေးကို ထိခိုက်စေပါတယ်။ ဒါကြောင့် လေကောင်းလေသန့်ကို ရှူရတာ လောက် မကောင်းဘူး။ ဒီအတွက်ကြောင့် အမွှေးနံ့ဆိုတာလည်း တပ်မက် တွယ်တာစရာမရှိဘူး။

**'ရသာရုံ'** ဆိုတဲ့ အရသာဟာ လျှာရည်မှာ အစာပျော်ဝင်ပြီး အစာ ရည်နဲ့လျှာအထက်ပြင်ပေါ်ရှိ အရသာခံအဖုများ (taste buds) ဆုံ တွေ့ကြတဲ့အခါ ဖြစ်ပေါ်လာတယ်။ မာခြောက်အောင် ကြော်လှော် ထားတဲ့အစာတွေဟာ ကြာကြာဝါးမှ လျှာရည်ထဲပျော်ဝင်ပြီး အရသာ ကို ပေါ်လွင်လာစေတယ်။ ကြာကြာဝါးလေလေ အရသာရှိလေလေ ပဲပေါ့။

အစာစားတာက ခန္ဓာကိုယ်မှာလိုအပ်တဲ့ အာဟာရဓာတ်တွေကို ရရှိအောင် စားခြင်းဖြစ်တယ်။ လိုအပ်တဲ့အာဟာရဓာတ်တွေက ကစီ ဓာတ်၊ ပရိုတိန်းဓာတ်၊ အဆီဓာတ်၊ ဗီတာမင်များနဲ့ ဓာတ်သတ္တုများ ဖြစ်ကြပါတယ်။

ကစီဓာတ်ကို ထမင်း သို့မဟုတ် ပေါင်မုန့်၊ အာလူးတို့မှ အဓိက ရရှိတယ်။ ပရိုတိန်းဓာတ်ကို သား, ငါး, ကြက်ဥ, ဘဲဥ, နွားနို့, ငါးပိ,

www.burmeseclassic.com

www.burmeseclassic.com



ငါးခြောက်နဲ့ ပဲမျိုးစုံမှ ရရှိပါတယ်။ အဆီဓာတ်ကို မြေပဲဆီ, နှမ်းဆီ, တိရစ္ဆာန်အဆီစသည်တို့မှ အဓိကရရှိပါတယ်။

လတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်များနဲ့ သားငါးထမင်းတို့ကို မှန်မှန်စားသုံးရင် လိုအပ်တဲ့အာဟာရဓာတ်များကို ပြည့်ပြည့်စုံစုံ ရရှိပါတယ်။ အိမ်မှာပဲစားစား၊ ဟိုတယ်ကြီးမှာပဲ စားစား ငွေကုန်ကြေးကျသာ ကွာခြားတယ်၊ အာဟာရဓာတ်က ထူးမခြားနားပါပဲ။

အဆီအဆိမ့်အကောင်းတွေ များများစားတဲ့သူတို့ဟာ ဝပြဲလာကြပြီး 'မယ်ပီပါ' 'ဖိုးစည်ပိုင်း' တွေ ဖြစ်လာကြတယ်။ ပြီးတော့ သွေးကြော အဆီပိတ်ရောဂါနဲ့ စောစောစီးစီး သေဆုံးကြလိမ့်မယ်။ ဒါကြောင့် ငါးပိ, တို့စရာ, ဟင်းချို, ငါးခြောက်ဖုတ်မှုလောက်နဲ့ စားနေရရင်လည်း စိတ်မချမ်းမသာမဖြစ်ပါနဲ့။

**'ဖောဋ္ဌဗ္ဗာရုံ'** ဆိုတဲ့ အထိအတွေ့က ကိုယ်လက်အသားအရေပေါ်ကို ကျရောက်လာတဲ့ ဖိနှိပ်မှုပါပဲ။ အများအားဖြင့် နူးညံ့ပျောင်းအိတဲ့ အထိအတွေ့ကို ကောင်းတယ်လို့ထင်ပြီး မာကျောကြမ်းတမ်းတဲ့ အထိအတွေ့ကို မကောင်းဘူးလို့ထင်ကြတယ်။

မိမိရဲ့ကျောကုန်းကို အခြားသူတစ်ဦးက ညင်ညင်သာသာ သူ့လက်နဲ့ ပွတ်သပ်ပေးရင် ခံလို့ကောင်းလိမ့်မယ်။ ဒီလူရဲ့လက်ကပဲ မိမိရဲ့ကျောကုန်းကို ကြမ်းကြမ်းတမ်းတမ်းထုရိုက်ရင် အလွန်နာကျင်ခံခက်လိမ့်မယ်။

ဒါကြောင့် အထိအတွေ့မှာ ကိုင်ပြစရာအကောင်အထည် မရှိတဲ့အပြင် တပ်မက်တွယ်တာစရာလည်း မရှိပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



## အဘိဓမ္မာရှုထောင့်မှ ဆန်းစစ်ချက်

အာရုံငါးပါးဟာ ရုပ်တရားတွေချည်းပဲ။ သိပ္ပံအမြင်အရ သက်ရှိ၊ သက်မဲ့အရာအားလုံးဟာ 'အက်တမ်'ခေါ် အဏုမြူများနဲ့ ဖွဲ့စည်းထားကြသလို အဘိဓမ္မာအရ ရုပ်ဝတ္ထုအားလုံးဟာ ရုပ်ကလာပ်များနဲ့ ဖွဲ့စည်းထားကြတယ်။ ရုပ်ကလာပ်တို့ရဲ့အရွယ်က အက်တမ်များမှာ ပါတဲ့ အီလက်ထရွန်၊ ပရိုတွန်၊ နယူထရွန်အရွယ်တို့မျှလောက်ပဲ ရှိကြတယ်။

ရုပ်ကလာပ်တွေအချင်းချင်း ပေါင်းစုလိုက်တော့ ဒြပ်အကောင်အထည်တွေ ပုံသဏ္ဌာန်အမျိုးမျိုးတွေ အရောင်အဆင်းအမျိုးမျိုးတွေ ဖြစ်လာကြတယ်။ ဒီပုံသဏ္ဌာန်အမျိုးမျိုး အရောင်အဆင်းအမျိုးမျိုးတို့ဟာ မူလက ရှိခဲ့ကြတဲ့အရာတွေလည်း မဟုတ်ကြဘူး။ အမြဲတည်ရှိကြတဲ့အရာတွေလည်း မဟုတ်ကြဘူး၊ ရုပ်ကလာပ်များ ပေါင်းစုမိကြတဲ့ခဏအတွင်းမှာသာ ဖြစ်ပေါ်တည်ရှိနေကြတာ။

ရုပ်ကလာပ်တွေက အလွန်လျင်မြန်စွာ ဖြစ်ဖြစ်ပြီး ပျက်ပျက်နေကြလို့ သက်မဲ့ရုပ်ဝတ္ထုများနဲ့ သက်ရှိကိုယ်ခန္ဓာများဟာလည်း အလွန်လျင်မြန်စွာပဲ ဖြစ်ဖြစ်ပြီး ပျက်ပျက်နေကြပါတယ်။ အလွန့်အလွန် လျင်မြန်စွာ ဖြစ်ပျက်နေကြတာကို ကျွန်တော်တို့ မျက်စိက အလျဉ်မီအောင် မမြင်သိနိုင်လို့ အကောင်အထည် ပုံသဏ္ဌာန်တွေ အတည်တကျရှိနေကြတယ်လို့ ထင်မှတ်မိခြင်းဖြစ်တယ်။

ဒီသဘောကို ထင်မြင်လွယ်အောင် 'ဆီမီးအလျှံ၊ မြစ်ရေအလျဉ်' တို့နဲ့ နှိုင်းယှဉ်တင်ပြလေ့ရှိကြတယ်။ ဆီမီးတောက်ဟာ ပုံသဏ္ဌာန် အတည်တကျရှိတယ်။ ယခုမြင်ရတဲ့ မီးတောက်နဲ့ နောက်တစ်ခဏ

www.burmeseclassic.com

www.burmeseclassic.com


မှာမြင်ရတဲ့ မီးတောက်တို့ဟာ တစ်ခုတည်းပဲဖြစ်တယ်လို့ ကျွန်တော်တို့ ထင်မိကြတယ်။ အမှန်က ဆီမီးလောင်လို့ ဆီမီးတောက်ဆိုတာဖြစ်လာရတာ။ ဆီမီးလောင်ကျွမ်းပြီးတာနဲ့ မီးတောက်လည်း ငြိမ်းတာပဲ။ ဒါပေမဲ့ အဲဒီမီးအပူရှိန်ကြောင့် နောက်ထပ်ဆီလောင်ကျွမ်းလို့ နောက်ထပ်မီးတောက်အသစ် ဖြစ်ပေါ်လာတယ်။ ဒီနည်းအတိုင်း မီးတောက်တွေက တစ်ခုပြီးတစ်ခု အဆက်မပြတ် ဖြစ်လိုက်ငြိမ်းလိုက်ဖြစ်ပျက်နေကြတယ်။

ကျွန်တော်တို့က မီးတောက်တွေ တစ်ခုပြီးတစ်ခု ခဏမစဲ ဖြစ်ပျက်နေကြတာကို မမြင်တော့ မီးတောက်တစ်ခုတည်းပဲရှိတယ်၊ မီးတောက် တည်မြဲနေတယ်လို့ ထင်မိကြတာ။

အလားတူပဲ ရေစီးကြောင်းကို အကြောင်းခံပြီး မြစ်ဆိုတာ ဖြစ်ပေါ်လာလို့ ရေက အမြဲစီးနေတော့ ရေအသစ်အသစ်ပြောင်းလဲသွားတာနဲ့အမျှ မြစ်လည်းပြောင်းသွားတာပဲ။ ဒါကြောင့် အနောက်တိုင်းတွေးခေါ်ရှင်များက 'လူတစ်ယောက်ဟာ မြစ်တစ်ခုထဲသို့ နှစ်ကြိမ်မဆင်းနိုင်' လို့ ကြွေးကြော်ကြတယ်။

ပထမအကြိမ် လူဆင်းစဉ်က ရှိခဲ့တဲ့ရေဟာ ဒုတိယအကြိမ် ဆင်းတော့ မရှိတော့ဘူး။ ရေပြောင်းသွားတာနဲ့အညီ မြစ်လည်း ပြောင်းသွားပြီပေါ့။ ပထမမြစ်မရှိတော့တဲ့အတွက် မြစ်တစ်ခုထဲကို နှစ်ကြိမ်မဆင်းနိုင်လို့ ဆိုခြင်းဖြစ်တယ်။

အရှေ့တိုင်းတွေးခေါ်ရှင်များက မြစ်သာ ပြောင်းလဲသွားတာမဟုတ်ပါ၊ လူပါပြောင်းလဲသွားတာကို သိမြင်ကြတယ်။ ဒါကြောင့် 'လူတစ်ယောက်ကို နှစ်ကြိမ်မမြင်နိုင်' လို့ တုံ့ပြန်ကြွေးကြော်နိုင်တယ်။ ပထမအကြိမ်မြင်စဉ်က ရှိခဲ့တဲ့ ရုပ်နာမ်အားလုံးဟာ နောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏကြည့်တဲ့အချိန်မှာ တစ်ခုမှမရှိတော့ဘူး။ ရုပ်နာမ် အသစ်တွေ ဖြစ်ပေါ်နေပြီဖြစ်လို့ လူသစ်လို့ဆိုရပေမယ်။

ကျွန်တော်တို့က အပြောင်းအလဲကို မမြင်လိုက်နိုင်တဲ့အပြင် ပထမဆီမီးတောက်နဲ့ ဒုတိယဆီမီးတောက်တို့ဟာ တစ်ဆက်တည်း တစ်ပုံစံတည်းဖြစ်နေလို့ မီးတောက်တစ်ခုတည်းပဲလို့ ထင်မိကြတယ်။ ပထမမြစ်နဲ့ ဒုတိယမြစ်တို့ကလည်း တစ်ဆက်တည်း တစ်ပုံစံတည်း ဖြစ်နေကြလို့ မြစ်တစ်ခုတည်းပဲလို့ မှတ်ယူလိုက်တယ်။

ပထမလူနဲ့ ဒုတိယလူတို့ကလည်း တစ်ဆက်တည်း တစ်ပုံစံတည်း ဖြစ်နေကြလို့ လူတစ်ယောက်တည်းပဲလို့ ထင်မိကြတယ်။

အခုလို ရုပ်ဝတ္ထုများနဲ့ သက်ရှိသတ္တဝါများက ခဏမစဲမတည်မြဲဘဲ တစ်ချိန်လုံး ပြောင်းလဲနေကြတာနဲ့အညီ အာရုံငါးပါးတို့ကလည်း မတည်မြဲဘဲ ခဏမစဲပြောင်းလဲနေတဲ့ တရားတွေပဲ။

ခဏမစဲ ပြောင်းလဲနေတဲ့ သဘောကို 'အနိစ္စ' လို့ ခေါ်တယ်။ ခဏမစဲ ပြောင်းလဲဖြစ်ပျက်နေကြတဲ့ ဒဏ်ချက်ဖြင့် နှိပ်စက်ခံနေရတဲ့ သဘောကို 'ဒုက္ခ' လို့ခေါ်တယ်။ မိမိလည်း မဟုတ်၊ မိမိအလိုသို့လည်း မလိုက်၊ အနှစ်သာရလည်းမရှိတဲ့သဘောကို 'အနတ္တ' လို့ခေါ်တယ်။ ခဏမစဲဖြစ်ပျက်ပြောင်းလဲနေတဲ့ တရားတို့ဟာ အသုဘ 'မတင့်တယ်' တဲ့ တရားများလည်း ဖြစ်ကြပါတယ်။

ဒါကြောင့် ရုပ်ဝတ္ထုတွေရော၊ သက်ရှိသတ္တဝါတွေရော၊ ကာမဂုဏ်လို့ ခေါ်ဆိုကြတဲ့ အာရုံငါးပါးတို့ရော အားလုံးဟာ အနိစ္စတရား၊ ဒုက္ခတရား၊ အနတ္တတရား၊ အသုဘတရားများသာ ဖြစ်ကြပါတယ်။

ဒီလိုအမှန်သဘောကိုသာ မြင်သိမယ်ဆိုရင် ကာမဂုဏ်များကို လည်း မတပ်မက်မတွယ်တာကြတော့ဘူး။ မိမိခန္ဓာ၊ သူတစ်ပါးခန္ဓာ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရုပ်ဝတ္ထုများကိုလည်း မနှစ်သက်မသာယာကြတော့ဘူး။ ဒီလိုသာ နှစ်သက်သာယာမှုဆိုတဲ့ 'တဏှာ' ကို ဖြတ်ပယ်နိုင်မယ်ဆိုရင် အချမ်းသာဆုံး ချမ်းသာကို ရရှိပေလိမ့်မယ်။

## ကာမဂုဏ်တို့ကို ဘာကြောင့်လိုချင်တပ်မက်ကြသလဲ

ကာမဂုဏ်တရားတွေဟာ အာရုံငါးပါးဖြစ်တယ်လို့ ဆိုခဲ့ပေမယ့် အာရုံကိုအကြောင်းပြုပြီး ရုပ်ဝတ္ထုများနဲ့ သက်ရှိပုဂ္ဂိုလ်များကိုလည်း လိုချင်တပ်မက်သွားကြတယ်။ ဥပမာ ကလီယိုပတ်ထရာရဲ့ ရုပ်အဆင်းကို တပ်မက်တွယ်တာတော့ ကလီယိုပတ်ထရာကိုပါ လိုချင်တပ်မက်သွားတယ်။ အဆိုတော်တစ်ဦးရဲ့အသံကို နှစ်သက်ရာက အသံပိုင်ရှင်ကိုပါ နှစ်သက်တွယ်တာသွားတယ်။ ဂိုယာရေမွှေးရဲ့ အနံ့ကိုကြိုက်တော့ ဂိုယာရေမွှေးကိုပါ ကြိုက်သွားတယ်။ ကြက်သားဟင်းရဲ့အရသာကိုကြိုက်တော့ ကြက်သားဟင်းကိုပါ သဘောကျသွားတယ်။ ပဋ္ဌပါပီရဲ့ ထူးခြားတဲ့အထိအတွေ့ကို တပ်မက်စွဲလမ်းတော့ ပဋ္ဌပါပီကိုပါ တပ်မက်စွဲလမ်းသွားတယ်။ ဒါကြောင့် ရုပ်ဝတ္ထုများနဲ့ သက်ရှိပုဂ္ဂိုလ်များကပါ ကာမဂုဏ်ထဲမှာ အကျုံးဝင်သွားကြတယ်။

ဒီလိုကာမဂုဏ်တို့ကို နှစ်သက်တွယ်တာ တပ်မက်စွဲလမ်းစေတဲ့ တရားက ဘာလဲ၊ တဏှာခေါ်တဲ့ လောဘပဲ။ တဏှာရှိကြတဲ့ ပုဂ္ဂိုလ်များကသာ ကာမဂုဏ်တွေကို လိုချင်တပ်မက်ကြတယ်။ တဏှာမရှိကြတဲ့ ရဟန္တာအရှင်မြတ်များက ကာမဂုဏ်တွေကို မလိုချင်မတပ်မက်ကြဘူး။ ဒီလိုအရင်းအမြစ်ကျကျ သိမြင်ခြင်းဟာ ဗုဒ္ဓဘာသာရဲ့ထူးခြားချက်ပဲ။

www.burmeseclassic.com

www.burmeseclassic.com



လူတွေက ကာမဂုဏ်တွေကို လိုချင်တဲ့သူဟာ မိမိပဲ၊ ကာမဂုဏ် ခံစားတာလည်း မိမိပဲ၊ ကာမဂုဏ်ကို တပ်မက်စွဲလမ်းနေတာလည်း မိမိပဲလို့ ထင်နေကြတယ်။ မြတ်ဗုဒ္ဓက ကာမဂုဏ်ကို လိုချင်နေတာ ဟာ တဏှာ၊ ကာမဂုဏ်ကို ခံစားတာက ဝေဒနာ၊ ကာမဂုဏ်ကို တပ် မက်စွဲလမ်းနေတာကလည်း တဏှာပဲလို့ ညွှန်ပြတော်မူတယ်။ ဒါဟာ အင်မတန်အရေးကြီးတဲ့ အချက်ပဲ။

သံမှာ သံလိုက်ဆွဲနိုင်တဲ့ဓာတ်ခံရှိလို့ သံမှုံတွေဟာ သံလိုက်တုံး ဆီ ပြေးကပ်ကြတာ။ ရွှေမှာ သံလိုက်ဓာတ်ဆွဲနိုင်တဲ့ ဓာတ်ခံမရှိဘူး။ ဒါကြောင့် ရွှေဟာ သံလိုက်တုံးဆီ ပြေးမကပ်ဘူး။ သိဒ္ဓတ္ထမင်းသား ဟာ တဏှာရှိနေတဲ့အတွက် ယသော်ဓရာကို ထိမ်းမြားလက်ထပ်ပြီး နန်းတော်သုံးဆောင်မှာ စံပျော်ခဲ့တယ်။ အရဟတ္တမဂ်ဉာဏ်နဲ့တဏှာ ကို အမြစ်ပြတ် ပယ်ဖြတ်ပြီးတဲ့အခါ ဘယ်ကာမဂုဏ်စည်းစိမ်ကိုမှ မတပ်မက်မတွယ်တာတော့ဘူး။

ဒါကြောင့် တဏှာရှိလို့သာ တဏှာကြိုးဆွဲရာ လိုက်ပါရပြီး အခြယ်လှယ်ခံနေရတယ်။ တဏှာမရှိရင် အခြယ်လှယ်မခံရတော့ ဘူး။ တဏှာဆိုတာ ဘာလဲ။

**'တဏှာ'**ဆိုတာ စိတ်ကိုခြယ်လှယ်နေတဲ့ စေတသိက်တစ်ခုပဲ။ တဏှာဟာ ကာမဂုဏ်အာရုံတွေကို လိုချင်တပ်မက်တဲ့သဘောပဲ။ အာရုံတွေမှာ သာယာတယ်၊ တွယ်တာတယ်၊ စွဲလမ်းကပ်ငြိတယ်။ ဘယ်လောက်ကပ်ငြိသလဲဆိုရင် မျောက်က မျောက်နဲ့စေးမှာအစွဲကပ် ခံနေရတဲ့အခါ မရုန်းထွက်နိုင်သလို ကာမဂုဏ်အာရုံမှ မရုန်းထွက် နိုင်အောင် တဏှာက ဆွဲကပ်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com


တဏှာက အာရုံသစ်ကို အမြဲဆာလောင်မွတ်သိပ်နေတဲ့သဘော ဖြစ်တယ်။ ဘယ်တော့မှ အလိုဆန္ဒပြည့်ဝတယ်လို့ မရှိဘူး။ သောက်လေ သောက်လေ အငတ်မပြေတဲ့ ဆားငန်ရေလိုပဲ။ မြစ်အသွယ်သွယ်က ရေတွေ ဘယ်လောက်ပဲစီးဝင်ဝင် ဘယ်တော့မှ ပြည့်ဝတယ်လို့ မရှိတဲ့ သမုဒ္ဒရာနဲ့လည်းသဘောတူတယ်။

တဏှာက စိတ်ကို ဘာကြောင့်ခြယ်လှယ်နိုင်ရသလဲ။ ရုပ်နာမ်တို့ရဲ့သဘောမှန်ကို မသိအောင် မောဟက ဖုံးကွယ်ထားလို့ပဲ။ ကာမဂုဏ်ဆိုတဲ့ ရုပ်နာမ်တရားတို့ဟာ မတည်မြဲတဲ့ အနိစ္စတရား၊ ဆင်းရဲတဲ့ ဒုက္ခတရား၊ ငါလည်းမဟုတ် အစိုးလည်းမရတဲ့ အနတ္တတရား၊ မတင့်တယ်တဲ့ အသုဘတရားတွေ အမှန်စင်စစ်ဖြစ်ကြပေမယ့် မောဟက ပိတ်ဖုံးထားတဲ့အတွက် တည်မြဲတဲ့ နိစ္စတရား၊ ချမ်းသာတဲ့ သုခတရား၊ ငါဖြစ်တယ်, ငါအစိုးရတယ်လို့ယူတဲ့ အတ္တတရား၊ တင့်တယ်တဲ့ သုဘတရားလို့ လူတွေ ထင်မြင်မိကြတယ်။ ဒါကြောင့် တဏှာက ရုပ်နာမ်ဖြစ်တဲ့ ကာမဂုဏ်ကို နှစ်သက်တွယ်တာတာပဲ။

ရုပ်နာမ်တို့ရဲ့သဘောမှန်ကို မသိအောင် ဖုံးကွယ်ထားတာက မောဟ – အဝိဇ္ဇာ။

အမှန်သဘောကိုမသိလို့ တပ်မက်တွယ်တာတာက လောဘ – တဏှာ။

မောဟမျက်နှာဖုံး မကွာသမျှ တဏှာက အတောမသတ်နိုင်ဘူး။

တဏှာအတောမသတ်သမျှ ဒုက္ခပင်လယ်ဝေနေရမှာပဲ။

www.burmeseclassic.com

www.burmeseclassic.com



## ကာမဂုဏ်ရဲ့သာယာဖွယ်

ကာမဂုဏ်ငါးပါးကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ ချမ်းသာခြင်း, ဝမ်းမြောက်ခြင်းတို့ဟာ ကာမဂုဏ်ရဲ့သာယာဖွယ်ပဲလို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တယ်။

ကာမဂုဏ်တို့ကို အကြောင်းပြုပြီး ချမ်းသာခြင်း, ဝမ်းမြောက်ခြင်းတို့ဟာ ဘယ်လိုဖြစ်ပေါ်လာကြသလဲ။

မောဟက အမှန်သဘောကိုမသိအောင် ဖုံးကွယ်ထားလို့ ကာမဂုဏ်တို့ကို တင့်တယ်တယ်၊ တည်မြဲတယ်၊ ချမ်းသာတယ်လို့ ထင်မှတ်ပြီး တဏှာက နှစ်သက်တွယ်တာတယ်။ တဏှာက နှစ်သက်တွယ်တာတဲ့အတွက် ကာမဂုဏ်တို့နဲ့ဆုံတွေ့ရတဲ့အခါ မောဟ၊ လောဘ၊ ပီတိတို့နဲ့ယှဉ်တဲ့ 'သောမနဿလောဘမူစိတ်' ဖြစ်တယ်။

ပီတိဆိုတာ အာရုံကို နှစ်သက်ဝမ်းမြောက်ခြင်းသဘောပဲ။

သောမနဿဆိုတာ စိတ်မှာဖြစ်တဲ့ ချမ်းသာတဲ့ခံစားမှုပဲ။

လောဘမူစိတ်ဆိုတာ လောဘမူလအရင်းခံဖြစ်တဲ့စိတ်ပဲ။

"သောမနဿလောဘမူစိတ်" ဖြစ်တဲ့အခါ နှစ်သက်ဝမ်းမြောက်ခြင်းနဲ့ ချမ်းသာခြင်းတို့ ဖြစ်ပေါ်တာကို ကာမဂုဏ်ကို အကြောင်းပြုပြီး ဝမ်းမြောက်ခြင်းနဲ့ ချမ်းသာခြင်းတို့ဖြစ်ပေါ်လာတယ်လို့ လူတို့ထင်မှတ်ကြတယ်၊ ဒီအကြောင်းကြောင့် ကာမဂုဏ်တို့ကို လူတို့ နှစ်သက်တွယ်တာ တပ်မက်ကြခြင်း ဖြစ်တယ်။

လိုရင်းကိုပြောရင် မောဟက အမှန်သဘောကို ဖုံးကွယ်ပြီး တဏှာက နှစ်သက်တွယ်တာလို့ ကာမဂုဏ်ကို လူတို့နှစ်သက်တွယ်တာခြင်း ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com


## ကာမဂုဏ်ရဲ့အပြစ်တွေ

ကာမဂုဏ်တို့ရဲ့ သာယာဖွယ်ကို ညွှန်ပြပြီးတဲ့နောက် ကာမဂုဏ်ရဲ့ အပြစ်များကို **'မဟာဒုက္ခက္ခန္ဓသုတ်တော်'** မှာ ဘုရားရှင် ဒီလိုဆက်ဟောပါတယ်။

"ရဟန်းတို့...ကာမဂုဏ်တို့ရဲ့အပြစ်တွေက ဘာတွေလဲ၊ ရဟန်းတို့...လောကမှာ အမျိုးသား အမျိုးသမီးတို့ဟာ ကာမဂုဏ်ခံစားနိုင်ရေးအတွက် ဂဏန်းသင်္ချာအတတ်ဖြင့် ဖြစ်စေ၊ လယ်လုပ်ခြင်း, ကုန်သွယ်ခြင်းဖြင့်ဖြစ်စေ၊ နွားကျောင်းခြင်းဖြင့်ဖြစ်စေ၊ မင်းမှုထမ်းခြင်းဖြင့်ဖြစ်စေ၊ အခြားတစ်ပါးသော အတတ်ဖြင့်ဖြစ်စေ အတတ်တစ်မျိုးမျိုးဖြင့် အသက်မွေးဝမ်းကျောင်းကြရတယ်။

"ဒီလိုအသက်မွေးဝမ်းကျောင်းကြရတဲ့အခါ အပူ,အအေး, မှက်, ခြင်, ယင်, လေ, နေ, မိုး, ကင်း, မြွေတို့နဲ့ ရင်ဆိုင်ထိတွေ့ကြရတယ်၊ ငတ်မွတ်ခြင်းဒဏ်၊ ပင်ပန်းဆင်းရဲတဲ့ဒဏ်၊ အသက်ဆုံးရှုံးရတဲ့ ဘေးဒဏ်တို့နဲ့လဲ ရင်ဆိုင်တိုးကြရတယ်၊ ဒါတွေဟာ ကာမဂုဏ်တို့ကို ခံစားချင်လို့ ကာမဂုဏ်ကို အရင်းခံတဲ့ လက်ငင်းဆင်းရဲပင်ပန်းရတဲ့ ကာမဂုဏ်အပြစ်တွေပဲ"

မျက်မှောက်လောကမှာ ဘုရားရှင်ဟောကြားခဲ့တဲ့အတိုင်းပဲ လူတွေဟာ ကာမဂုဏ်ခံစားရေးအတွက် နေထွက်မှနေဝင် ပင်ပင်ပန်းပန်း ရုန်းကန်လှုပ်ရှားနေကြတယ်။ အချို့ကလည်း ပင်လယ်ရပ်ခြားသို့ ကုန်ကူးသွားရင်း သေဆုံးကြရတယ်။ မြတ်စွာဘုရားက ဆက်လက် ဟောကြားပါတယ်...

"ရဟန်းတို့...ကာမဂုဏ်အတွက် ပစ္စည်းဥစ္စာရှာဖွေနေကြတဲ့ အမျိုးသား အမျိုးသမီးတို့ဟာ ပင်ပင်ပန်းပန်းကြိုးစားအားစိုက်ပြီး ရှာ

www.burmeseclassic.com

www.burmeseclassic.com


ဖွေပါလျက် မအောင်မြင် မပြည့်စုံဘူးဆိုရင် ‘ငါကြိုးပမ်းခဲ့တာတွေ အချည်းနှီးဖြစ်ရပြီ၊ အကျိုးမဲ့ဖြစ်ရပြီ’ ရယ်လို့ ပူဆွေးပင်ပန်းကြတယ်၊ ရင်ဘတ်စည်တီးပြီး ငိုကြွေးကြတယ်၊ တွေဝေကြတယ်၊ ဒါတွေကလဲ ကာမဂုဏ်ကြောင့် မျက်မှောက်လက်ငင်း ဆင်းရဲရတဲ့ ကာမဂုဏ်တို့ရဲ့ အပြစ်တွေပဲ။

“ရဟန်းတို့…အချို့ပုဂ္ဂိုလ်များကတော့ လုံ့လဝီရိယစိုက်ထုတ်ပြီး ပင်ပင်ပန်းပန်းလုပ်ကိုင်လို့ အလိုရှိတဲ့အတိုင်း ရလာကြတယ်၊ ဒီအခါမှာ ‘ငါရရှိထားတဲ့ ပစ္စည်းဥစ္စာတို့ကို ရေ, မီး, မင်း, ခိုးသူ, မချစ်မနှစ်သက်တဲ့သူလို့ ဆိုအပ်တဲ့ ရန်သူမျိုးငါးပါး ဖျက်ဆီးလေမလား လို့ စိုးရိမ်ပူပန်ကြရတယ်၊ ရန်သူမျိုးငါးပါး မဖျက်ဆီးနိုင်အောင်လဲ ကြောင့်ကြစိုက်ပြီး စောင့်ရှောက်ကြရတယ်၊ ဒီလိုကြောင့်ကြစိုက်ပြီး စောင့်ရှောက်နေတဲ့ကြားကပဲ ပစ္စည်းဥစ္စာတွေဟာ ရေလွှမ်းမိုးခံရတယ်၊ မီးလောင်ခံရတယ်၊ မင်းဘဏ္ဍာအဖြစ် အသိမ်းခံရတယ်၊ သူခိုးခိုးခံရတယ်၊ မချစ်မနှစ်သက်သူရဲ့ ဖျက်ဆီးနှောင့်ယှက်ခြင်းကို ခံရတယ်။

“ဒီလို တစ်နည်းနည်းနဲ့ အဖျက်ဆီးခံရတဲ့အခါမှာ ‘ငါရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းဥစ္စာတွေ မရှိတော့ပါကလား’ ဆိုပြီး ပူဆွေးပင်ပန်းရတယ်၊ ရင်ဘတ်စည်တီးပြီး ငိုကြွေးကြရတယ်၊ ဒါတွေဟာလဲ ကာမဂုဏ်ကြောင့် မျက်မှောက်လက်ငင်း ဆင်းရဲရတဲ့ ကာမဂုဏ်တို့ရဲ့အပြစ်တွေပါပဲ”

‘ဥစ္စာဟူသည် မျက်လှည့်မျိုး’ လို့ဆိုတဲ့အတိုင်း လောကခံလှိုင်းဂယက်တို့ရဲ့ ရိုက်ပုတ်ချက်ကြောင့် ချမ်းသာနေရာက နေ့ချင်းညချင်း ဆင်းရဲသွားနိုင်တယ်။ မြတ်စွာဘုရားက ဆက်ပြီးဟောပါတယ်။

“ရဟန်းတို့… တစ်ဖန်တုံလဲ ကာမဂုဏ်အရင်းခံ၊ ကာမဂုဏ်

www.burmeseclassic.com

www.burmeseclassic.com



အထောက်အပံ့၊ ကာမရဲ့တည်ရာ ကာမဂုဏ်တို့ကြောင့်သာလျှင် မင်းအချင်းချင်းလဲ ငြင်းခုံကြတယ်၊ အစိုးရအချင်းချင်းလဲ ငြင်းခုံကြတယ်၊ ပုဏ္ဏားအချင်းချင်း, သူကြွယ်အချင်းချင်း, သားအဖအချင်းချင်း, ညီအစ်ကို မောင်နှမအချင်းချင်း, လုပ်ဖော်ကိုင်ဖက်အချင်းချင်းတို့လဲ ငြင်းခုံကြတယ်။

"ဒီလိုငြင်းခုံကြရာက သဘောကွဲလွဲကြပြီး ရန်ဖြစ်ကာ ခြေလက်တို့ဖြင့်လဲ ထိုးကြကန်ကြတယ်၊ ခဲ, တုတ်တို့ဖြင့်လဲ ပစ်ကြ ရိုက်ကြတယ်၊ ဓား, လှံ, သေနတ်တို့ဖြင့်လဲ ခုတ်ကြထိုးကြ ပစ်ခတ်ကြတယ်၊ ဒီလိုရန်ဖြစ်ကြ, ထိုးခုတ်ပစ်ခတ်ကြတဲ့အတွက် သေခြင်းသို့သော်လဲ ရောက်ရတတ်ကြတယ်၊ သေလောက်တဲ့ ဒုက္ခရာဒုက္ခချက်များကိုသော်လဲ ရရှိတတ်ကြတယ်၊ ဒါတွေကလဲ ကာမဂုဏ်အရင်းခံ၊ ကာမဂုဏ် အထောက်အပံ့တို့ကြောင့် မျက်မှောက်လက်ငင်း ဆင်းရဲရတဲ့ ကာမဂုဏ်တို့ရဲ့ အပြစ်တွေပဲ။

"ရဟန်းတို့...တစ်ဖန်တုံလဲ ကာမဂုဏ်အရင်းခံ, ကာမဂုဏ် အထောက်အပံ့, ကာမရဲ့တည်ရာ ကာမဂုဏ်တို့ကြောင့်သာလျှင် အိမ်ကို ဖောက်ထွင်းပြီး ခိုးကြတယ်၊ ရွာကို လုယက်တိုက်ခိုက်ကြတယ်၊ ခရီးလမ်းမှာစောင့်ပြီး လုယက်တိုက်ခိုက်ကြတယ်၊ သူတစ်ပါးတို့ရဲ့ သားမယားများကိုလဲ လွန်ကျူးကြကုန်တယ်၊ ဒီလူတွေကို မင်း အစိုးရတို့က ဖမ်းယူပြီး ညှဥ်းပန်းနှိပ်စက်ကြတယ်၊ ကြိမ်လုံးနဲ့ ရိုက်တယ်၊ လက်ခြေတို့ကို ဖြတ်တယ်၊ နား, နှာခေါင်းတို့ကို ဖြတ်တယ်၊ တံကျင်လျှိုပြီး ကားစင်တင်တယ်၊ ဒီလိုကြောက်မက်ဖွယ်ကောင်းတဲ့ နည်း ၂၅ မျိုးတို့ဖြင့် ညှဥ်းပန်းနှိပ်စက်သတ်ဖြတ်ကြတယ်၊ ထိုသူခိုး ဓားပြ၊ မုဒိမ်းကျင့်သူတို့ဟာ ထိုနေရာမှာ သေခြင်းသို့ရောက်ကြကုန်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေကလဲ ကာမဂုဏ်အရင်းခံ၊ ကာမဂုဏ်အထောက်အပံ့တို့ကြောင့် မျက်မှောက်လက်ငင်း ဆင်းရဲကြရတဲ့ ကာမဂုဏ်တို့ရဲ့အပြစ်တွေပဲ”

ကာမဂုဏ်တို့ဟာ ဘဝကို သာယာစေတယ်၊ ချမ်းသာပျော်ရွှင်စေတယ်လို့ ထင်ရပေမယ့် တကယ်လက်တွေ့မှာ ကာမဂုဏ်ကြောင့် စိုးရိမ်ပူဆွေးရ၊ ငိုကြွေးရ၊ ဆင်းရဲပင်ပန်းရခြင်းတို့ကသာ ပိုများနေတာပါကလား။

## ကာမမီးပွားမှ ရာဂမီးတောက်သို့

ထိုထို အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတို့ကို ‘ဝတ္ထုကာမ’လို့ ခေါ်တယ်။ အာရုံတစ်ခုခုနဲ့ သက်ဆိုင်ရာ ဒွါရ(မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်)ထိရှတွေ့ကြတဲ့အခါ ချမ်းသာတဲ့ခံစားမှု ဖြစ်ပေါ်လာရာက အာရုံကို နှစ်သက်တပ်မက်တဲ့ စွဲငြိမှု ဖြစ်ပေါ်လာတယ်။ ဒီ နှစ်သက်တပ်မက်မှု၊ စွဲငြိမှုကို ‘ကိလေသာကာမ’လို့ ခေါ်တယ်။ ကိလေသာ ကာမထဲမှာ ပါဝင်တဲ့ ရာဂတဏှာဟာ ဆင်းရဲပူလောင်မှုအမျိုးမျိုးကို ဖြစ်ပေါ်စေတယ်။

**“နတ္ထိရာဂ သမောအဂ္ဂိ”**

ရာဂနဲ့တူတဲ့မီးဆိုတာ မရှိ။

ရာဂမီးဟာ မမြင်ရဘဲနဲ့ ဘာကြောင့်အပူလောင်ဆုံးမီး ဖြစ်ရတာလဲ။ ပကတိမီးတွေက တစ်ဘဝမှျသာ လောင်ကျွမ်းစေနိုင်တယ်။ ရာဂမီးကတော့ သံသရာတစ်လျှောက်လုံးမှာ ဘဝဆက်တိုင်း လောင်ကျွမ်းစေနိုင်တယ်။

သီဟိုဠ်ကျွန်းကို စိုးပိုင်တဲ့ ‘သဒ္ဒါတိဿမင်းကြီး’ ဟာ နန်းတွင်း

www.burmeseclassic.com

www.burmeseclassic.com



မောင်းမအခြံအရံ အသိုက်အဝန်းများနဲ့ လောဟပါသာဒ ပြာသာဒ် ကျောင်းသို့ ထွက်ချီလာတော်မူတယ်။ အဲဒီကျောင်းနေ သာမဏေ တစ်ပါးက မင်းနဲ့ ပရိသတ်ကိုကြည့်ဖို့ တံခါးခုံမှာ ရပ်နေတယ်။

ကျောင်းရှေ့သို့ မင်းပရိသတ်တွေ ရောက်လာတဲ့အခါ မောင်းမ တွေအထဲက အမျိုးသမီးငယ်တစ်ဦးကို သာမဏေမြင်တော့ ဆင်ခြင် ထိန်းသိမ်းအပ်တဲ့ အသိတရား လက်လွှတ်ပြီး မောင်းမကို စိုက်ကြည့် နေမိတယ်။ အမျိုးသမီးငယ်ကလည်း ပရိသတ်ထဲမှ ဖယ်ထွက်ပြီး သာမဏေကို ပြန်စိုက်ကြည့်နေတယ်။

**စက္ခုရူပေန သံဝါသာ ရာဂပုတ္တာဝိစာယတိ။**

မျက်စိနဲ့အဆင်း ပေါင်းဆုံမိကြတဲ့အခါ ရာဂဆိုတဲ့သားကလေး ပေါက်ပွားလာတယ်။

သူတို့နှစ်ဦးဟာ အလိုဆန္ဒတူမျှပြီး ရာဂစိတ်တွေ ပြင်းထန်စွာ ထကြွလာကြတယ်။ ကိလေသာအပူမီးက တစ်စတစ်စကြီးထွားလာ ပြီးတော့ နုပျိုသူနှစ်ဦးတို့ရဲ့ နှလုံးသားများကို လောင်မြိုက်စေတယ်၊ သူတို့နှစ်ဦးစလုံးပဲ ထိုနေရာမှာ မတ်တတ်ရပ်လျက် ကွယ်လွန်သွား ကြတယ်။ (အင်္ဂုတ္တရ – ဓကနိပါတ်)

ရှေးအခါက ကလျာဏီကျောင်းနေ ရဟန်းငယ်တစ်ပါးဟာ ကာဠဒီဃဝါပီအမည်ရှိတဲ့ ရွာတံခါးကျောင်းမှာ စာဝါတက်တယ်။ စာဝါခေတ္တရပ်နားချိန်မှာ ရဟန်းငယ်က ကလျာဏီကျောင်းသို့ ပြန် လာတယ်။ ရွာတွေ့ရင် ဆွမ်းခံပြီး ဘုဉ်းပေးတယ်။ တောရကျောင်း တစ်ခုသို့ရောက်လာတဲ့အခါ တစ်ညဉ့်တည်းခိုတယ်။

နောက်နေ့မှာ ရဟန်းပျိုက ရွာထဲသို့ ဆွမ်းခံကြွတယ်။ ဆွမ်း လောင်းတဲ့ ဒါယိကာမကလေးတစ်ဦးက ကိုယ်တော်လေးကိုမြင်တော့

www.burmeseclassic.com

www.burmeseclassic.com



အင်မတန်ချစ်ခင်သွားတယ်။ ရှေးရှေးအတိတ်ဘဝက အတူတကွ ချစ်ခင်ကြင်နာခဲ့ဖူးဟန်တူတယ်။

"မိန်းမကြိုက်တော့မျှော်လိုက်တာ၊ ယောက်ျားကြိုက်တော့စိုက် စိုက်လာ"ဆိုတဲ့အတိုင်း အမျိုးသမီးက သူနှစ်ခြိုက်နေတဲ့အကြောင်း ထုတ်ဖော်မပြောဝံ့ဘဲ ဆွမ်းလောင်းပြီးတာနဲ့ အိမ်ပေါ်တက်၊ အိပ်ရာ ထဲဝင်၊ တုံးလုံးလှဲအိပ်လိုက်သတဲ့။

မိခင်က သမီးနေမကောင်းဘူးထင်ပြီး သမီးနဖူးကိုစမ်းကာ မေးတယ်။ သမီးက သူ့စိတ်ထဲရှိတာ အကုန်ဖွင့်ပြောလိုက်တော့မိခင် က...

"သမီးမပူနဲ့၊ သမီးမှာ ရုပ်ရည်ရှိတယ်၊ ငါတို့မှာ ပစ္စည်းဥစ္စာရှိ တယ်၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် ကိုယ်တော်လေးကို အပါရအောင် မေမေ ပြောပေးမယ်"

စကားဆုံးတာနဲ့ မိခင်က ကိုယ်တော်လေးနောက်ကို အပြေး လိုက်သွားတယ်။ မိတော့ 'အိမ်ကိုခဏကြွပါဦး'ဆိုပြီး ပင့်လာတယ်။ အိမ်ရောက်တော့ သမီးကိုပြကာ...

"ကိုယ်တော်လေးရယ်...သမီးက ကိုယ်တော့်ကို ချစ်ခင်စွဲမက် သွားတဲ့အတွက် အခုလိုအိပ်ရာပေါ် တုံးလုံးလဲနေပါပြီ၊ ကိုယ်တော့် ကိုမှ မရရင် သမီးလေး ရေတိမ်နစ်ရပါတော့မယ်၊ တပည့်တော်မတို့ မှာ ပစ္စည်းဥစ္စာမချို့တဲ့ပါဘူး၊ ဒါကြောင့် သမီးလေးကို သနားလို့ပဲ ဖြစ်ဖြစ်၊ ဇီဝိတဒါနအသက်ကယ်ဖို့ပဲဖြစ်ဖြစ် ကိုယ်တော်လူထွက်ပြီး သမီးလေးကိုယူပါ၊ နောင်အခါမှ သင်္ကန်းပြန်ဝတ်ချင်လဲ ဝတ်ပါ"

ကိုယ်တော်လေးက အိပ်ရာပေါ်မှာလဲနေတဲ့ ဒကာမလေးကို လှမ်းကြည့်လိုက်တယ်။ ဒကာမလေးက မျက်လုံးဝိုင်းကြီးနဲ့ အားကိုး

www.burmeseclassic.com

www.burmeseclassic.com



တကြီးနဲ့ ပြန်ကြည့်နေရှာတယ်။ မျက်စိချင်းဆုံသွားတော့ ကိုယ်တော်လေး စိတ်တုန်လှုပ်သွားတယ်။ ဒကာမလေးက သနားကမားနဲ့ အလွန်ချစ်စရာကောင်းပေတယ်။

ဒကာမလေးကို သနားကြင်နာတဲ့စိတ်, ချစ်ခင်တပ်မက်တဲ့စိတ် တဖွားဖွားဖြစ်လာတယ်။ ဒါပေမဲ့ ကိုယ်တော်လေးက ဒီတစ်သက်မှာ သင်္ကန်းနဲ့အရိုးထုတ်မယ်၊ အသက်ဆုံးတဲ့တိုင်အောင် လူမထွက်တော့ဘူးလို့ သန္နိဋ္ဌာန်ချထားခဲ့တယ်။ ဒါကြောင့် ဣန္ဒြေပြန်ဆည်ပြီး လေးလေးတွဲ့တွဲ့ မိန့်ဆိုလိုက်တယ်။

"ဒကာမကြီးရယ်၊ ကျုပ်က သူ့ကိုမြင်ရင်မြင်ချင်း သနားလဲ သနားတယ်၊ ချစ်လဲချစ်တယ်၊ လူထွက်ပြီးတော့လဲ အမှန်တကယ်ယူလိုက်ချင်တယ်၊ ဒါပေမဲ့ သာသနာတော်နဲ့ကြုံကြိုက်ခိုက် ကံကောင်းထောက်မလို့ ရဟန်းဖြစ်လာရလို့ ကျုပ်ဟာ သာသနာတော်ကိုအသက်ထက်မက ပိုချစ်ပါတယ်၊ ဒီဘဝဆုံးတဲ့တိုင်အောင် ရဟန်းဝတ်နဲ့ နေမယ်လို့ သန္နိဋ္ဌာန်ချထားပါတယ်။ ဒီဆုံးဖြတ်ချက်ကို ပြင်လို့မဖြစ်ဘူး၊ သင့်လျော်တဲ့လူတစ်ယောက်နဲ့ သမီးကို နေရာချထားပေးလိုက်ပါ၊ ကျုပ်ကိုတော့ ခွင့်လွှတ်ပါ"

ရဟန်းပျိုက ဖြည်းညင်းစွာမတ်တတ်ရပ်ပြီး တောရကျောင်းဆီသို့ စိုက်စိုက် စိုက်စိုက် ကြွသွားပါတယ်။ မိခင်နဲ့သမီးတို့က ကိုလေသာအပူမီးတောက်လောင်ပြီး ရင်ထုမနာကျန်ရစ်ကြရှာတယ်။

"ငါက သူ့ကိုချစ်လွန်းလို့ မိန်းမသားတန်မဲ့နဲ့ အရှက်ကိုစွန့်ပြီး အောက်ကျနောက်ကျခံကာ ပြောနေတာတောင် သူကတော့ ရက်စက်လှချည်ကလား၊ အသည်းမာလှချည်ကလား၊ ရှိပါစေတော့...ရှိပါစေ

www.burmeseclassic.com

www.burmeseclassic.com



တော့လေ၊ နှောင်ခါကျတော့သာ ဒီလိုဆင်းရဲဒုက္ခမျိုးနဲ့ မဆုံတွေ့ပါရစေနဲ့”

ဒကာမကလေးက ယူကျုံးမရဖြစ်ကာ ရောဂမီးလောင်မြိုက်ပြီး အဲဒီညဉ့်မှာပဲ ကွယ်လွန်သွားရှာပါတယ်။

မိခင်က ဝမ်းနည်းပက်လက် မျက်ရည်စက်လက်နဲ့ နောက်နေ့မှာ ဘုန်းကြီးတွေပင့်ပြီး သမီးရဲ့အလောင်းကို သင်္ဂြိုဟ်ရရှာတယ်။ အသုဘရှုတဲ့အထဲမှာ တောရကျောင်းကလည်း ရဟန်းတစ်ပါးပါဝင်ပြီးတော့ ဒကာမကလေးဆွမ်းလောင်းစဉ်က ပခုံးပေါ်တင်ထားခဲ့တဲ့ တဘက်ကလေးကို အလှူဝတ္ထုအဖြစ် ရလိုက်တယ်။

တဘက်ရလာတဲ့ကိုယ်တော်ကလေးက ဒါယိကာမကလေးရဲ့အကြောင်းကို သိလာတော့ သူတစ်ပါးကို သိပ်ပြောပြချင်နေတယ်။ တခြားလူမရှိလို့ အာဂန္တုကိုယ်တော်ကလေးကိုပဲ ပြောပြလိုက်ပါတယ်။

“ငါ့ရှင်ရေ…ကလေးမလေးဗျာ…လှက လှပါဘိသနဲ့၊ တစ်နေ့က ဆွမ်းခံကိုယ်တော်ကို ချစ်ကြိုက်မိလို့ မစားနိုင်မသောက်နိုင်ဖြစ်ပြီး ကွယ်လွန်ရရှာတာ၊သိပ်သနားစရာကောင်းတာပဲ၊ အဲဒီကိုယ်တော်ကလဲ အလွန်အသည်းမာတဲ့ကိုယ်တော်ပဲဗျာ၊ ကလေးမရဲ့မိခင်က အိမ်ပင့်ပြီး လူထွက်ဖို့တောင်းပန်တာ မရဘူးတဲ့၊ ဟောဒီတဘက်က အဲဒီကလေးမရဲ့ပခုံးတင်တဲ့တဘက်ကလေးပဲ၊ တပည့်တော် မကိုင်ချင်ပါဘူး၊ သနားပါတယ်၊ ရော့…ရော့၊ ကိုယ်တော်သုံးချင်ရာသုံး” ဆိုပြီး တဘက်ကို ကမ်းပေးလိုက်တယ်။

ကိုယ်တော်ကလေးက တဘက်ကိုရတော့ စကားပြန်မပြောနိုင်တော့ဘူး၊ “အောင်မယ်လေး…ဒီဒကာမလေးဟာ ငါ့ကိုချစ်တယ်

www.burmeseclassic.com

www.burmeseclassic.com


ဆိုတဲ့ ဒကာမလေးပါလား၊ ဒီတဘက်က သူဆွမ်းလောင်းစဉ် ပခုံးပေါ် တင်ထားတဲ့ တဘက်ပဲ၊ ငါ့ကို အသက်ပေးပြီးချစ်တဲ့သူကလေးကို ငါစိမ်းကားမိလေခြင်း…”

ကိုယ်တော်လေးဟာ တမြို့မြို့တွေးရင်းမှ ရာဂမီးတောက်က တဖြည်းဖြည်းကြီးထွားလာပြီး သူ့ရဲ့အသည်းနှလုံးကို လောင်မြိုက်စေလို့ အဲဒီနေရာမှာပဲ ပျံလွန်သွားရရှာတယ်။

“သြော်…ရာဂမီး…ရာဂမီး၊ မီး ၁၁–ပါးမှာ အရင်းခံမူလ ဖြစ်ပြီး အပူလောင်ဆုံးမီးဆိုပါလား၊ ကာမဂုဏ်မီးပွားကအစ ရာဂမီးတောက်ကြီးဖြစ်လာပြီး လောင်မြိုက်လို့ သေပွဲဝင်နေကြတဲ့သူတွေဟာ ကမ္ဘာတစ်ဝန်းမှာ နေ့စဉ်မစဲပါလား။”

## ကာမဂုဏ်ပျော်ပွဲမှ လောကငရဲသို့

ကျွန်တော့်ဇာတိရွာမှာ ပစ္စည်းဥစ္စာ အတော်အသင့် ချမ်းသာကြွယ်ဝကြတဲ့ တောသူဌေးသားအမည်ခံ လူငယ်လူရွယ်အများစုဟာ ပညာကို ကောင်းကောင်းမသင်၊ အလုပ်ကိုလည်း ဟုတ်တိပတ်တိ မလုပ်၊ အပေါင်းအဖော်များနဲ့ သောက်ကစားမူးယစ်ကာ ပျော်ပါးနေကြတယ်။ ဒီလူရွယ်တွေ ကြီးပြင်းလာကြတဲ့အခါ ဥစ္စာချို့တဲ့လာကြပြီး အသက် ၆၀ လောက်မှာ အရက်ကြောင့် အသည်းကျွမ်းရောဂါ၊ လည်ချောင်းကင်ဆာရောဂါ၊ အစာအိမ်ကင်ဆာရောဂါ စသည်တို့နဲ့ ဆင်းဆင်းရဲရဲ သေပွဲဝင်ကြရရှာတယ်။

‘ရာဇဂြိုဟ်ပြည်’ မှာ အလွန်ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီးတစ်ယောက်မှာ သားတစ်ယောက်တည်းရှိတော့ သားကိုသိပ်ချစ်တယ်။ သိပ်ချစ်လို့ ဘာအတတ်ပညာမှ မသင်ပေးဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ရဲ့သားဟာ တစ်နေ့ငွေတစ်ထောင် နေ့စဉ်သုံးဖြုန်းစေဦးတော့၊ နှစ်ပေါင်းတစ်ရာပြည့်ရင်တောင် ငါတို့ရဲ့ပစ္စည်းဉစ္စာမကုန်နိုင်ပါဘူး၊ အတတ်ပညာသင်နေရရင် သားက ကိုယ်ပင်ပန်းစိတ်ညှိုးနွမ်းခြင်း ဖြစ်ရှာလိမ့်မယ်၊ သားပျော်သလိုသာ နေပါစေ"

သား အရွယ်ရောက်လာတဲ့အခါ လှပတင့်တယ်တဲ့ အမျိုးသမီးတစ်ယောက်နဲ့ လက်ထပ်ထိမ်းမြားပေးလိုက်တယ်။ သူဌေးသားနဲ့ ဇနီးတို့က လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါးနေခွင့်ရကြလို့ ရတနာသုံးပါးကို မကိုင်းရှိုင်းကြဘူး။ လူကြီးသူမတို့ကို မရိုသေကြဘူး။ အရက်သမား၊ ကစားသမားများနဲ့ အပေါင်းအဖော်ပြုကာ အာရုံငါးပါးကာမဂုဏ်တရားတို့မှာသာ ငြိကပ်ပျော်မွေ့နေကြတယ်။

မိဘနှစ်ပါးအရွယ်ကြီးရင့်လာတော့ ကွယ်လွန်ကြတယ်။ သူဌေးသားက စည်းလွတ်ဝါးလွတ် အရက်သောက်ကစား၊ ပျော်ပွဲသဘင်ခင်းကျင်း၊ ထင်သလိုဖြုန်းတီးတော့ ကာလများမကြာမီမှာပဲ ပစ္စည်းဉစ္စာကုန်ခန်းပြီး လယ်ယာခြံများနဲ့ အိမ်ကိုပါ ရောင်းချလိုက်ရတယ်။ ဒါကြောင့် သူဌေးသားနဲ့ဇနီးတို့ဟာ အားကိုးစရာမရှိတော့တဲ့အတွက် ခွက်လက်ဆွဲကိုင်ကာ တောင်းစားရတော့တယ်။

တစ်နေ့မှာ သူခိုးအဖွဲ့တစ်ဖွဲ့ဟာ သူဌေးသားမှီကပ်နေတဲ့ဇရပ်ဆီ ရောက်လာကြတယ်။ သိကျွမ်းလာတဲ့အခါ သူခိုးတွေက သူတို့အဖွဲ့မှာ ပါဝင်ဖို့ တိုက်တွန်းကြတယ်။

"မင်းနှယ်ကွာ... လက်ခြေတွေ ကောင်းနေပါလျက် ဘာလို့ တောင်းစားနေရသလဲ၊ လက်ခြေပြတ်နေသူတို့ကသာ အောက်ကျနောက်ကျခံပြီး တောင်းစားကြတာ၊ မင်း တို့နဲ့လိုက်ရင် ချမ်းချမ်းသာသာ နေရမယ်၊ ခိုးတဲ့အတတ်ပညာကို တို့သင်ပေးမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူဌေးသားက သဘောတူပြီး လိုက်ပါသွားတယ်၊ အိမ်တစ်အိမ်ကို တက်ခိုးတော့ သူဌေးသားကို ခြံစည်းရိုးမှာ တင်းပုတ်ကိုင်ပြီး စောင့်ခိုင်းတယ်။

"လာသမျှလူတွေကို ရိုက်သတ်ကွ"လို့ မှာထားကြတယ်။

သူခိုးတွေ အိမ်ပေါ်တက်ခိုးနေခိုက်မှာ အိမ်ရှင်နိုးပြီး အော်တယ်။ လူတွေဝိုင်းလာကြတယ်၊ သူခိုးတွေက လျင်မြန်သွက်လက်စွာ တိမ်းရှောင်ထွက်ပြေးသွားကြတယ်။ မပြေးတတ်တဲ့ သူဌေးသားကို တင်းပုတ် ကိုင်လျက် မိလေရော။

BURMESE CLASSIC .com

ဘုရင့်ထံအပ်နှံတော့ ဘုရင်က သူခိုးတို့ရဲ့သွားရာလမ်းအတိုင်း အပြစ်ဒဏ်ပေးဖို့ စီရင်ချက်ချလိုက်တယ်။ ဒါကြောင့် သူဌေးသားကို လက်ပြန်ကြိုးတုပ်၊ သုသာန်သို့ထုတ်၊ လမ်းဆုံလမ်းခွသို့ရောက်တိုင်း ဆူးပါတဲ့ ကြိမ်တံပြာနဲ့ရိုက်၊ သုသာန်ရောက်တော့ လက်ဝါးကပ်တိုင်တင်၊ မလှုပ်နိုင်အောင် သံမှိုရိုက်၊ နှာခေါင်းဖြတ်၊ နားရွက်ဖြတ်၊ နောက်ဆုံးမှာ ဦးခေါင်းကိုဖြတ်ပြီး သတ်လိုက်ကြတယ်။

(ပေတဝတ္ထု အဋ္ဌကထာ)

လူမိုက်နဲ့ငွေ အတူမနေ၊ ကုဋေများစွာသော ပစ္စည်းဥစ္စာတို့ဟာ အားကိုးရာမဖြစ်၊ ပစ္စည်းဥစ္စာအတွက်နဲ့ လောကငရဲကို ကျရောက်ရပါကလား။

## သာယာဖွယ်နည်းပါး အပြစ်ကများ

အဋ္ဌိ ကင်္ကလူပမာ ကာမာ

'ကာမတရားဟာ အမဲရိုးနဲ့တူတယ်။'

ကျွမ်းကျင်လိမ္မာတဲ့ နွားသတ်သမားဟာ အသားစင်အောင် ခြစ်ယူထားပြီးတဲ့ အမဲရိုးတစ်ချောင်းကို ပိန်ချုံးငတ်ပြတ်နေတဲ့ ခွေးဆီ

www.burmeseclassic.com

www.burmeseclassic.com



ပစ်ပေးလိုက်တယ်။ ခွေးငတ်က အမဲရိုးကိုမရမကကိုက်တယ်။ အသား မရှိ သွေးလောက်သာရှိတဲ့အမဲရိုးကို ဘယ်လောက်ပဲကိုက်ကိုက် ဆာလောင်မွတ်သိပ်မှုကို မပပျောက်စေနိုင်ဘူး။

မြတ်စွာဘုရားဟာ ဒီခွေးငတ် အရိုးခဲတဲ့ဉပမာဖြင့် ကာမတရားတို့မှာ သာယာဖွယ်နည်းပါးပြီး အပြစ်များလှပုံကိုသိစေတော်မူတယ်။

မံသပေသူပမာ ကာမာ

'ကာမတရားဟာ အသားတစ်နဲ့တူတယ်။'

လင်းတ, ကျီးကန်း, ဘုံမတီး, စွန်ရဲစတဲ့ငှက်တစ်ကောင်ကောင်ဟာ သားတစ်တစ်ခုကိုရလို့ ဝမ်းမြောက်ဝမ်းသာချီသွားတယ်။ သားတစ် မရကြတဲ့ အခြားငှက်တို့က အဲဒီငှက်ကို ဝိုင်းလိုက်ပြီး ထိုးဆိတ်ကြတယ်။ အထိုးဆိတ်ခံရတဲ့ငှက်ဟာ သားတစ်ကို မလွှတ်ရင် သေမယ်။ မသေရင်လည်း သေလောက်တဲ့ဆင်းရဲသို့ရောက်မယ်။ ဒီလိုသိရင် သားတစ်ကို ချက်ချင်းလွှတ်ချသင့်တယ်။

လွှတ်ချလိုက်လို့ အဲဒီသားတစ်ကို နောက်ငှက်တစ်ကောင်က ကိုက်ချီသွားရင် ဒီငှက်ကို အခြားငှက်တို့ကတစ်ဖန် လိုက်ထိုးဆိတ်ကြပြန်တယ်။ သားတစ်ကို မလွှတ်ရင် ဒီငှက်လည်း သေလောက်အောင် ဆင်းရဲရပေဦးမယ်။

အာရုံငါးပါးဆိုတဲ့ ကာမတရားတို့ကလည်း သားတစ်နဲ့တူတာကို ဆင်ခြင်မိကြတဲ့ တပည့်သာဝကများဟာ ကာမတရားမှ ရှောင်ရှားလို့ ဆင်းရဲမှ လွတ်မြောက်နိုင်ကြတယ်။

တိဏုက္ကူပမာ ကာမာ

'ကာမတရားဟာ မြက်မီးရှူးတိုင်နဲ့ တူတယ်။'

www.burmeseclassic.com

www.burmeseclassic.com



မြက်ခြောက်တို့ကို တုတ်မှာစည်းနှောင်ပြီး မီးရှို့လိုက်ရင် မီးတောက်သဖွယ် တောက်လောင်နေလိမ့်မယ်။ ယောကျ်ားတစ်ယောက်က ဒီမြက်မီးရှူးတိုင်ကိုကိုင်ပြီး လေညာကို ဆန်ပြေးရင် မီးတောက်က ထိုလူအား တဖြည်းဖြည်းလောင်လိမ့်မယ်။ ထိုလူက မီးရှူးတိုင်ကို မလွှတ်ရင် သူ့လက်နဲ့ ကိုယ်ခန္ဓာဟာ မီးလောင်မြိုက်ခံရမှာဖြစ်လို့ သေလောက်အောင်ဆင်းရဲလိမ့်မယ်။

မြက်မီးရှူးတိုင်ကိုလွှတ်ချမှ ချမ်းသာသလို ကာမတို့ကိုစွန့်လွှတ်ပါမှ ဆင်းရဲမှုကင်းကွာသွားလိမ့်မယ်။

အင်္ဂါရကာသူပမာ ကာမာ

'ကာမတရားဟာ မီးကျီးခဲတွင်းနဲ့တူတယ်။'

လူတစ်ရပ်လောက်နက်တဲ့ တွင်းကြီးတစ်ခုမှာ မီးကျီးခဲတွေ အပြည့်ထည့်ထားတယ်။ သေရမှာကိုလည်း ကြောက်၊ ဆင်းရဲမှာကိုလည်း ကြောက်တဲ့ ယောကျ်ားတစ်ယောက်ကို ခွန်အားဗလကောင်းတဲ့ ယောကျ်ားနှစ်ယောက်တို့က လက်မောင်းတစ်ဖက်စီ ချုပ်ကိုင်ပြီး မီးကျီးတွင်းဆီသို့ ဆွဲခေါ်သွားတယ်။

အဆွဲခံရတဲ့ယောကျ်ားဟာ အတင်းရုန်းကန်လိမ့်မယ်။ တတ်နိုင်ရင် လွတ်အောင်ရုန်းပြီး ထွက်ပြေးလိမ့်မယ်။ မပြေးရင် သေမှာကိုး။ မသေလိုတဲ့သူဟာ မီးကျီးတွင်းကို တိမ်းရှောင်သလို ကာမတို့ကို တိမ်းရှောင်သင့်တယ်။

သုပိနကူပမာ ကာမာ

'ကာမတရားဟာ အိပ်မက်နဲ့တူတယ်။'

အိပ်မက်ထဲမှာ ပျော်စရာကောင်းတဲ့ ဥယျာဉ်၊ ရေကန်၊ ပန်းမန်၊

www.burmeseclassic.com

www.burmeseclassic.com



စိမ့်စမ်းတို့ကို မြင်တွေ့ခဲ့ရတဲ့သူဟာ နိုးလာတဲ့အခါ ဘာမှမမြင်ရတော့လို့ စိတ်ပျက်ဝမ်းနည်းရတယ်။

ကာမတရားတို့ကလည်း အာရုံနဲ့ဒွါရ ဆုံတွေ့ခိုက်ကလေးမှာ ကိလေသာကာမ ဖြစ်ပွားလာစေတဲ့အတွက် သာယာဖွယ်လို့ထင်မှတ်ကြရတယ်။ ကိလေသာကာမ ချုပ်ငြိမ်းသွားတာနဲ့ သာယာဖွယ်ဟာ ကွယ်ပျောက်သွားတယ်။ ချမ်းသာကိုအလိုရှိကြတဲ့သူတို့ဟာ အိပ်မက်ခဏမှာသာ ပျော်ရွှင်ဖွယ်ဖြစ်ပြီး နိုးလာတာနဲ့တစ်ပြိုင်နက် အနှစ်သာရကင်းတဲ့ ကာမတရားတို့ကို ရှောင်ရှားသင့်ကြပါတယ်။

ယာစိတကူပမာ ကာမာ

'ကာမတရားဟာ အငှားပစ္စည်းနဲ့တူတယ်။'

စိန်ရွှေရတနာ ဝတ်ကောင်းစားလှတို့ကို ငှားရမ်းပြီးဝတ်ဆင်တဲ့သူဟာ လူအများရဲ့အထင်ကြီးခြင်းကို ခေတ္တခဏသာခံရတယ်၊ လူပုံအလယ်မှာ ပိုင်ရှင်က လာရောက်တောင်းယူမယ်ဆိုရင် အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး ပြန်ပေးလိုက်ရပါတယ်။

ထို့အတူ ကာမဂုဏ်တို့ဟာ သူတစ်ပါးထံမှ ငှားရမ်းထားတဲ့ပစ္စည်းနဲ့တူလို့ အရှက်တကွဲအကျိုးနည်းမဖြစ်အောင် ကာမဂုဏ်တို့ကို အလျင်အမြန်စွန့်ပယ်သင့်တယ်။

ရုက္ခဖလူပမာ ကာမာ

'ကာမတရားဟာ အသီးပြည့်နေတဲ့အပင်နဲ့တူတယ်။'

တောစပ်မှာ အသီးမှည့်တွေနဲ့ပြည့်စုံနေတဲ့ သရက်ပင်တစ်ပင်ရှိတယ်၊ ယောကျ်ားတစ်ယောက်က မြင်လို့ သရက်ပင်ပေါ်တက်ပြီး သရက်သီးတို့ကို ခူးစားတယ်။ ခါးပိုက်မှာလည်း ထည့်တယ်။

www.burmeseclassic.com

www.burmeseclassic.com


အဲဒီအခိုက် ဓားတစ်လက်နဲ့လူတစ်ယောက် ရောက်လာပြန်တယ်။ ဒီလူက အပင်မတက်တတ်ဘူး၊ သရက်သီးတွေကိုလည်း လိုချင်လို့ အပင်ရင်းကို ဓားနဲ့ခုတ်တယ်။

သရက်ပင်ပေါ်ရောက်နေတဲ့လူဟာ အမြန်ဆင်းရင်ဆင်း၊သရက်သီး အရသာကိုတပ်မက်နေလို့ မဆင်းရင် သရက်ပင်လဲတဲ့အခါ ခြေလက် ကျိုးချင်ကျိုးမယ်၊သစ်ပင်ပိပြီး သေချင်သေမယ်။ ကာမတရားတို့ကို မစွန့်လွှတ်နိုင်ဘဲ တပ်မက်နေတဲ့သူကလည်း အလားတူဆင်းရဲရလိမ့်မယ်။

'မဟာဇနကဇာတ်တော်' မှာ မဟာဇနကမင်းကြီးက အသီးမှည့်ဝင်းနေတဲ့ သရက်ပင်ကို အသီးဆွတ်ခူးနေကြတဲ့လူတွေ ရိုက်ချိုးထားလို့ ကျိုးတိုးကျဲတဲဖြစ်နေတာကိုမြင်တယ်။ အသီးမရှိတဲ့အပင်ကတော့ ပင်ကိုအတိုင်း စိမ်းလန်းစိုပြည်နေတာကိုမြင်တယ်။ ဒီသရက်နှစ်ပင်ကို မြင်တာနဲ့ သတိသံဝေဂရကာ ထီးနန်းကိုစွန့်ပြီး တောထွက်တော်မူတယ်။

## အပါယ်ငရဲသို့ကာမပို့လိမ့်မယ်

မဟာဒုက္ခက္ခန္ဓသုတ်မှာမြတ်စွာဘုရား ဒီလိုဆက်ဟောပါတယ်။

"ရဟန်းတို့...တစ်ဖန်တုံလဲ ကာမအရင်းခံ၊ ကာမအထောက်အပံ့၊ ကာမဂုဏ်တို့ကြောင့်သာလျှင် လူတွေဟာ ကိုယ်နှုတ်စိတ်တို့ဖြင့် မကောင်းတဲ့အမှုအကျင့်တို့ကို ပြုကျင့်ကြကုန်တယ်၊ ထိုသူတို့ကွယ်လွန်ကြတဲ့အခါ ချမ်းသာကင်းတဲ့ငရဲသို့ ကျရောက်ကြတယ်။ ဒီတမလွန်ဆင်းရဲအစုဟာလည်း ကာမဂုဏ်တို့ရဲ့အပြစ်ဖြစ်ပေတယ်။

**'အဇာတသတ်မင်းသား'** ဟာ ဒေဝဒတ်ကို ဆရာအတင်မှားပြီး

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မြန်မြန်ဖြစ်ချင်တာနဲ့ သောတာပန်ဖခင်ကြီးကို အငတ်ထား၊ ခြေဖဝါးကို ခွဲ၊ မီးရဲရဲမှာ ကင်ပြီး သတ်ဖြတ်ခဲ့တယ်။ ဒီအနန္တရိယ အကုသိုလ်ကံကြောင့် နောက်ကာလမှာ မြတ်စွာဘုရားကိုဆည်းကပ်ပြီး သာသနာ့ဒါယကာကြီးဖြစ်လာပေမယ့် ကုသိုလ်ကံများက အဇာတသတ်ကို ငရဲမလားအောင် မတားဆီးနိုင်ကြတော့ဘူး။

အဇာတသတ်မင်းရဲ့ဆရာအရှင် **'ဒေဝဒတ်'** ကိုယ်တိုင်က မြတ်စွာဘုရားရဲ့ ခြေမတော်ကို သွေးစိမ်းတည်အောင် ပြုခဲ့တယ်။ သံဃာတော် နှစ်သင်းကွဲအောင် ခွဲခဲ့တယ်။ အဲဒီလိုကျော်စောမှု၊ အပူဇော်ခံမှု၊ လာဘ်ပေါ်များမှုတို့ကို ရှေးရှုပြီး ပဥ္စာနန္တရိယကံကြီးနှစ်ခုကို ကျူးလွန်မိလို့ အရှင်ဒေဝဒတ်ဟာ အရှင်လတ်လတ်မြေမျိုခံရပြီး အဝီစိငရဲသို့ လားရောက်ခဲ့ရတယ်။

* * *

ရာဇဂြိုဟ်ပြည်က အမျိုးသမီးလေးဦးတို့ 'ပြိတ္တာဖြစ်ကြရတဲ့ ဓာတ်လမ်း' ကလည်း ကျောချမ်းစရာကောင်းလှပေတယ်။ ဒီအမျိုးသမီးလေးယောက်တို့ဟာ လင်ယောကျ်ားများအပေါ်မှာ မာနထားပြီး "ကျုပ်တို့မိန်းမတွေလဲ ရှင်တို့ယောကျ်ားတွေလို ပစ္စည်းဥစ္စာရှာနိုင်တယ်"လို့ ပြောဆိုကြပြီး ငွေရင်းစုပေါင်းမ,တည်ကာ ကုန်မျိုးစုံရောင်းဝယ်ကြတယ်။

များမကြာမီ အမြတ်အစွန်းတွေရလာကြတော့ "ရလေလိုလေ အိုတဏှာ"ဖြစ်တဲ့လောဘက အားကြီးလာတယ်။ အလေးတင်းတောင်းတို့ကို မမှန်မကန် ခိုးဝှက်ခြင်းဖြင့် မတရားစီးပွားရှာကြတယ်။ ဒါကြောင့် လျင်မြန်စွာချမ်းသာကြွယ်ဝလာကြတယ်။

"သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည်၊ ရေပွက်ပမာ၊

www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လျာတည်း”ဆိုတဲ့အတိုင်း သူတို့တစ်တွေ မကြာမီသေကြတယ်။ သေပြီးတာနဲ့ချက်ချင်းပဲ မြို့ရိုးကျုံးရဲ့အပြင်ဘက်မှာ အညစ်အကြေးစတာကို ရှာဖွေစားသောက်ကြရတဲ့ ဝေမာနိက ပြိတ္တာမများဖြစ်လာကြတယ်။

တစ်နေ့မှာ သူတို့မြို့ထဲဝင်ပြီး ရှာဖွေစားသောက်ကြတဲ့အခါ ယခင် သူတို့နေထိုင်ခဲ့ကြတဲ့လမ်းနဲ့ အိမ်များဆီသို့ ရောက်လာကြတယ်။ အဲဒီအခါ သူတို့လင်သားတွေက မယားသစ်များနဲ့အတူ သူတို့ ရှာဖွေပေးခဲ့တဲ့ ပစ္စည်းဥစ္စာတွေကို သုံးဖြုန်းပြီး ပျော်ပျော်ပါးပါး စားသောက်နေထိုင်ကြတာကို တွေ့ကြရတယ်။ မချိတင်ကဲ ရင်ထဲမှာ ဆူဝေပြီး သူတို့ငိုကြွေးကြတယ်။

သူတို့တစ်တွေ ရင်ဘတ်စည်တီးပြီး အော်ကြီးဟစ်ကျယ်ငိုကြွေးရေရွတ်ကြတာကို လူတွေကြားကြရတော့ ထိတ်လန့်ကြကုန်တယ်။ နံနက်မိုးလင်းတော့ ဘုရားအမှူးရှိတဲ့ သံဃာတော်တို့ကို ပင့်ဆောင်ကြပြီး ဆွမ်းကပ်လှူဒါန်းကြတယ်။ ပြီးတော့...

“မြတ်စွာဘုရား... မနေ့ညဉ့်က တပည့်တော်တို့ရဲ့ အရပ်မှာ မကောင်းဆိုးဝါးများရဲ့ အော်ဟစ်ငိုကြွေးသံတွေကို ကြားကြရပါတယ်၊ ဒီအသံနက်ကြီးတွေကိုကြားရတော့ လူတွေ ထိတ်လန့်ကြောက်ရွံ့ကြပါတယ်ဘုရား”လို့ ဘုရားရှင်ကို လျှောက်ထားကြတယ်။

“ဒါယကာတို့...ဒီအော်သံတွေဟာ သင်တို့ကို အန္တရာယ်မဖြစ်စေပါဘူး၊ ဒီအရပ်က သေလွန်သွားကြတဲ့ အမျိုးသမီးလေးဦးတို့ဟာ ပြိတ္တာမများဖြစ်သွားကြပြီး သူတို့လင်သားတွေက နောက်ဇနီးမယားများနဲ့ ပျော်ပါးနေကြတာကို မြင်ကြလို့ ပူဆွေးငိုကြွေးကြခြင်း ဖြစ်ပေတယ်၊ သူတို့ ရေရွတ်မြည်တမ်းကြတဲ့အသံတွေရဲ့ အဓိပ္ပာယ်က...

www.burmeseclassic.com

www.burmeseclassic.com


"ငါတို့ဟာ ဖြောင့်မတ်မှန်ကန်တဲ့နည်းတွေနဲ့ရော၊ မဖြောင့်မတ်မမှန်ကန်တဲ့နည်းတွေနဲ့ရော ရောင်းဝယ်ဖောက်ကားပြီး ပစ္စည်းဥစ္စာတို့ကို ရှာဖွေစုဆောင်းခဲ့ကြရတယ်၊ ငါတို့ရှာဖွေစုဆောင်းခဲ့တဲ့ပစ္စည်းဥစ္စာတို့ကို ယခုအခါ တခြားလူတွေက သုံးဆောင်ခံစားနေကြပြီ၊ ငါတို့ကတော့ စားရမဲ့ ဝတ်ရမဲ့ဖြစ်ပြီး ဆင်းရဲတဲ့ အဖို့အစုကိုသာ ရရှိကြပေတယ်"

ဒီလိုကြားသိရတော့ ပရိသတ်အပေါင်းဟာ အလွန်သံဝေဂ ရကြတယ်၊ မြတ်စွာဘုရားက "ခန္ဓာကိုယ်ဟာ ဆင်းရဲခြင်းအမှန်ဖြစ်လို့ ဒုက္ခသစ္စာမည်ပေတယ်။ ခန္ဓာရဲ့ဒုက္ခကိုမသိလို့ အကုသိုလ်အလုပ်များနဲ့ ခန္ဓာကိုယ်ကို လုပ်ကျွေးနေကြတဲ့လူတွေဟာ ဆင်းရဲခြင်းရဲ့အကြောင်းကို ပြုမိကြလို့ ဆင်းရဲခြင်းဆိုတဲ့ အကျိုးတွေကို ရရှိကြတယ်..." စသည်ဖြင့် သစ္စာတရားကို ဆက်လက်ဟောကြားတော်မူလို့ လူများစွာတို့က အမှန်တရားကို သိမြင်ပြီး သောတာပန်များဖြစ်ကြပေတယ်။ (ပေတဝတ္ထု အဋ္ဌကထာ၊ ၂၆၁)

## ကာမသွေးဆောင် အမှောင်မဖုံးစေနဲ့

ရွှေငွေပစ္စည်း, ဇနီး, ခင်ပွန်းစတဲ့ ကာမဝတ္ထုများကို အကြောင်းပြုပြီး လူတွေဟာ အားကြီးတဲ့ တဏှာလို့ ဆိုရတဲ့ ဆန္ဒရာဂဖြစ်ကြတယ်။ ဆန္ဒရာဂမှတစ်ဆင့် ခက်ထန်ပြင်းပြတဲ့ဒေါသလည်း ဖြစ်ကြတယ်။ ရာဂ, ဒေါသတို့ မင်းမူနေတဲ့အခါမှာ အမှန်တရားကို မဆင်ခြင် မမြင်သိနိုင်အောင် မောဟအမှောင်က ဖုံးလွှမ်းထားတော့တယ်။ အဲဒီအခါ မတော်မတရားတဲ့ ဒုစရိုက်အမှုတွေကို ပြုမိကြလို့ သေလွန်တဲ့အခါ အပါယ်လားကြရတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ရဟန်းတစ်ပါး' ဟာ မြတ်စွာဘုရားထံက ကမ္မဋ္ဌာန်းယူပြီး တောထဲမှာ တရားအားထုတ်တယ်။ ရဟန္တာဖြစ်ပြီးတဲ့အခါ မြတ်စွာဘုရားကိုဖူးမြင်ဖို့ သာဝတ္ထိမြို့သို့ ပြန်လာတယ်။ လမ်းခရီးမှာ အမျိုးသမီးတစ်ယောက်က သူ့နောက်က လိုက်လာနေတာကို သူမသိဘူး။

ဒီအမျိုးသမီးက လင်နဲ့ရန်ဖြစ်ပြီး မိဘရှိရာသို့သွားဖို့ အိမ်မှထွက်လာတယ်။ တောအုပ်တစ်ခုကိုရောက်တော့ ရဟန်းကိုမြင်လို့ "ငါ အဖော်ရပြီ"ဆိုတဲ့အမှတ်နဲ့ မထေရ်နောက်က လိုက်သွားတာ။

အမျိုးသမီးရဲ့ခင်ပွန်း လိုက်လာတော့ တောအုပ်မှာ သူ့ဇနီးကို မီလာတယ်။ သူ့ဇနီး ဘာကြောင့်တစ်ယောက်တည်းသွားဝံ့သလဲလို့ ကြည့်လိုက်တော့ ရဟန်းတော်ကိုမြင်တယ်။ "ဒီကိုယ်တော်ဟာ ငါ့မယားကို သွေးဆောင်ခေါ်လာတာဖြစ်မှာပဲ"လို့ ယူဆပြီး မထေရ်ကို ကြိမ်းမောင်းခြိမ်းခြောက်တယ်။

သူ့ဇနီးက "ကျွန်မနောက်က လိုက်လာတာကို မထေရ်မသိဘူး၊ နောက်ကိုတောင် သူလှည့်မကြည့်ဘူး"လို့ ပြောတယ်။ ဒါပေမဲ့ ခင်ပွန်းက မယားစိတ်မွှန်နေတဲ့အတွက် ...

"မင်းက မင်းကိုသွေးဆောင်ခေါ်လာတယ်လို့ ဘယ်ပြောပါ့မလဲ၊ သင့်ကိုယူပြီး ဒီကိုယ်တော် မသင့်လျော်တာလုပ်တယ်"လို့ ဒေါသထကြွလာပြီး ကိုယ်တော်ကို ရိုက်တယ်။ ရိုက်နှက်ပြီးမှ သူ့မယားကို ပြန်ခေါ်သွားတယ်။ (ဓမ္မပဒ အဋ္ဌကထာ၊ ၄၅၁)

မယားစိတ်မွှန်ပြီး အထင်မှားတာက မဆိုးရွားလှသေးဘူး။ ရဟန္တာကို ရိုက်နှက်လိုက်မိတဲ့အပြစ်က အင်မတန်ကြီးလေးတယ်။ သေတဲ့အခါ အပါယ်ငရဲကို လားရောက်ရတော့တာပဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com



ပိုဆိုးတဲ့အဖြစ်အပျက်တစ်ခုက သာဝတ္ထိမြို့မှာပဲ ဖြစ်ပျက်ခဲ့တယ်။ ပတ္တမြားကျောက်အမျိုးမျိုးနဲ့ ရွှဲတို့ကို အပေါက်ထွင်းတဲ့ ရွှဲထွင်းသမားအိမ်မှာ **'တိဿမထေရ်'**က နေ့စဉ် ဆွမ်းလာဘုဉ်းပေးတယ်။ ရွှဲထွင်းသမားရဲ့ဇနီးက မထေရ်ကို မိဘဆရာအရာမှာထားပြီး ကိုးကွယ်ဆည်းကပ်လာတာ ၁၂ နှစ်ရှိပြီ။

တစ်နေ့တော့ ဆွမ်းစားချိန်မှာ မထေရ်ရောက်လာတယ်။ ရွှဲထွင်းသမားက ဈေးမှအမဲသားဝယ်လာပြီး ဟင်းချက်ဖို့ ကိုင်နေတယ်။ အဲဒီအခိုက် ကောသလမင်းရဲ့အမှုထမ်းတို့ ရောက်လာကြပြီး မင်းကြီးအမိန့်အရ ပတ္တမြားတစ်လုံးကို အပေါက်ဖောက်ဖို့ပေးအပ်တယ်။

ရွှဲထွင်းသမားက သွေးပေနေတဲ့လက်နဲ့ ပတ္တမြားလုံးကို လက်ခံယူပြီးတော့ အလုပ်သေတ္တာပေါ်မှာ တင်ထားလိုက်တယ်။ ပြီးတော့ လက်ဆေးဖို့ မီးဖိုထဲ ဝင်သွားတယ်။

အဲဒီအခိုက်မှာ အိမ်မှာမွေးထားတဲ့ကြိုးကြာငှက်က နီရဲပြီး သွေးပေကျံနေတဲ့ပတ္တမြားလုံးကို အမဲသားတုံးထင်ပြီး မထေရ်ရဲ့ရှေ့မှောက်မှာပဲ ကောက်ယူမျိုချလိုက်တယ်။ ရွှဲထွင်းသမား ထွက်လာတော့ ပတ္တမြားလုံးကို မမြင်ရတော့ဘူး။

"ပတ္တမြားလုံးကို ဘယ်သူယူလိုက်သလဲ"လို့ သူ့ဇနီးနဲ့ သားသမီးတွေကို မေးတယ်။ အားလုံးက 'မယူကြဘူး'လို့ ဖြေကြတယ်။

"ဒါဖြင့် မထေရ်ယူတာဖြစ်မှာပဲ"လို့ သူကောက်ချက်ချလိုက်တယ်။ မထေရ်တစ်ပါးပဲ အနားမှာရှိတာကိုး။

"ရှင် ဒီလိုမပြောနဲ့၊ မထေရ်ကို ကိုးကွယ်လာတာ ၁၂ နှစ်ရှိပြီ၊ မထေရ်မှာ ဘာအပြစ်မှမတွေ့မိခဲ့ဘူး၊ မထေရ်ယူမှာမဟုတ်ဘူး"လို့ ဇနီးက ဝင်ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေထွင်းသမားက မကျေနပ်လို့ မထေရ်ကို မေးတယ်...

"အရှင်ဘုရား... ဒီသေတ္တာပေါ် တင်ထားတဲ့ ပတ္တမြားကို ယူလိုက်သလား"

"မယူပါဘူးဒကာ"လို့ မထေရ်က ပြန်ဖြေတယ်။

"အရှင်ဘုရား...ဒီမှာ အခြားဘယ်သူမှ မရှိဘူး၊ အရှင်ဘုရား ယူတာဖြစ်ရမယ်၊ ပတ္တမြားကို ပြန်ပေးပါ"

ဘုရင့်ပတ္တမြားကို ပြန်မပေးနိုင်ရင် ရွှေထွင်းသမား ဒုက္ခလှလှ ရောက်မှာကိုး။ သူ့ပစ္စည်းတွေကို ပုံပေးရင်တောင် ဘုရင်က မကျေနပ်ရင် သူ့အသက်ဆုံးရှုံးနိုင်တယ်။ ဒါကြောင့် မထေရ်ကို ပတ္တမြားပြန်ပေးဖို့ ဖွတ်အတင်းတောင်းတယ်။ မရတော့'မထေရ်ကို နှိပ်စက်ပြီး မေးမယ်'လို့ တစ်ဆင့်တက်တယ်။ ကာမကိလေသာမီး တောက်နေပြီလေ။

"အရှင်...ငါတို့အား မပျက်စီးပါစေနဲ့၊ ပတ္တမြားဖိုးပေးဆပ်ရလို့ ငါတို့ ကျွန်ဖြစ်ချင်ဖြစ်ပါစေ၊ မထေရ်ကိုတော့ မညှဉ်းဆဲပါနဲ့"

"ငါတို့အားလုံး ကျွန်ခံတဲ့တိုင်အောင် ပတ္တမြားဖိုး မကျေနိုင်"

လင်မယားချင်း အချေအတင်ပြောဆိုပြီးတော့ လင်က ကြိုးတစ်ချောင်းနဲ့ မထေရ်ရဲ့ဦးခေါင်းကို ရစ်ပတ်ဖွဲ့ချည်တယ်၊ ပြီးတော့ တုတ်နဲ့ရိုက်တယ်၊ မထေရ်ရဲ့ဦးခေါင်း, နား, နှာခေါင်းတို့မှ သွေးတွေ ယိုစီးကျလာတယ်။ မျက်စိတွေ ဖူးဖူးရောင်ပြီး အပြင်သို့ထွက်လာကြတယ်။ ဒဏ်ရာဒဏ်ချက်ပြင်းထန်လွန်းတဲ့အတွက် မထေရ်ဟာ မြေမှာ လဲကျသွားတယ်။

ကြိုးကြာက သွေးစိမ်းအနံ့ရတော့ အောက်ဆင်းလာပြီး မထေရ်ရဲ့သွေးကို သောက်တယ်။ ရွှေထွင်းသမားက ဒေါသအမျက် ခြောင်း

www.burmeseclassic.com

www.burmeseclassic.com



ခြောင်းထွက်နေလို့ 'နင်ဘာလာရှုပ်သလဲ' ဆိုပြီး ကြိုးကြာကို ခြေနဲ့ ကန်ပစ်လိုက်တယ်။ ကြိုးကြာဟာ တိုင်နဲ့ဆောင့်မိလို့ သေရှာတယ်။

"ဒကာ...ငါ့ဦးခေါင်းက ကြိုးကို နည်းနည်းလျှော့ပါ၊ ကြိုးကြာ သေ မသေ ကြည့်ပါဦး"

"ကြိုးကြာသေသလို သင်လဲသေရမယ်"

"ပတ္တမြားကို ကြိုးကြာမျိုချလိုက်တယ်ဒကာ၊ တကယ်လို့ ကြိုး ကြာ မသေရင် ငါ အသေခံမယ်၊ ငါမပြောဘူး"

ရွှေထွင်းသမားက ကြိုးကြာကိုကောက်ယူပြီး ဝမ်းဗိုက်ကိုခွဲတယ်၊ ပတ္တမြားကိုတွေ့တော့ တုန်လှုပ်ကြောက်လန့်ပြီး မထေရ်ရဲ့ခြေရင်း မှာ ဝပ်စင်းတယ်။

"အရှင်ဘုရား...တပည့်တော် မသိလို့ပြုမိတာ သည်းခံတော် မူပါ"

"ဒကာ...သင့်အပြစ်လဲ မဟုတ်၊ ငါ့အပြစ်လဲ မဟုတ်၊ ဒီအပြစ် ရဲ့အရင်းခံက ဝိပါကဝဋ်ဆိုတဲ့ ရုပ်နာမ်ခန္ဓာရခြင်းရဲ့အပြစ်ဖြစ်တယ်၊ သင့်အား ငါသည်းခံတယ်"

ဒီစကားဟာ အရိယာတို့ရဲ့စကား၊ မထေရ်က ရဟန္တာတစ်ပါး ဖြစ်တယ်။

"အကယ်၍ အရှင်ဘုရား သည်းခံခွင့်လွှတ်ရင် တပည့်တော် အိမ်မှာ ခါတိုင်းလိုပဲ ဆွမ်းအလှူခံတော်မူပါ"

"တော်ပြီဒကာ၊ ကနေ့မှစပြီး သူတစ်ပါးအိမ်အမိုးအောက် ဝင် ခြင်းရဲ့အပြစ်ကို ငါသိပြီ၊ အိမ်အမိုးအောက်သို့ မဝင်တော့အံ့၊ မြတ် စွာဘုရား ဆုံးမတဲ့အတိုင်း ခြေသလုံးမြင်းခေါင်းကို အရင်းအနှီးပြုပြီး အိမ်စဉ်လှည့်ကာ ဆွမ်းခံစားပါတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com


မထေရ်မြတ်က ရိုက်နှက်ခံရတဲ့ဒဏ်ချက်ကြောင့် မကြာမီ ပရိနိဗ္ဗာန်ပြုတယ်။ ရွှဲထွင်းသမားသေတော့ ငရဲကျတယ်။ ကြိုးကြာက ရွှဲထွင်းသမားရဲ့မယားဝမ်းမှာ ပဋိသန္ဓေနေတယ်။ ရွှဲထွင်းသမားရဲ့မယားသေတော့ နတ်ပြည်ရောက်တယ်။

(ဓမ္မပဒ အဋ္ဌကထာ၊ ၂၂)

## ကာမဂုဏ်မှထွက်မြောက်မှ ချမ်းသာရ

မြတ်စွာဘုရားက မဟာဒုက္ခက္ခန္ဓသုတ်မှာ ကာမဂုဏ်ရဲ့ သာယာဖွယ်နဲ့ ကာမဂုဏ်ရဲ့အပြစ်တွေကို ဟောကြားပြီးတဲ့နောက် ကာမဂုဏ်မှ ထွက်မြောက်ရာကိုလည်း ဆက်လက်ဟောကြားတော်မူတယ်။

"ရဟန်းတို့...ကာမဂုဏ်တရားတို့မှ ထွက်မြောက်ရာဟာ ဘာလဲ၊ ရဟန်းတို့...ကာမဂုဏ်တရားတို့မှာ လိုချင်တပ်မက်မှုမဖြစ်အောင် ဆုံးမခြင်း၊ လိုချင်တပ်မက်မှုကို ပယ်ဖြတ်ခြင်းဟာ ကာမဂုဏ်တို့မှ ထွက်မြောက်ရာ ဖြစ်ပေတယ်"

ချစ်အပ်, နှစ်သက်အပ်, သာယာအပ်, တွယ်တာစွဲလမ်းအပ်တဲ့ အာရုံငါးပါးဆိုတဲ့ ဝတ္ထုကာမတို့ကို အကြောင်းပြုပြီး ကိလေသာကာမတို့ ဖြစ်ပေါ်လာကြတယ်၊ ကိလေသာကာမဆိုတာ ဝတ္ထုကာမတို့ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာကြတဲ့ လောဘ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ စတဲ့ ကိလေသာတွေပဲ။

ကိလေသာတရားတို့ဟာ စိတ်ကိုညစ်နွမ်းယုတ်ညံ့စေတဲ့တရားတွေ၊ စိတ်ကိုပူလောင်ဆင်းရဲစေတဲ့တရားတွေ ဖြစ်ကြတယ်။ ကိလေသာတွေ ထကြွသောင်းကျန်းနေတဲ့လူတစ်ယောက်ဟာ ဘယ်လိုနည်းနဲ့မှ မချမ်းသာနိုင်ဘူး။ သူချမ်းသာတယ်လို့ပြောရင် **'မူလာ'** ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com


ကုလားက မိုးမျှော်ငရုတ်သီးနဲ့ထမင်းစားတာလို၊ နူနာစွဲတဲ့ယောက်ျား က မီးကျီးခဲရဲရဲမှာ မီးကင်သလိုဖြစ်ပါလိမ့်မယ်။

'မူလာ'ဟာ အလုပ်ကြမ်းသမားဖြစ်တယ်။ နေမွန်းတည့်ချိန် လောက်မှာ ထမင်းစားတယ်။ ဟင်းမပါတော့ ထမင်းကို ရေဆမ်း၊ မိုးမျှော်ငရုတ်သီးတောင်းကို ရှေ့မှာချပြီး ငရုတ်သီးတစ်တောင့် ကိုက် စားလိုက်၊ ထမင်းတစ်လုတ်မျိုချလိုက်၊ နေကလည်းပူ၊ ငရုတ်သီးက လည်း ပူစပ်တော့ ချွေးက တဖြိုက်ဖြိုက် နှာရည်က တရှိုက်ရှိုက်ဖြစ် နေတယ်။

သူ့ကို ကြည့်ရတာ မသက်သာလွန်းတော့ အနားမှာရှိတဲ့လူက မေးတယ်။

"ဟဲ့...မူလာ၊ မင်းနှယ်ကွာ...ချွေးလုံးကြီးတွေက ရွှဲနေပြီ၊ နှာ ရည်ကလဲ ရွှဲနေပြီ၊ ဘာဖြစ်လို့ ငရုတ်သီးတောင်းထဲ ထပ်ထပ်နှိုက်နေ ရတာလဲ"

"ဟုတ်ကဲ့ဗျာ...ငရုတ်သီးအချိုတောင့်ကလေးများ ရမလားလို့"

ငရုတ်သီးမှာ အချိုတောင့်မရှိသလို ကာမဂုဏ်တရားမှာ ချမ်း သာတယ်ဆိုတာ မရှိဘူး။ ငရုတ်သီးပိုးတွေဟာ ငရုတ်သီးပူပူစပ်စပ် မှာ ပျော်နေကြသလို လူတွေကလည်း ကာမဂုဏ်အပူတောထဲမှာ ပျော် ပိုက်နေကြခြင်းသာ ဖြစ်တယ်။

ကိလေသာတို့ရဲ့ပူလောင်ဆင်းရဲစေတဲ့သဘောကို သိမြင်တော် မူတဲ့ မြတ်စွာဘုရားဟာ 'လောကမှာ တစ်နှစ်ပတ်လုံး၊ နှစ်နှစ်ပတ်လုံး၊ သုံးနှစ်ပတ်လုံး၊ အနှစ်တစ်ရာပတ်လုံး ကိုယ်ချမ်းသာနေတဲ့သူတွေ ကို တွေ့မြင်နိုင်ပါတယ်၊ ရဟန္တာမှလွဲရင် တစ်ခဏကလေးမျှ စိတ် ချမ်းသာနေတဲ့သူကို မြင်တွေ့နိုင်ဖို့ခဲယဉ်းတယ်" လို့ မိန့်တော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com


ဒါကြောင့် ဘဝချမ်းသာမှုကို အလိုရှိတဲ့သူများဟာ မိမိတို့ရဲ့ သန္တာန်မှာ ကိလေသာမပွားစီးအောင် ပထမ ကြိုးပမ်းကြရမယ်။ ဒုတိယ ကိလေသာတွေ အမြစ်ပြတ်အောင် တစ်စတစ်စ ပယ်နုတ်သွားရမယ်။ ကိလေသာတရားတို့မှာ အဆိုးဆုံး၊ အပူလောင်ဆုံး ကိလေသာက ရာဂအမည်ရတဲ့ တဏှာလောဘပါပဲ။ တဏှာလောဘကို ပယ်သတ်နိုင်ရင် ကိလေသာတွေအားလုံး အမြစ်ပြတ်သွားမှာ ဖြစ်ပါတယ်။

ဒါကြောင့် ကာမတရားတို့မှ ထွက်မြောက်ပြီး ချမ်းသာအစစ်ကို ရရှိဖို့အတွက် ကာမဂုဏ်တရားတို့ကို လိုချင်တပ်မက်တဲ့ တဏှာလောဘကို ပယ်ဖြတ်ရပေလိမ့်မယ်။

## ကာမဂုဏ်ကျော်လွှား မင်းဖြစ်မယ့်ယောက်ျား

ရှေးဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း စိုးမိုးအုပ်ချုပ်နေပါတယ်။ ဒီမင်းမှာ မိဖုရားအမြောက်အမြားရှိတာနဲ့အညီ သားတော်ပေါင်း ၁၀၀၀ ရှိတယ်။ အကြီးဆုံးသားတော်ကစပြီး သားတော်တွေ အစဉ်အတိုင်း ထီးနန်းအရိုက်အရာကို ဆက်ခံသွားမယ်ဆိုရင် အငယ်ဆုံးသားတော်က ဘယ်လိုမှ မင်းဖြစ်ခွင့်ရမှာမဟုတ်ဘူး။

သားတော်ထွေးက ပညာရှိတယ်။ နန်းတော်ထဲသို့ နေ့စဉ် ဆွမ်းခံကြွလာတော်မူတဲ့ ပစ္စေကဗုဒ္ဓါကို ရိုသေစွာရှိခိုးပြီး လျှောက်တယ်။

"တပည့်တော်မှာ ဘုရင်ဖြစ်မယ့်ကံ ရှိပါသလားဘုရား"

"ရှိပေတယ်မင်းသား"

"ဘယ်နိုင်ငံမှာ မင်းဖြစ်ခွင့်ရမှာလဲဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဗာရာဏသီပြည်မှ ယူဇနာ ၁၈၀ ဝေးကွာတဲ့ တက္ကသိုလ်ပြည်မှာ မင်းဖြစ်ဖို့ကိန်းရှိပေတယ်၊ တက္ကသိုလ်ပြည်သို့သွားတဲ့ လမ်းခရီးမှာ ယူဇနာ ၅၀ ကျယ်ပြန့်တဲ့ တောအုပ်တစ်ခုရှိတယ်၊ အဲဒီတောအုပ်မှာ ဘီလူးရွာတွေရှိတယ်၊ ဒီဘီလူးရွာတွေကို သင်မင်းသားဖြတ်သန်းသွားနိုင်မယ်ဆိုရင် မင်းဖြစ်ပါလိမ့်မယ်"

"ဘီလူးတွေရဲ့ရန်ကို ဘယ်လိုကျော်လွှားရပါ့မလဲဘုရား"

"ဘီလူးမတွေက အင်မတန်ချောမောလှပတဲ့ အမျိုးသမီးများအသွင် ဖန်ဆင်းပြီး ကာမဂုဏ်အာရုံအမျိုးမျိုးနဲ့ မြူဆွယ်ကြလိမ့်မယ်၊ အဲဒီအာရုံကျော့ကွင်းတွေထဲကို မသက်ဆင်းမိအောင် အမောင်သတိထားပြီး သွားပေတော့၊ ပရိတ်တရားတော်ကိုလဲ နှုတ်ငုံဆောင်ပြီး ရွတ်ဆိုပါ၊ ပရိတ်ချည်, ပရိတ်သဲတွေလဲ အရန်အတားအဖြစ် ယူဆောင်သွားပါ"

"တပည့်တော်ကို လိုအပ်တဲ့ အရန်အတားများ ချီးမြှင့်တော်မူပါဘုရား"

မင်းသားထွေးက ပစ္စေကဗုဒ္ဓါအရှင်မြတ်ထံမှ ပရိတ်တရားများကို သင်ယူတယ်။ ပရိတ်ချည်, ပရိတ်သဲတို့ကိုလည်း ဆောင်ယူပြီးတော့ အဖော်ငါးယောက်နဲ့အတူ တက္ကသိုလ်ပြည်သို့ ရှေးရှုပြီး ထွက်ခွာသွားတယ်။

ဘီလူးတွေနေတဲ့ တောအုပ်သို့ရောက်တဲ့အခါ ဘီလူးတွေက မြို့ရွာအိမ်ခြေများ၊ ချောမောလှပတဲ့ အမျိုးသမီးများအသွင် ဖန်ဆင်းပြီး သူတို့ဆီမှာ ရပ်နားတည်းခိုဖို့ ဖိတ်ကြားကြတယ်။ လှပတဲ့ရုပ်ပါရုံအမျိုးမျိုးနဲ့ မြူဆွယ်ကြတယ်။

မင်းသားက အဖော်များကို ဘီလူးမတွေအကြောင်း ပြောပြထား

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် အဖော်တစ်ယောက်က အလွန်လှပတဲ့ဘီလူးမတို့ရဲ့ ရုပ်ပါရုံမှာ ငြိကပ်တွယ်တာသွားတော့ ဘီလူးမတို့နဲ့အတူ နေရစ်တယ်။ ညဉ့်ရောက်တော့ ဘီလူးမတို့ရဲ့စားသောက်ခြင်းကို ခံရပါတယ်။

နောက်ဘီလူးရွာသို့ ရောက်တဲ့အခါ လှပတဲ့ ဘီလူးမတွေက အဆိုအက အတီးအမှုတ်တို့နဲ့ ကြိုဆိုပြီး သူတို့ဆီမှာ နားနေဖို့ ဖိတ်ခေါ်ကြတယ်။ အလွန်ငြိမ့်ညောင်းသာယာတဲ့ တေးဂီတ(သဒ္ဒါရုံ)မှာ အဖော်တစ်ယောက်က ငြိကပ်တွယ်တာမိပြီး ဘီလူးမတို့နဲ့ နေရစ်ခဲ့တယ်။ သူလည်း ညဉ့်ရောက်တော့ အသတ်စားခံရပါတယ်။

နောက်တစ်ရွာရောက်တော့ ဘီလူးမတို့က မွှေးကြိုင်ထုံသင်းတဲ့ ဂန္ဓာရုံနဲ့ မြူဆွယ်တာ အဖော်တစ်ယောက်ပါသွားပြန်တယ်။ နောက်တစ်ရွာမှာ ကောင်းပေ့အစားအစာဆိုတဲ့ ရသာရုံနဲ့ မြူဆွယ်တော့ နောက်အဖော်တစ်ယောက် ပါသွားပြန်တယ်။ ပဉ္စမရွာရောက်တော့ ချောလှတဲ့ ဘီလူးမတို့က သူတို့ရဲ့ခန္ဓာကိုယ်အထိအတွေ့ဆိုတဲ့ ဖောဋ္ဌဗ္ဗာရုံနဲ့ မြူဆွယ်တော့ မင်းသားရဲ့ နောက်ဆုံးအဖော် ပါသွားပြန်တယ်။

အဲဒီတော့ မင်းသားက တစ်ယောက်တည်းခရီးဆက်ရတယ်။ ဘီလူးဌာနေ တောအုပ်မြေကို ကျော်လွန်ပြီးဖြစ်ပေမယ့်လည်း ခေါင်းဆောင်ဘီလူးမက လက်မလျှော့ဘဲ မင်းသားရဲ့လည်ချောင်းသွေးနဲ့ နှလုံးသားကို စားခွင့်ရအောင် အင်မတန် လှပကြော့ရှင်းတဲ့ မိန်းမ အသွင်နဲ့ မင်းသားရဲ့နောက်ကိုလိုက်တယ်။ မင်းသားက ပရိတ်ရွတ်သွားတော့ အနားကိုမကပ်နိုင်ဘူး။ နောက်ခပ်လှမ်းလှမ်းကပဲ လိုက်ရတယ်။

လူနေရွာတွေကို ဖြတ်သန်းရတဲ့အခါ လူတို့က ဘီလူးမကို မင်း

www.burmeseclassic.com

www.burmeseclassic.com



သားရဲ့ဇနီးပဲလို့ ထင်ကြတယ်။ ဘီလူးမက ပင်ပန်းနွမ်းလျပုံ ဟန်ဆောင်ပြတော့ လူတို့က သနားမိပြီး မင်းသားကို အပြစ်တင်ကြတယ်။

"ခင်ဗျားနယ်ဗျာ...ဒါလောက်ချောလှတဲ့ ကိုယ့်ဇနီးနုနုငယ်ငယ်ကလေး ပင်ပန်းနွမ်းလျနေတာ စောင့်ခေါ်ပါဦးလား"

"ကျုပ်ဇနီးမဟုတ်ဘူးဗျို့၊ ဘီလူးမပါ"

လူတွေက အံ့သြပြီး ဘီလူးမကို ကြည့်ကြတဲ့အခါ...

"အလကားပြောတာပါရှင်၊ ယောကျ်ားတွေက စိတ်ဆိုးနေတဲ့အခါ သူတို့ရဲ့ မိန်းမကို ဘီလူးမ, သရဲမ စသည်ဖြင့် ဆိုတတ်ချေကလား၊ သူ ဟာ ကျွန်မရဲ့ခင်ပွန်းပါပဲ"

ဒီလိုနဲ့ တက္ကသိုလ်ပြည်ရဲ့မြို့တံခါးအနီးက ဇရပ်တစ်ဆောင်ဆီသို့ ရောက်လာကြတယ်။ မင်းသားက ဇရပ်ပေါ်ခိုနားပြီး ဘီလူးမ မချဉ်းကပ်နိုင်အောင် ပရိတ်သဲများကို ဖြူးပြီး ပရိတ်ချည်နဲ့ ရန်တားလိုက်တယ်။ ဘီလူးမက သနားစဖွယ် ဇရပ်အပြင်က ရပ်နေရတယ်။

အဲဒီအချိန်မှာ တက္ကသိုလ်ပြည့်ရှင်ဘုရင်ကေရာဇ်ဟာ ဆင်တော်ကိုစီးပြီး တိုင်းခန်းလှည့်လည်လာတယ်။ မြို့တံခါးဝရောက်တော့ မြို့ပြင်ဘက်ကို လှမ်းကြည့်လိုက်တယ်။ ဇရပ်အပြင်မှာရပ်နေတဲ့ ချောကလျာဘီလူးမကိုမြင်လိုက်တော့ မိုးပေါ်က ဘုံကြိုးပြတ်ကျလာတဲ့ နတ်မိမယ်ပေလားလို့ ထင်မိပြီး အပြင်းအထန်စွဲငြိသွားတယ်။ ဒါကြောင့် ပိုင်ရှင်ခင်ပွန်းများ ရှိသလားလို့ မင်းချင်းယောကျ်ားများကို စုံစမ်းစေတယ်။

ဘီလူးမက... "ဇရပ်ပေါ်က အမျိုးသားဟာ ကျွန်မရဲ့ လင်ယောကျ်ားပါ"လို့ ဖြေတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းချင်းတို့က မင်းသားကို မေးကြတော့…“ကျုပ်မယားမဟုတ်ဘူး၊ ဒါ ဘီလူးမဗျ ”လို့ ဖြေတယ်။

မင်းချင်းတို့က ကြားသိခဲ့ရတဲ့အတိုင်း ရှင်ဘုရင်ကို လျှောက်ထားတဲ့အခါ ရှင်ဘုရင်က…“ပိုင်ရှင်မရှိရင် မင်းဘဏ္ဍာ၊ ကြင်ရာမရှိရင် ငါ့ဥစ္စာ၊ ချောကလျာကို ဆင်ထက်တင်ပြီး နန်းတော်ကို ဆောင်ကြဉ်းစေ”လို့ အမိန့်ချမှတ်လိုက်တယ်။

ညဉ့်ရောက်တော့ ဘီလူးမထံသို့ ဘုရင်ချဉ်းကပ်လာတယ်။

“ကျွန်မက ရပ်ဝေးကမို့ နေပြည်တော်မှာ အသိအကျွမ်းလဲ မရှိဘူး၊ အားငယ်လိုက်တာ၊ ဘယ်သူ့ကိုများ အားကိုးရပါ့မလဲ” လို့ ဘီလူးမက အပလီအပလာနဲ့ တီတီတာတာပြောတယ်။ ရာဂတဏှာဆိုတဲ့ ကာမဘီလူး ဖမ်းစားခြင်းခံနေရတဲ့ ရှင်ဘုရင်က…

“နှမတော် အားငယ်စရာမရှိပါဘူး၊ မောင်ကြီးတစ်ယောက်လုံး ရှိနေမင့်ဟာ”

“မောင်ကြီးကို အားကိုးခွင့်ရတာ ဝမ်းသာပါတယ်၊ ဒါပေမဲ့လေ ဒီနန်းတော်မှာ နေရတာ သိပ်အားငယ်တာပဲ၊ ဒီနန်းတော်ကို ကျွန်မကို အပ်နှင်းထားပါလားဟင်”

“အပ်နှင်းပါတယ် နှမတော်”

ကာမတဏှာရဲ့ နှိုးဆွမှုကြောင့် ရှင်ဘုရင်က မဆင်မခြင်ဘဲ လွယ်လွယ်ကတိပေးလိုက်တယ်။ ဘီလူးမက ရှင်ဘုရင်ရဲ့အလိုဆန္ဒကို လိုက်လျောနှစ်သိမ့်စေပြီးတော့ ဘုရင်အိပ်မောကျနေတဲ့အခါမှာ နန်းတော်တံခါးကိုဖွင့်ပြီး သူ့အပေါင်းအဖော်ဘီလူးများကို ခေါ်လာတယ်။

နန်းတော်တစ်ခုလုံးကို သူ့အား အပ်နှင်းထားပြီဆိုတော့ အူ

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကြိုက်လုပ်နိုင်ပြီလေ။ ဒါကြောင့် ရှင်ဘုရင်နဲ့တကွ နန်းတွင်းသူ နန်းတွင်းသား အားလုံးကို ညဥ့်တွင်းချင်းပဲ လည်ချောင်းသွေးတွေ ဖောက်သောက်ကြပြီး အောင်သေအောင်သား တပျော်တပါး စားသောက်ကြတယ်။

နံနက်မိုးသောက်တော့ မင်းချင်းများနဲ့ မှူးမတ်များ ရောက်လာကြပြီး ကြည့်ရှုကြတော့ နန်းတော်အတွင်းမှာ အရိုးစုတွေ မရှုမလှ စုပုံနေတာကို တွေ့ကြရတယ်။

"ဇရပ်ပေါ်က လုလင်ပြောတာ မှန်တယ်၊ ဘုရင်သိမ်းပိုက်လိုက်တဲ့ အမျိုးသမီးဟာ ဘီလူးမစင်စစ်ဖြစ်ပေတယ်၊ ဒီဘီလူးမရဲ့ရန်ကို ဇရပ်ပေါ်က လုလင်ကသာ တွန်းလှန်ကာကွယ်ပေးနိုင်မယ်။ ဒါကြောင့် သူ့ကို ထီးနန်းအပ်နှင်းကြရအောင်"

မှူးမတ်များက စိတ်ထားညီညာ ဇရပ်ဆီသို့သွားကြပြီး မင်းသားရဲ့ဇာတိဇာစ်မြစ်ကို မေးမြန်းကြတယ်။ ဗာရာဏသီပြည်ကြီးက ဗြဟ္မဒတ်မင်းရဲ့သားတော်မှန်း သိကြရတော့ ဝမ်းမြောက်ဝမ်းသာ ထီးနန်းအပ်ကြပါတယ်။

ဒါကြောင့် ကာမဂုဏ်အာရုံတို့ရဲ့ ဆွဲဆောင်မှုကို တွန်းလှန်ဖယ်ထုတ်နိုင်စွမ်းတဲ့သူတို့ဟာ ယခုဘဝမှာလည်း ချမ်းသာတယ်။ တမလွန်ဘဝမှာလည်း ချမ်းသာတယ်။ ကာမဂုဏ်တို့ရဲ့ဆွဲငင်အားက ကြီးတယ်။ တဏှာရမ္မက်ရဲ့လှည့်ကွက်က အလွန်ပရိယာယ်ကြွယ်တယ်။ သတိတရားဆိုတဲ့ ဒိုင်းချပ်တန်ဆာကို မြဲစွာဝတ်ဆင်ပြီး ဉာဏ်ပညာဆိုတဲ့ သန်လျက်ကိုဆွဲကိုင်ကာ ဝီရိယနဲ့ တအားပိုင်းဖြတ်ပါမှ ကာမဂုဏ် ကိလေသာအနှောင်အဖွဲ့တွေ ကျိုးပြတ်ကာ ဘဝချမ်းသာကိုရပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



## ကာမကိုရှောင်တိမ်းဆင်းရဲငြိမ်း

**'ကာမသုတ်တော်'** မှာ မြတ်စွာဘုရား ဒီလိုဟောကြားထားပါတယ်။

'ဝတ္ထုကာမကို အလိုရှိတဲ့သတ္တဝါဟာ အလိုရှိတိုင်း ကာမဂုဏ်တို့ကို အပြည့်အစုံရနေမယ်ဆိုရင် ဒီလိုနေရတဲ့အတွက်ကြောင့် ဝတ္ထုကာမကို ကိလေသာကာမနဲ့ ဧကန်နှစ်သက်တပ်မက်နေမှာဖြစ်တယ်။

ဝတ္ထုကာမတို့ကို အလိုရှိတဲ့အတွက် လိုလားတောင့်တနေတဲ့သတ္တဝါဟာ အကြောင်းတစ်စုံတစ်ရာကြောင့် ထိုဝတ္ထုကာမတို့ ပျက်စီး ဆုတ်ယုတ်သွားရင် မြားမှန်ခံရတဲ့လူလို ဖောက်ပြန်တော့တယ်။

"မြွေကိုတွေ့တဲ့လူဟာ ထိုမြွေကို ရှောင်ကွင်းသွားသလို ကာမတို့ကို သတိရှေးရှုပြီး ကွင်းရှောင်သွားတဲ့လူဟာ တပ်မက်မှုကို လွန်မြောက်နိုင်တယ်။

"အကြင်သူတစ်ယောက်ဟာ လယ်ယာ, မြေအိမ်, ရွှေငွေ, ကျွဲနွား, ဇနီး သားသမီးစတဲ့ ကာမဂုဏ်တို့ကို ကိလေသာစိတ်နဲ့ တပ်မက်တွယ်တာတယ်ဆိုရင် ထိုတပ်မက်တဲ့ကိလေသာစိတ်ဟာ ထိုသူကို နှိပ်စက်လိမ့်မယ်၊ ရေဟာ လှေကွဲထဲသို့မပြတ်ဝင်နေသလို ကိလေသာ အနှိပ်စက်ခံနေရတဲ့သူထံသို့ ဆင်းရဲဟာ မပြတ်ဝင်နေလိမ့်မယ်။

"ဒီအကြောင်းတွေကြောင့် သတ္တဝါတို့ဟာ သတိဆောင်လျက် ကာမတို့ကို အခါခပ်သိမ်းရှောင်ကြဉ်သင့်ကြတယ်၊ လှေထဲမှ ရေကို ဖယ်ထုတ်ပြီးတော့ တစ်ဖက်ကမ်းသို့ရောက်အောင် လှော်ခတ်သွားသလို ကာမတို့ကိုပယ်ထုတ်ပြီး ဩဃလေးဖြာသံသရာကို ကူးမြောက်ကြရာတယ်"

www.burmeseclassic.com

www.burmeseclassic.com



## ကြီးပွားချမ်းသာရေး ပိတ်ပင်သလေး

ကုရုတိုင်း ကမ္မာသဒမ္မနိဂုံးမှာ နေထိုင်တဲ့ ဘာရဒွါဇပုဏ္ဏားကို မြတ်စွာဘုရား သိကျွမ်းတဲ့အတွက် ထိုပုဏ္ဏားရဲ့မီးတင်းကုပ်မှာ တစ်ရက်တာ သီတင်းသုံးဖို့ရာ ဘုရားရှင်ခွင့်တောင်းတယ်။ ခွင့်ရတော့ ဘုရားရှင်ဟာ မြက်ဖြန့်ခင်းထားပြီး တောအုပ်တစ်ခုမှာ နေ့သန့်စင်တော်မူတယ်။

**'မာဂဏ္ဍိယပုဏ္ဏား'**က အညောင်းပြေ လမ်းလျှောက်ရင်း ဘာရဒွါဇပုဏ္ဏားအိမ်သို့ ရောက်လာတယ်။ မီးတင်းကုပ်ထဲက မြက်ခင်းကို မြင်တော့...

"မိတ်ဆွေကြီး...ဒီမှာ ဘယ်သူနားနေဖို့ မြက်ခင်းထားတာလဲ" လို့ မေးတယ်။

"ရဟန်းဂေါတမ နားနေဖို့ သူကိုယ်တိုင်မြက်ခင်းထားတာပါ"

"ဟာဗျာ...ကနေ့တော့ လာဘ်တိတ်တော့တာပဲ၊ ကြီးပွားတိုးတက်ခြင်းကို ပိတ်ပင်ပယ်သတ်တတ်တဲ့ ရဟန်းဂေါတမရဲ့အိပ်ရာအခင်းကိုမြင်တွေ့ရပလေတယ်၊ တကယ့်အမင်္ဂလာပါပဲ"

မာဂဏ္ဍိယရဲ့ တိတ္ထိဆရာတို့ဟာ မျက်စိ, နား, နှာ, လျှာ, ကိုယ်ဆိုတဲ့ ဣန္ဒြေငါးပါးကို မချုပ်တည်းရဘူး။ အသစ်အသစ်သော အာရုံတွေကို တိုးတိုးပြီးခံစားဖို့ အားထုတ်ရမယ်။ မမြင်ဖူး, မကြားဖူးတာတွေကို ကြိုးစားရှာဖွေရမယ်။ ဒီလိုမှ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်ပြီး ကြီးပွားတိုးတက်နိုင်မယ်လို့ ဟောပြောကြတယ်။

ဒီဟောပြောချက်ဟာ လောကီအမြင်နဲ့ မှန်တယ်ထင်ရပေမယ့် မြတ်စွာဘုရားရဲ့ ကာမတရားတို့မှထွက်မြောက်ဖို့အတွက် ဝတ္ထုကာမ,

www.burmeseclassic.com

www.burmeseclassic.com



ကိလေသာကာမတို့ကို ဖဲကြဉ်ရမယ်ဆိုတဲ့မှုနဲ့တော့ ဆန့်ကျင်နေပါတယ်။

မြတ်စွာဘုရားက ဣန္ဒြေငါးပါးကို ထိန်းချုပ်ရမယ်၊ အာရုံငါးပါးကို တမင်ကလာလိုက်ပြီး မခံစားရဘူး၊ အာရုံများနဲ့ ဆုံတွေ့ရတဲ့အခါမှာလည်း အာရုံရဲ့လှပမှု၊ သာယာမှု၊ သင်းပျံ့မှုစတာတွေကို နှလုံးမသွင်းဘဲ ကိလေသာတွေ မပေါက်ပွားအောင် သတိနဲ့ ပိတ်ဆို့ပြီး စောင့်ကြပ်ရမယ်လို့ ဟောကြားတယ်။

ဒါကြောင့် "ရဟန်းဂေါတမဟာ ကြီးပွားတိုးတက်ခြင်းကို ပိတ်ပင် ပယ်သတ်တဲ့သူပဲ"လို့ မာဂဏ္ဍိယ ယူဆထားခြင်းဖြစ်တယ်။

မြတ်စွာဘုရားဟာ မာဂဏ္ဍိယရဲ့ ပြောစကားကို ဒိဗ္ဗစက္ခု၊ သောတအဘိညာဉ်နဲ့ ကြားသိတော်မူတယ်။ ညနေချမ်းချိန်မှာ မြတ်စွာဘုရားက တောအုပ်မှပြန်ကြွလာပြီး ဘာရဒွါဇပုဏ္ဏားကို နှုတ်ဆက်တယ်။

"အို...ဘာရဒွါဇ၊ သင်ဟာ ဤမြက်ခင်းကို အကြောင်းပြုပြီး မာဂဏ္ဍိယနဲ့ စကားပြောဆိုခဲ့ရတယ်မဟုတ်လား"

ဘာရဒွါဇဟာ မြတ်စွာဘုရားရဲ့စကားကိုကြားရတော့ ကြက်သီးထမိတယ်။ အမှန်က မြတ်စွာဘုရားဟာ အဝေးရပ်မှာရှိပေမယ့် ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတတို့နဲ့ မြင်ကြားနိုင်တယ်ဆိုတာ အဆန်းမဟုတ်ပါဘူး။ အဲဒီအခိုက်မှာ မာဂဏ္ဍိယပုဏ္ဏားရောက်လာတယ်။

မြတ်ဗုဒ္ဓက ဆိုင်းမပါ ဗုံမဆင့်ပဲ အံ့အားသင့်ဖွယ်ရာ မိန့်ဆိုပြန်တယ်။

"အို...မာဂဏ္ဍိယ၊ မျက်စိဟာ အဆင်းမှာကျက်စားတယ်၊ အဆင်းမှာ မွေ့လျော်တယ်၊ အဆင်းမှာ နှစ်သက်ဝမ်းမြောက်တယ်၊ ဒီလိုနှစ်

www.burmeseclassic.com

www.burmeseclassic.com



သက်သာယာတော့ ကိလေသာတွေ ဖြစ်ပွားလာတယ်၊ ဗုဒ္ဓကတော့ မျက်စိကို ယဉ်ကျေးစေအပ်တယ်၊ လုံခြုံစေအပ်တယ်၊ စောင့်ရှောက်အပ်တယ်၊ ပိတ်ဆို့စောင့်စည်းအပ်တယ်လို့ဟောကြားတယ်၊ ဒီအချက်ကို ရည်ရွယ်ပြီး ဗုဒ္ဓဟာ ကြီးပွားတိုးတက်ခြင်းကို ပယ်သတ်တတ်တယ်လို့ သင်ပြောတယ်မဟုတ်လား"

"ဟုတ်ပါတယ် ရဟန်းဂေါတမ"

မြတ်စွာဘုရားက နား၊ နှာ၊ လျှာ၊ ကိုယ်ခန္ဓာအသီးသီးတို့ကိုလည်း မျက်စိနည်းတူ ပိတ်ဆို့စောင့်စည်းအပ်တဲ့အကြောင်း မိန့်ဆိုတော်မူပြီး ဒီလိုဆက်မိန့်ကြားတယ်။

"အို...မာဂဏ္ဍိယ၊ အကြင်သူတစ်ယောက်ဟာ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့တို့ရဲ့ဖြစ်ပေါ်ခြင်း၊ ချုပ်ပျောက်ခြင်း၊ နှစ်သက်ဖွယ်အရသာ၊ အပြစ်ဒေါသ၊ ထွက်မြောက်ရာတရားတို့ကို အမှန်အတိုင်း သိပြီးတော့ ထိုအာရုံငါးပါးမှာ တပ်မက်တဲ့တဏှာကို ပယ်စွန့်ပြီး ပူပန်မှုကို ပယ်ဖျောက်ပြီး မွတ်သိပ်မှုကို ကင်းရှင်းစေပြီး အဇ္ဈတ္တသန္တာန်မှာ ငြိမ်းချမ်းတဲ့စိတ်ဖြင့် နေထိုင်တယ်ဆိုပါတော့၊ ထိုပုဂ္ဂိုလ်မျိုးကို သင်ဘယ်လိုဝေဖန်ပြောဆိုမလဲ"

"ဝေဖန်ပြောဆိုဖွယ်ရာမရှိဘူး"

"ငါဘုရားဟာ အိမ်ရာတည်ထောင်တဲ့ လူ့ဘောင်မှာ နေစဉ်အခါက နှစ်သက်ဖွယ်ကောင်းတဲ့ အာရုံငါးပါးကာမဂုဏ်တရားတို့ကို အထွတ်အထိပ်ရောက်အောင် ခံစားခဲ့ပါတယ်၊ သိဒ္ဓတ္ထမင်းသားဆိုတဲ့ ငါဘုရားလောင်းဟာ ပြာသာဒ်သုံးဆောင်ထက်မှာ မောင်းမလေးသောင်းခြံရံပြီး ယသော်ဓရာဒေဝီနဲ့အတူ ပျော်ရွှင်စွာခံစားနေခဲ့တာ မြေပြင်ပေါ်သို့တောင် မဆင်းသက်ခဲ့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



“နောက်တော့ ကာမဂုဏ်တို့ရဲ့ဖြစ်ပေါ်ခြင်း၊ ချုပ်ပျောက်ခြင်း၊ သာယာအပ်တဲ့အရသာ၊ အပြစ်ဒေါသထွက်မြောက်ရာတရားတို့ကို အမှန်အတိုင်းသိလို့ ကာမတဏှာကို ပယ်ဖျောက်ပြီး အဇ္ဈတ္တသန္တာန်မှာ ငြိမ်းချမ်းတဲ့စိတ်ဖြင့် နေထိုင်တော်မူခဲ့တယ်။

“ငါဟာ ကာမဂုဏ်တို့နဲ့ မဆက်စပ်တဲ့ နတ်တို့ရဲ့ချမ်းသာကို ပင် ကျော်လွန်တဲ့ စတုတ္ထဈာန်နှင့်ယှဉ်တဲ့ ဖလသမာပတ်ချမ်းသာကို အလိုရှိတိုင်း ရရှိနိုင်သူဖြစ်လို့ ယုတ်ညံ့တဲ့ ကာမဂုဏ်ကို တောင့်တခြင်း မရှိဘူး။

“ဥပမာပြောရရင် သူကြွယ်တစ်ယောက်ဟာ ကာမဂုဏ်ငါးပါးကို ခံစားပြီး ပျော်ပါးနေခဲ့တယ်၊ နောက်တော့ သူ့ကုသိုလ်ကောင်းမှုတွေကို ပြုပြီးလို့ ကွယ်လွန်တဲ့အခါ တာဝတိံသာနတ်ပြည်မှာ နတ်သား ဖြစ်ရတယ်၊ အလွန်မွေ့လျော်ဖွယ်ရာကောင်းတဲ့ နန္ဒဝန်ဥယျာဉ်မှာ နတ်သမီးများခြံရံပြီး နတ်ကာမဂုဏ်ငါးပါးကို ခံစားရတယ်၊ ဒီလိုဆိုရင် ဒီနတ်သားဟာ လူ့ပြည်က ကာမဂုဏ်တွေကို တောင့်တပါဦးမလား”

“တောင့်တဖွယ်မရှိတော့ဘူး”

## နူနာရောဂါနဲ့တဏှာရမ္မက်

“အို...မာဂဏ္ဍိယ၊ နောက်ဥပမာတစ်ခုကို ငါဆိုပါဦးမယ်၊ တစ်ကိုယ်လုံး အနာတွေပြည့်ပြီး နူနာပိုးထိုးခြင်းကိုခံနေရတဲ့ ယောက်ျားတစ်ယောက်ဟာ အယားအနာသက်သာအောင်လို့ အနာတို့ကို လက်သည်းတို့နဲ့လဲ ကုတ်ဖဲ့တယ်၊ မီးကျီးစုရဲရဲမှာလဲ မီးကင်တယ်၊ ဆေးဆရာထံ ကုသပြီး အနူပျောက်ဆေးတို့ကိုလဲ စားသောက်တယ်၊ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဒီယောက်ျားဟာ နူနာရောဂါပျောက်ကင်းပြီး ချမ်းသာသွားတယ်၊ ဒီလူဟာ လက်သည်းတို့နဲ့ ကုတ်ဖဲ့တာ မီးကျီးစုရဲရဲမှာ မီးကင်တာ၊ အနူပျောက်ဆေး စားသောက်တာတွေကို လိုချင်တောင့်တပါဦးမလား"

"လိုချင်တောင့်တဖွယ်မရှိတော့ပါ"

"ဒီလူကို ဗလကောင်းတဲ့ယောက်ျားနှစ်ယောက်က အတင်းဖမ်းချုပ်ပြီး မီးကျီးစုရဲရဲဆီသို့ဆွဲခေါ်သွားမယ်ဆိုရင် ဒီလူရုန်းကန်မလား၊ အသာတကြည် လိုက်သွားမလား"

"ရုန်းကန်ပါလိမ့်မယ် အရှင်ဂေါတမ၊ ဘာကြောင့်လဲဆိုတော့ မီးကျီးစုရဲရဲက အတွေ့ဆိုးရွားပြီး ပူလောင်စေတတ်တာကြောင့်"

"မီးကျီးစုက အခုမှ အတွေ့ဆိုးရွားပြီး ပူလောင်စေတတ်တာလား၊ ယခင်ကကော မဆင်းရဲစေဘူးလား"

"ယခင်ကလဲ ဆင်းရဲစေပါတယ်၊ ဒါပေမဲ့ မီးကင်တဲ့အခါ ယားနာတွေ သက်သာသွားလို့ အမှတ်သညာဖောက်ပြန်ပြီး ချမ်းသာတယ်လို့ သူ ထင်မှတ်မိခြင်း ဖြစ်ပါတယ်"

"ဒီအတိုင်းပဲ မာဂဏ္ဍိယ၊ ကာမဂုဏ်တရားတို့ဟာ ယခင်ကလဲ ဆင်းရဲစေတဲ့အတွေ့အထိရှိပြီး ပူလောင်စေတတ် လောင်ကျွမ်းစေတတ်တယ်၊ ယခုအခါမှာလဲ ဆင်းရဲစေတဲ့အတွေ့အထိရှိပြီး ပူလောင်စေတတ် လောင်ကျွမ်းစေတတ်ပါတယ်၊ ကာမဂုဏ်ကို တပ်မက်တဲ့ တဏှာ (ကာမတဏှာ) ရဲ့အကိုက်အခဲကို ခံနေကြရတဲ့ ကာမအပူဖြင့် လောင်ကျွမ်းခံနေရတဲ့လူတွေဟာ ကာမဂုဏ်ငါးပါးနဲ့ထိတွေ့တဲ့အခါ အမှတ်သညာ ဖောက်ပြန်ပြီး ချမ်းသာတယ်လို့ ထင်မှတ်နေကြတာ။

"အမှန်ကတော့ အနူယောက်ျားဟာ အနာကို လက်သည်းနဲ့ ကုတ်ဖဲ့တဲ့အခါနဲ့ မီးကင်တဲ့အခါတို့မှာ ယားနာလျော့သွားလို့ အနည်း

www.burmeseclassic.com

www.burmeseclassic.com



ငယ်မှု သက်သာရာရပေမယ့် အနာဝကျယ်ပြန့်လာလို့ ပိုပြီး မစင်မကြယ်ဖြစ်လာတယ်၊ ပိုပြီး ပုပ်စော်နံလာတယ်၊ အနာတိုးပွားလာတယ်၊ ဒီအတိုင်းပဲ ကာမတဏှာပိုးအထိုးခံရ၍ ကာမတဏှာအကိုက်အခဲရောဂါ ရှိကြတဲ့လူတွေဟာ ကာမဂုဏ်ခံစားကြတဲ့အခါ အနည်းငယ်မျှသာ သက်သာရာရပြီး ကာမတဏှာပိုးတွေ တိုးပွားလာလို့ ကာမအပူလောင်ကျွမ်းတဲ့ဒဏ်ကို မရှုမလှခံစားကြရတယ်။

"အို... မာဂဏ္ဍိယ၊ ကာမတဏှာမပယ်ဘဲ ကာမဂုဏ်ခံစားနေခြင်းဖြင့် အတွင်းသန္တာန်မှာ ငြိမ်းချမ်းတဲ့စိတ်နဲ့နေခဲ့ဖူးတဲ့ သို့မဟုတ် နေဆဲဖြစ်တဲ့ သို့မဟုတ် နေလတ္တံ့ဖြစ်တဲ့ မင်း, အမတ်, သူဌေး, သူကြွယ်များကို သင် မြင်ဖူးကြားဖူးပါသလား"

"မမြင်ဖူး မကြားဖူးပါ အရှင်ဂေါတမ"

"ကောင်းလှပါပေတယ် မာဂဏ္ဍိယ၊ ငါလဲ မမြင်ဖူး မကြားဖူးဘူး၊ တကယ်တော့ တဏှာမွတ်သိပ်ခြင်းကင်းပြီး 'အဇ္ဈတ္တသန္တာန်' မှာ ငြိမ်းချမ်းတဲ့စိတ်မျိုးနဲ့ နေထိုင်ခဲ့ကြတဲ့ သို့မဟုတ် နေထိုင်ဆဲဖြစ်ကြတဲ့၊ သို့မဟုတ် နေထိုင်လတ္တံ့ဖြစ်ကြတဲ့ ရဟန်း ပုဏ္ဏားအားလုံးတို့ဟာ ကာမဂုဏ်ရဲ့အပြစ်ကိုမြင်ပြီး ကာမတဏှာကို ပယ်စွန့်ပြီးဖြစ်လို့သာ ကာမအပူကို ပယ်ဖျောက်ပြီးဖြစ်လို့သာ ငြိမ်းချမ်းတဲ့စိတ်ဖြင့် နေထိုင်ကြခြင်း ဖြစ်ပေတယ်"

## ကျွန်းမာခြင်းနဲ့ နိဗ္ဗာန်ဆိုတာ

မြတ်စွာဘုရားက အဲသလိုဟောကြားပြီးနောက် ဒီလို ဥဒါန်းကျူးတော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



*"အာရောဂျ ပရမာ လာဘာ၊*
*နိဗ္ဗာနံ ပရမံ သုခံ၊*
*အဋ္ဌင်္ဂိကော စ မဂ္ဂါနံ၊*
*ခေမံ အမတ ဂါမိနံ။*
*ကျန်းမာခြင်းဟာ အမြတ်ဆုံးလာဘ်ဖြစ်ပေတယ်။*
*နိဗ္ဗာန်ဟာ အမြတ်ဆုံးချမ်းသာဖြစ်ပေတယ်။*
*မဂ္ဂင်ရှစ်ပါးဟာ မသေရာနိဗ္ဗာန်သို့ရောက်စေတတ်တဲ့*
*လမ်းကြောင်းဖြစ်ပေတယ်"*

"အို...အရှင်ဂေါတမ၊ အံ့ချီးဖွယ်ကောင်းပေစွ၊ ကျွန်ုပ်ရဲ့ဆရာသမားတို့လည်း ဒီစကားမျိုးကို မိန့်ဆိုကြပါတယ်"

မာဂဏ္ဍိယက အထက်ပါဂါထာရဲ့ ပထမနှစ်ပါဒကို သူ့ဆရာတွေ ရွတ်ဆိုတာကြားဖူးလို့ ဒီလိုပြောလိုက်ခြင်းဖြစ်တယ်။ အမှန်က တိတ္ထိဆရာကြီးတို့ဟာ မြတ်စွာဘုရားပြဆိုလိုတဲ့ အဓိပ္ပာယ်ကို မသိဘူး။ ဒါကြောင့် ဗုဒ္ဓမြတ်စွာက မေးတော်မူတယ်။

"အို...မာဂဏ္ဍိယ၊ သင်ကြားဖူးတယ်ဆိုတဲ့စကားမှာ ကျန်းမာခြင်းဆိုတာ ဘာကိုဆိုလိုသလဲ၊ နိဗ္ဗာန်ဆိုတာ ဘာကိုဆိုလိုသလဲ"

မာဂဏ္ဍိယက သူ့ခန္ဓာကိုယ်ကို လက်ဖြင့်ပွတ်ပြီး ရင်ဘတ်ကို တီးပြရင်း အောင်မြင်တဲ့အသံနဲ့ "ကျန်းမာခြင်းဆိုတာ ဒါပေါ့၊ နိဗ္ဗာန်ဆိုတာ ဒါပဲပေါ့၊ ကျုပ်ဟာ အနာရောဂါကင်းပြီး ချမ်းသာနေတယ်၊ ကိုက်ခဲနာကျင်ခြင်း ဘာမှမရှိလို့ ချမ်းသာနေတယ်"လို့ ဆိုတယ်။

"အို...မာဂဏ္ဍိယ၊ သင်ဟာ ဝမ်းတွင်းကန်းယောက်ျားနဲ့ တူလှပေတယ်၊ မွေးကတည်းက မျက်စိကန်းလာတဲ့သူဟာ အမည်း၊ အဖြူ၊ အညို၊ အဝါ၊ အနီ၊ အပြာတို့ကို မမြင်ဖူးဘူး၊ 'အဝတ်အဖြူဟာ သိပ်

www.burmeseclassic.com


လှတယ်၊ အညစ်အကြေးကင်းစင်တယ်၊ မွန်မြတ်တယ်’လို့ သူများ ပြောတာကို ကြားဖူးတော့ ဝမ်းတွင်းကန်းသူက အဝတ်ဖြူရှာထွက် တယ်။

“လူတစ်ယောက်က ဆီချေးတွေပေနေတဲ့ အမည်းရောင်အဝတ် ကြမ်းကို သူ့အားပေးပြီး ‘ဒါဟာ အညစ်အကြေးကင်းစင်တဲ့ မွန်မြတ် လှပတဲ့ အဖြူရောင်အဝတ်ပဲ’လို့ သွေးဆောင်ဖြားယောင်းတယ်၊ ဝမ်း တွင်းကန်းသူက သဘောကျပြီး ဝမ်းမြောက်ဝမ်းသာ ယူဝတ်လိုက် တယ်။ သူဝတ်လိုက်တဲ့ အဝတ်မည်း အထည်ကြမ်းညစ်ထေးထေးကို စင်ကြယ်မွန်မြတ်လှပတဲ့ အဝတ်ဖြူပဲလို့ သူစွဲယူပြီး ကျေနပ်နှစ်သက် နေရှာတယ်။ ဒီဝမ်းတွင်းကန်းသူဟာ အဝတ်ဖြူအကြောင်းကို ကိုယ် တိုင်သိလို့ ပြောတာလား၊ မျက်စိကောင်းသူတို့ပြောဆိုတာကို ကြား ဖူးလို့ သံယောင်လိုက်ပြီးပြောတာလား”

“မျက်စိကောင်းသူတို့ပြောတာကိုကြားလို့ သံယောင်လိုက်ပြော ခြင်းသာ ဖြစ်ပါတယ်”

“ဒီဉပမာအတိုင်းပါပဲ၊ ငါဘုရားရဲ့ သာသနာတော်ပြင်ပမှာ ရှိ ကြတဲ့ တိတ္ထိအပေါင်းတို့ဟာ ဉာဏ်မျက်စိမရှိကြတဲ့ အကန်းတွေချည်း ဖြစ်ကြတယ်၊ ကျန်းမာခြင်းကို မသိကြဘဲ နိဗ္ဗာန်ကို မမြင်ကြဘဲ ဒီ ဉဒါန်းစကားကို ပြောဆိုနေကြတယ်၊ အို…မာဂဏ္ဍိယ၊ ဤခန္ဓာကိုယ် ဟာ ရောဂါတုံး အနာတုံးကြီးဖြစ်ပေတယ်၊ ၉၆ ပါးသောရောဂါတွေ စွဲကပ်ရာ ဖြစ်ပေတယ်၊ ပူအေးဆာလောင်ခြင်း၊ ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းတို့နဲ့ အမြဲယှဉ်စပ်နေတယ်၊ ခဏမစဲဖြစ်ပျက်နေတဲ့ဆင်းရဲ အမှန်ဖြစ်တဲ့ သင်္ခါရတရားသာဖြစ်တယ်၊ အမြဲနှိပ်စက်နေတတ်တဲ့ ဇြောင့်တံကျင်နဲ့တူတယ်။

www.burmeseclassic.com

www.burmeseclassic.com


"ဒီကိုယ်ကောင်ဟာ ကျန်းမာခြင်းဖြစ်တယ်, နိဗ္ဗာန်ဖြစ်တယ်လို့ ပြောဆိုနေကြတဲ့သူတွေဟာ ထိုအပြစ်များကိုမြင်နိုင်တဲ့ အရိယာဉာဏ်မျက်စိမရှိကြဘူး၊ ဒါကြောင့် သင်တို့ဟာ ရောဂါကင်းခြင်း၊ ကျန်းမာခြင်း အစစ်အမှန်ကို မသိကြဘူး၊ ငြိမ်းချမ်းအေးမြတဲ့ နိဗ္ဗာန်တရားအစစ်ကို မသိကြဘူး"

"အို...အရှင်ဂေါတမ၊ ကျန်းမာခြင်းနဲ့ နိဗ္ဗာန်တရားအစစ်တို့ကို ကျွန်ုပ်နားလည်အောင် ဟောကြားတော်မူပါ"

"မာဂဏ္ဍိယ...ဝမ်းတွင်းကန်းသူကို ဆေးကုရင် ပင်ပန်းရုံသာရှိမယ်၊ ထို့အတူပဲ ငါရှင်းပြတာကို သင်နားမလည်ရင် ငါ့ဘုရား ပင်ပန်းရုံသာ ရှိလိမ့်မယ်"

"အို...အရှင်ဂေါတမ၊ ကျွန်ုပ်သိနားလည်အောင် အရှင်ဂေါတမ ဟောကြားနိုင်တယ်လို့ ကျွန်ုပ်ယုံကြည်ပါတယ်"

"မာဂဏ္ဍိယ...ဆေးကုသလို့ ဝမ်းတွင်းကန်းသူက အမြင်ရသွားတဲ့အခါ ဆီချေးတွေအထပ်ထပ်ညစ်ပေနေတဲ့ အမည်းရောင်အထည်ကြမ်းကို အမှန်အတိုင်းသိမြင်လာတော့ ဒီအထည်ကြမ်းကို တပ်မက်နေတဲ့ တဏှာရာဂကို သူပယ်ဖြတ်နိုင်ပါလိမ့်မယ်၊ ဒါပေမဲ့ ဒီညစ်ပေနေတဲ့ အမည်းရောင်အထည်ကြမ်းကို ဝတ်ဖြူစင်ကြယ်ပါလို့ ကာလရှည်လျားစွာ သူ့ကိုဖြားယောင်းခဲ့တဲ့လူကို သူ ရန်မူလိမ့်မယ်။

"ထို့အတူပဲ၊ ငါ ဟောပြလို့ အမှန်တရားကို သင်သိမြင်လာရင် ဉပါဒါနက္ခန္ဓာငါးပါးတို့မှာ တပ်မက်စွဲလမ်းနေတဲ့ တဏှာကို သင်ပယ်စွန့်မည်သာဖြစ်တယ်၊ ဒါပေမဲ့ သင့်အား ကြာရှည်လေးမြင့်စွာ လှည့်ပတ်ဖြားယောင်းထားတဲ့သူတို့ကို သင် ရန်မူမိပေလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com


"ကျွန်ုပ် ရန်မမူပါ၊ ကျွန်ုပ်သိအောင် ဟောကြားတော်မူပါ"

"ဒီလိုဆိုရင် သင်ဟာ သူတော်ကောင်းကို ဆည်းကပ်ရမယ်၊ သူတော်ကောင်းတရားကို နာကြားရမယ်၊ နိဗ္ဗာန်နဲ့ဆီလျော်တဲ့ တရားအကျင့်ကို ကျင့်သုံးရမယ်၊ ဒီလိုကျင့်သုံးရင် သင်ကိုယ်တိုင်ပဲ သိလာလိမ့်မယ်၊ သင်ကိုယ်တိုင် ဤခန္ဓာတို့ကို စောင့်ထိန်းလာလိမ့်မယ်။

"ရောဂါအနာနဲ့ရော ပြောင်းတံသင်းနဲ့ရောတူတဲ့ ဒီကိုယ်ကောင်ဟာ နိဗ္ဗာန်မှာ ချုပ်ငြိမ်းသွားပါလိမ့်မယ်၊ ကိုယ်ကောင်ကို တပ်မက်တွယ်တာနေတဲ့ တဏှာကလဲ နိဗ္ဗာန်မှာ ချုပ်ငြိမ်းသွားပါလိမ့်မယ်၊ တဏှာချုပ်ငြိမ်းတဲ့အခါ ဘဝဇာတ်သိမ်းသွားမှာဖြစ်လို့ ပဋိသန္ဓေနေခြင်း– ဇာတိ၊ အိုခြင်း– ဇရာ၊ နာခြင်း– ဗျာဓိ၊ သေခြင်း– မရဏ၊ စိုးရိမ်ပူပန်ခြင်း– သောက၊ ငိုကြွေးခြင်း– ပရိဒေဝ၊ ကိုယ်ဆင်းရဲခြင်း–ဒုက္ခ၊ စိတ်ဆင်းရဲခြင်း– ဒေါမနဿ၊ ပြင်းစွာပူဆွေးခြင်း– ဥပါယာသတို့လဲ ချုပ်ငြိမ်းသွားကြလိမ့်မယ်"

မာဂဏ္ဍိယပုဏ္ဏားဟာ တရားတော်ကို နှစ်သက်သဘောကျပြီး ချီးကျူးတယ်။ မြတ်စွာဘုရားထံမှာ သရဏဂုံဆောက်တည်ပြီး ရဟန်းခံတယ်။ ပြီးတော့ ဆိတ်ငြိမ်ရာကို ချဉ်းကပ်ပြီး တရားကိုကျင့်သုံးတဲ့အတွက် အရဟတ္တဖိုလ်သို့ဆိုက်ရောက်ပြီး ရဟန္တာဖြစ်သွားပါတော့တယ်။ (မာဂဏ္ဍိယသုတ်)

## ငါးစာကိုသာမြင် ငါးမျှားချိတ်မမြင်

ငါးတွေဟာ ငါးစာကိုသာ မြင်ကြတယ်၊ အတွင်းက ငါးမျှားချိတ်ကို မမြင်ကြဘူး။ သားကောင်များက မုဆိုးချထားတဲ့အစာကို

www.burmeseclassic.com

www.burmeseclassic.com


သာ မြင်ကြတယ်။ မုဆိုးထောင်ထားတဲ့ ထောင်ချောက်ကို မမြင်ကြဘူး။ လူအများစုက ကာမဂုဏ်တို့ရဲ့သာယာဖွယ်ကိုသာ မြင်ကြတယ်၊ ကာမဂုဏ်တို့ရဲ့အပြစ်ကို မမြင်ကြဘူး။

ကာမဂုဏ်တို့ရဲ့သာယာဖွယ်ဆိုတာ ကာမဂုဏ်တို့ကို လောဘမှုစိတ်နဲ့ နှစ်သက်သာယာရာက ဖြစ်ပေါ်လာကြတဲ့ ဝမ်းမြောက်မှုနဲ့ ချမ်းသာတဲ့ခံစားမှု (ပီတိနဲ့ သောမနဿဝေဒနာ) တို့သာပဲ ဆိုတာကို မမေ့ပါနဲ့။ ကာမဂုဏ်တို့ရဲ့အပြစ်ဆိုတာ လောဘမှုစိတ်၊ ဒေါသမှုစိတ်တို့နဲ့ ယှဉ်တွဲဖြစ်ပေါ်ကြတဲ့ ကိလေသာကာမတွေပဲ။ ဒီကိလေသာတွေဟာ စိတ်ကို ပူလောင်စေတယ်၊ ပင်ပန်းဆင်းရဲစေတယ်၊ ညစ်နွမ်း ယုတ်ညံ့စေတယ်၊ တမလွန်ဘဝမှာ အပါယ်သို့ ပစ်ချနိုင်တယ် ဆိုတာကိုလည်း သတိရပါစေ။

**'ပါပသ္မိံ ရမတိမနော'** ပုထုဇဉ်တို့ရဲ့စိတ်ဟာ မကောင်းမှုမှာ ပျော်မွေ့တယ်ဆိုတာဟာလည်း စိတ်ကို ကိလေသာကာမတို့က လွှမ်းမိုးခြယ်လှယ်ထားတဲ့အတွက်ကြောင့်သာပဲ။ အနူရောဂါသည်ဟာ အနူပိုး ထိုးလာတဲ့အခါ မနေနိုင်အောင် ယားလာလို့ မီးကျီးခဲမှာ မီးကင်ရတယ်။ ကိလေသာကာမပိုးအထိုးခံရတဲ့လူတွေဟာလည်း မနေနိုင်အောင် ကာမဂုဏ်ကို ဆာလောင်မွတ်သိပ်လာလို့ ရုပ်ရှင်၊ အငြိမ့်၊ စတိတ်ရှိုးစတာတွေကို ကြည့်ရ နားထောင်ရတယ်။ ဝတ္ထု ကာတွန်းတွေ ဖတ်ရတယ်။

မီးကင်လိုက်တဲ့အခါ ခဏတစ်ဖြုတ် အယားသက်သာသွားသလို ရုပ်ရှင်တစ်ပွဲလောက်ကြည့်လိုက်တော့ ကိလေသာကာမပိုးတွေ ခဏငြိမ်ဝပ်သွားကြတယ်။ တစ်အောင့်လောက်ကလေးကြာတော့ အနူပိုးတွေ ပြန်ထိုးလာလို့ မီးပြန်ကင်ရသလို ရုပ်ရှင်ကားသစ်လဲ ငြ် -

www.burmeseclassic.com

www.burmeseclassic.com



သီချင်းသစ်, ကာတွန်းသစ်ထွက်ရင် ကိလေသာကာမပိုးတွေ သောင်းကျန်းလာပြန်တော့ ကာမဂုဏ်အာရုံကို တစ်ဖန်ခံစားရပြန်တယ်။

တစ်ခါ အနူရောဂါသည်ရဲ့အနာတွေဟာ ကုတ်ဖွဲ့မီးကင်ဖန်များလေလေ ပိုပိုပြီး ကြီးထွားဆိုးရွားလာလေလေဖြစ်သလို ကိလေသာရောဂါသည်ကလည်း ကာမဂုဏ်ခံစားဖန်များလေလေ ကိလေသာအပူကို လောင်ကျွမ်းခံရလေလေဖြစ်တယ်။ ပကတိမီးပုံထဲကို လောင်စာ များများထည့်လေလေ မီးတောက်မီးလျှံဟာ ပိုကြီးထွားလာလေလေ ဖြစ်သလို ကိလေသာ အပူမီးတောက်ဟာ ကြီးထွားလာလေလေ ဖြစ်ပါတယ်။

ဒါကြောင့် ကာမဂုဏ်တွေကို ခံစားခြင်းဖြင့် ရောင့်ရဲတင်းတိမ်ကျေနပ်မှုကို ဘယ်တော့မှမရနိုင်ဘူး။ ပင်လယ်ဆားငန်ရေကိုသောက်လေ သောက်လေ အငတ်မပြေသလို ဆာလောင်မွတ်သိပ်မှုသာ အမြဲကျန်ရှိနေတယ်၊ တကယ့်ချမ်းသာအစစ်ကို မရနိုင်ဘူး။

ဒီအမှန်သဘောကို မမြင်သိကြတဲ့လူတွေက ဇိမ်ခံပစ္စည်းတွေကို စိတ်ရှိလက်ရှိခံစားရရင် ချမ်းသာပျော်ရွှင်ကြလိမ့်မယ်လို့ ထင်မှတ်မိကြတယ်။ စက်မှုလက်မှုထွန်းကားတိုးတက်နေတဲ့ နိုင်ငံတွေမှာ လူတွေ ရောင့်ရဲချမ်းသာခြင်းမရှိတာကို ထောက်ရှုရင် ဒီအထင် မှားယွင်းကြောင်း သိသာပါတယ်။

၁၉၇၉ ခုနှစ်က မဟာစည်ဆရာတော်နဲ့ ချမ်းမြေ့ဆရာတော်တို့ အမေရိကန်ပြည်ထောင်စု သာသနာပြုခရီး ကြွချီကြတယ်။ **'အမေရိကန်ဒကာ ဒေးဗစ်'**က သူ့ကိုယ်ပိုင်ကားနဲ့ ချမ်းမြေ့ဆရာတော်ကို မြို့ထဲ လိုက်ပြတယ်။ ချမ်းမြေ့ဆရာတော်က မှတ်ချက်ချလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com


"ဒကာဒေးဗစ်... အမေရိကန်ပြည်မှာ လူဖြစ်ရတာ သိပ်ကံကောင်းတယ်နော်"

"ဘာဖြစ်လို့လဲ" ဒကာဒေးဗစ်က ပြန်မေးတယ်။

"ဒကာတို့ဆီမှာ အစစအရာရာ အကုန်ပြည့်စုံနေတယ်၊ ဘာမဆို ခလုတ်နှိပ်လိုက်ရုံနဲ့ ရနိုင်တယ်၊ တို့ဆီမှာနဲ့ သိပ်ကွာတယ်လေ"

"ဒါက အရှင်ဘုရား ထင်တာပါ၊ အမေရိကန်တွေဟာ အမြဲတမ်း စိုးရိမ်မှု တောင့်တမှု ကြောင့်ကြမှု ပူဆွေးမှုတို့နဲ့ နပန်းလုံးနေကြရလို့ စိတ်မချမ်းသာတဲ့လူတွေပဲ၊ နယူးယောက်, ချီကာဂိုစတဲ့ မြို့ကြီးတွေမှာ ဟိုလူ့ လည်ပင်း ငါဘယ်လိုစ,နင်းရမလဲလို့ အမြဲစဉ်းစားနေကြတာ"

တောင့်တမှု, ကြောင့်ကြမှု, စိုးရိမ်ပူဆွေးမှု, ကြီးပွားလိုမှု, စီးပွားရေး ခြယ်လှယ်မှု စတာတွေဟာ ကိလေသာတရားတို့ရဲ့ ပရိယာယ်ဝေဝုစ်တွေပဲ။ ကိလေသာတွေရဲ့ လွှမ်းမိုးခြယ်လှယ်မှုကို ခံနေရရင် မချမ်းသာနိုင်ဘူးဆိုတာ မသေချာဘူးလား။

ဂျပန်နိုင်ငံက 'မဟာသိပ္ပံဘွဲ့' ရခဲ့တဲ့ ကျွန်တော့်မိတ်ဆွေ တစ်ယောက် အမေရိကန်ပြည်ထောင်စုမှာ အလုပ်လုပ်နေတာ တစ်လ ဒေါ်လာ ၁၀,၀၀၀ ရတယ်။ တစ်လကားတစ်စီးဖိုးရတယ်ဆိုပါတော့။ သူ ကျွန်တော့်ဆီ စာရေးလာတာက...

"ကိုတင်မွန်...အမေရိကန်ပြည်ထောင်စုမှာ အပြိုင်အဆိုင်သိပ်များတယ်၊ သိပ္ပံပညာရှင်တစ်ဦးအနေနဲ့ မနားတမ်းသုတေသနလုပ်နေမှ နောက်ကျမကျန်ရစ်ဘဲ ခေတ်နဲ့အမီလိုက်နိုင်တယ်၊ ရပ်နားလိုက်တာနဲ့ တစ်ပြိုင်နက် ပြုတ်ကျသွားတော့တာပဲ၊"

www.burmeseclassic.com

www.burmeseclassic.com



အဲသလို မိဘတို့က မနားတမ်းရုန်းကန်နေချိန်မှာ သားသမီးတို့ကလည်း မအားတမ်း ကာမဂုဏ်သောင်းကျန်းနေကြတယ်။ ကျွန်တော့်မိတ်ဆွေရဲ့သမီးက မိဘနဲ့ခွဲခွာပြီး သူ့ဘာသာလွတ်လွတ်လပ်လပ် 'စုပေါင်းအိမ်' **(Common house)** မှာ နေထိုင်တယ်၊ သားက 'နံပါတ်ဖိုး' **(No.4)** စွဲနေတယ်။ ဒီလိုဆိုတော့ သူ့မိသားစု ပျော်ရွှင်နိုင်ပါ့မလား။

ကျွန်တော့်ရဲ့ နောက်မိတ်ဆွေတစ်ဦး **'ကိုအေးမိုး'** ဂျပန်ပြည်မှာ အလုပ်သွားလုပ်တယ်၊ ကားအပိုပစ္စည်းစက်ရုံတစ်ခုမှာ ဝင်လုပ်တယ်၊ အော်တိုမက်တစ်စက်နဲ့ အပြိုင်လုပ်ရလို့ မငိုက်ရဘူးတဲ့၊ ငိုက်တာနဲ့ စက်ညှပ်ပြီး လက်ပြတ်တာပဲ။ လက်ပြတ်နေတဲ့ ဂျပန်လုပ်သားတွေကို သူတွေ့ရတယ်။

ပြီးတော့ အသက်ကြီးတဲ့ ဂျပန်တွေကလည်း တစ်ဝမ်းစာရဖို့အတွက် အလုပ်လုပ်နေကြရတာပဲတဲ့။ ကြီးကြပ်သူဖိုမင်က လူငယ်ပဲ။ သူက လူကြီးသော ဘာသော နားမလည်ဘူး။ အလုပ်လုပ်တာနှောင့်နှေးနေရင် ငေါက်ငမ်းကြိမ်းမောင်းတော့တာပဲ။ သားသမီးတွေကလည်း မိဘတို့ကို မကျွေးမွေးကြဘူးတဲ့။ အေးမိုးက သူ့အနားမှာ အလုပ်လုပ်နေတဲ့ ဂျပန်အဘိုးကြီးတစ်ဦးကို မကြာခဏကူညီပေးနေလို့ အဘိုးကြီးက…

"မင်းဟာ ငါ့သားထက်သာတယ်ကွာ၊ ငါ့သားဟာမင်းလောက်ကူညီဖော်မရဘူး၊ ဘာဖြစ်လို့ မင်းငါ့ကို ကူညီနေရသလဲ"

"ကျွန်တော်တို့ မြန်မာပြည်မှာ သားသမီးတွေက မိဘတို့ကို ကျွေးမွေးစောင့်ရှောက်ကြပါတယ်၊ လူငယ်တွေကလဲ လူကြီးကိုရိုသေကိုင်းရှိုင်းကြတယ်၊ ကူညီပေးကြပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အင်း...ကောင်းလိုက်တာကွာ၊ ငါသေရင် မြန်မာပြည်မှာ လူဖြစ်ချင်တယ်၊ ငါဆုတောင်းမယ်"

မေတ္တာတရား၊ ကျေးဇူးတရား၊ ဂါရဝတရားတို့ရဲ့ တန်ဖိုးနဲ့ အလှအပကို မမြင်သိကြတဲ့ မြန်မာတို့က အမေရိကန်ပြည်၊ ဂျပန်ပြည်တို့မှာ သွားနေချင်ကြတယ်၊ ကိလေသာတရားတို့ရဲ့ အညှဉ်းပန်းအနှိပ်စက် ခံနေကြရတဲ့ ဟိုကလူတွေဟာ မြန်မာပြည်မှာ လူဖြစ်ချင်ကြတယ်။

ဘဝချမ်းသာရေးအစစ်က ဘယ်ဟာလဲ။

## စစ်မှန်တဲ့ ဘဝချမ်းသာ

ဘဝကို ဆင်းရဲစေတဲ့ အကြောင်းတရားတွေက ကိလေသာတရားတွေပဲ။ အခြားအကြောင်းတရားတွေ မရှိဘူး။

ဘဝတစ်သက်တာ ကျင်လည်ကြရာမှာ အကောင်းအဆိုး လောကဓံတရားအမျိုးမျိုးနဲ့ ဆုံတိုးကြမှာပဲ။ မဆုံတိုးလို့ မရဘူး။ ကံကောင်းတဲ့လူတွေက အကောင်းတရားတွေနဲ့ များများဆုံတွေ့ရမယ်။ ကံမကောင်းတဲ့လူတွေက အဆိုးတရားတွေနဲ့ များများတွေ့ဆုံကြရမယ်။ အဆင်မပြေမှုတွေက အနည်းအများဆိုသလို ရှိကြမှာပဲ။

အဆင်မပြေမှုတွေနဲ့ ဆုံတွေ့လို့ စိတ်ဆင်းရဲခြင်းဖြစ်ရတာက ကိလေသာကြောင့်ပဲ။ ကိလေသာမရှိရင် ဘယ်လိုအဆင်မပြေမှုနဲ့ပဲ တွေ့တွေ့ စိတ်မဆင်းရဲဘူး။

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံယဿနကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။

www.burmeseclassic.com

www.burmeseclassic.com



လောကဓမ္မေဟိ– လောကဓံတရားရှစ်ပါးတို့နှင့်၊ ဖုဋ္ဌဿ– တွေ့ဆုံသော၊ ယဿ– အကြင်ရဟန္တာပုဂ္ဂိုလ်တို့၏၊ စိတ္တံ– စိတ်သည်၊ န ကမ္ပတိ – မတုန်မလှုပ်။

အသောကံ – စိုးရိမ်ပူဆွေးခြင်းသည်လည်း မရှိ၊ ဝိရဇံ – ကိလေသာ ဟူသော မြူလည်းမရှိ၊ ခေမံ – ကြောက်မက်ဖွယ်ဘေးရန်လည်း မရှိ၊ ဧတံ– ဤစိတ်နှလုံးမတုန်လှုပ်ခြင်း, မစိုးရိမ်ခြင်း, ကိလေသာမြူကင်းခြင်း, ဘေးရန်ကင်းခြင်းသည်၊ မုတ္တမံ – မြတ်သော၊ မင်္ဂလံ – ကြီးပွားချမ်းသာကြောင်း မင်္ဂလာမည်၏။

ကြီးပွားချမ်းသာကြောင်းဖြစ်တဲ့ မင်္ဂလာတရား ၃၈–ပါးမှာ ဒီမင်္ဂလာလေးပါးက အမြတ်ဆုံးပါပဲ။ ရဟန္တာအရှင်မြတ်တို့သာ ဒီမင်္ဂလာတရားတို့နဲ့ ပြည့်စုံနိုင်ကြတယ်။

ရဟန္တာပုဂ္ဂိုလ်မှာ ကိလေသာမြူအညစ်အကြေးမရှိတော့ဘူး။ ကိလေသာကင်းစင်တဲ့အတွက် လောကဓံလှိုင်းဂယက်တွေ ဘယ်လောက်ပဲ ရိုက်ပုတ်ရိုက်ပုတ် မယိမ်းမယိုင် မတုန်မလှုပ်ဘဲ ကျောက်စာတိုင်လို မတ်မတ်ခိုင်ခိုင် ရပ်တည်နိုင်တယ်။ ဘယ်လောက်ဆိုးရွားတဲ့ ဘေးအန္တရာယ်တို့နဲ့ ဆုံတွေ့ရင်ဖြစ်ဖြစ် စိတ်တုန်လှုပ်ချောက်ချားခြင်း မရှိဘူး။

ကိလေသာမရှိတဲ့အတွက် စိုးရိမ်ပူပန်ခြင်းလည်း မရှိဘူး။ ဘဝကို အသစ်နေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဆိုတဲ့ ကြောက်ဖွယ်ဘေးရန်တို့ ကင်းဝေးတဲ့ နိဗ္ဗာန်ချမ်းသာကိုလည်း မျက်မှောက်ပြုနေရပြီ။

အဲသလို ရဟန္တာအဖြစ်သို့ ရောက်ရှိသွားတဲ့ပုဂ္ဂိုလ်ရဲ့ ချမ်းသာဟာ ဒီမျက်မှောက်ဘဝမှာ ရရှိနိုင်တဲ့ အမြင့်မြတ်ဆုံး အချမ်းသာဆုံး

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာဖြစ်ပါတယ်။ ခန္ဓာကိုယ်အကြွင်းရှိလျက် ရရှိခံစားနေရတဲ့ 'သဉပါဒိသေသနိဗ္ဗာန်'ချမ်းသာလို့ ခေါ်ပါတယ်။

ဒီအမြင့်ဆုံးချမ်းသာကို ကိလေသာတွေ အကုန်ကွာရှင်းသွားကြတဲ့အခါမှ ရရှိနိုင်တယ်။ ဒီချမ်းသာကိုခံစားပြီး ဒီချမ်းသာနဲ့ နီးနိုင်သမျှနီးအောင် ကြိုးစားကြရမယ်။

ဒါကြောင့် စစ်မှန်တဲ့ချမ်းသာဆိုတာ ကိလေသာတွေကို ပယ်သတ်လိုက်လို့ ရရှိတဲ့ချမ်းသာဖြစ်ပါတယ်။ ကိလေသာတွေကို နည်းနည်းပယ်သတ်နိုင်ရင် နည်းနည်းချမ်းသာမယ်၊ များများပယ်သတ်နိုင်ရင် များများချမ်းသာမယ်။ ကိလေသာတွေကို မပယ်သတ်ဘဲနဲ့ အခြားဘယ်နည်းနဲ့မှ ချမ်းသာအစစ်အမှန်ကို မရရှိနိုင်ဘူး။

ပယ်သတ်ရမယ့်ကိလေသာတွေက ဘာတွေလဲ။ သူတို့ကို ဘယ်လိုပယ်သတ်ရမလဲ။ ရှေ့ဆက်ပြီး ရှုဖတ်ပါ။

## အဝိဇ္ဇာပယ်ခွင်းဆင်းရဲကင်း

မောဟ၊ လောဘ၊ ဒေါသ စတဲ့ကိလေသာ ၁၀ ပါးတို့ဟာ စိတ်ကို ဆိုးသွမ်းယုတ်ညံ့အောင် ခြယ်လှယ်နေကြတဲ့ စေတသိက်တွေပဲ။

စိတ်က ဦးဆောင်တဲ့တရား၊ စေတသိက်တွေက စိတ်ကို မှီပြီး စိတ်ကိုခြယ်လှယ်နေကြတဲ့တရားတွေ၊ စိတ်နဲ့စေတသိက်တို့က အာရုံတွေကို သိနိုင်ကြတယ်။ အာရုံဆီသို့ ကိုင်းညွတ်ပြီး အာရုံကိုသိတတ်ကြတဲ့သဘောတွေဖြစ်လို့ စိတ်စေတသိက်တို့ဟာ 'နာမ်'လို့အမည်ရကြတယ်။

အပူ အအေးစတဲ့ ဆန့်ကျင်ဘက်သဘောတွေကြောင့် ဖောက်ပြန်တတ်တဲ့ တရားတွေကို 'ရုပ်'လို့ခေါ်တယ်။ ရုပ်က အာရုံကိုမသိ

www.burmeseclassic.com

www.burmeseclassic.com



တတ်ဘူး။ နာမ်တရားက ကြိုးဆွဲသလို ရုပ်သေးလို ကပြလှုပ်ရှားနေရတဲ့သဘော ဖြစ်ပါတယ်။

ရုပ်ရဲ့သဘာဝ၊ နာမ်ရဲ့သဘာဝ၊ ရုပ်နာမ်တွေ ကြောင်းကျိုးဆက်နွှယ်နေတဲ့သဘာဝတို့ကို မှန်မှန်ကန်ကန် ထိုးထွင်းသိမြင်တဲ့သဘောကို ပညာ = ဝိဇ္ဇာ = အမောဟလို့ ခေါ်တယ်။

ပညာရဲ့ဆန့်ကျင်ဘက် ရုပ်နာမ်တို့ရဲ့သဘောမှန်ကို မသိတတ်တဲ့သဘောဟာ အဝိဇ္ဇာ= မောဟ ဖြစ်ပါတယ်။

လူတစ်ဦးစီ သတ္တဝါတစ်ဦးစီဟာ ရုပ်နာမ်တို့နဲ့ ဖွဲ့စည်းထားပါတယ်။ ရုပ်နာမ်တို့ရဲ့သဘောမှန်ကိုမသိဘဲနဲ့ ချမ်းချမ်းသာသာနေဖို့ဆိုတာ မဖြစ်နိုင်ဘူး။ ပညာဦးစီးမှ တကယ့်ချမ်းသာအစစ်ကို ရနိုင်တယ်။

ပညာ ဦးမစီးရင် ကာမဂုဏ်အာရုံတွေကိုပဲ တကယ့်ချမ်းသာထင်ပြီး 'တံလျှပ်ကိုရေထင်၊ ရွှေသမင်အလိုက်မှားသလို' ကာမဂုဏ်နောက် အလိုက်မှားကာ ချမ်းသာအစစ်ကိုမရဘဲ အပါယ်လေးဘုံဆိုတဲ့ ချောက်ကြီးတွေထဲ ကျရောက်သွားနိုင်တယ်။

အဝိဇ္ဇာဆိုတဲ့ မောဟက အာရုံရဲ့သဘောမှန်ဖြစ်တဲ့ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘသဘောတွေကို အမှန်အတိုင်းမသိမြင်တော့ နိစ္စ – တည်မြဲတယ်၊ သုခ–ချမ်းသာတယ်၊ အတ္တ– ဝိညာဉ်ကောင်ရှိတဲ့ပုဂ္ဂိုလ်သတ္တဝါဖြစ်တယ်။ သုဘ– တင့်တယ်တယ်လို့ အမြင်မှားအသိမှားသွားတယ်။

ရုပ်ဝတ္ထုတွေ၊ ပုဂ္ဂိုလ်သတ္တဝါတွေ၊ ကာမဂုဏ်တွေဟာ တည်မြဲတယ်၊ ချမ်းသာတယ်၊ တင့်တယ်တယ်လို့ အမြင်အသိမှားသွားတော့

www.burmeseclassic.com

www.burmeseclassic.com



လောဘက လိုချင်တပ်မက်လာတယ်။ အဝိဇ္ဇာက ကန့်လန့်ကာ နောက်ကွယ်မှနေပြီး အမှန်သဘောကို မသိအောင် ဖုံးကွယ်ထားလို့ လောဘတဏှာဆိုတဲ့ လိုချင်တပ်မက်မှု ဖြစ်ပေါ်လာပြီး သောင်းကျန်း နေတာ။

ရုပ်နာမ်တို့ရဲ့သဘောမှန်တွေကို ထိုးထွင်းမြင်သိတဲ့ ဝိဇ္ဇာပညာ မဖြစ်ပေါ်သရွေ့ ကာလပတ်လုံးမှာ အဝိဇ္ဇာက ဖုံးကွယ်ခြယ်လှယ်နေပြီး တဏှာလောဘက တပ်မက်တွယ်တာနေမှာပဲ၊ မတည်မြဲတဲ့ တရား ဆင်းရဲတဲ့တရားကို တပ်မက်တွယ်တာမိတော့ ဆင်းရဲရတာဟာ မဆန်းဘူး။ ပင်လယ်ထဲကို မျောသွားတဲ့ ဆင်သေကောင်ကို တည်မြဲ တယ်၊ တင့်တယ်တယ်၊ ချမ်းသာတယ်ထင်လို့ မှီဝဲမိတဲ့ ကျီးကန်းမိုက် ဟာ နောက်ဆုံး လှိုင်းပုတ်လို့ ဆင်သေကောင်ပြိုပျက်သွားတဲ့အခါ မှီတွယ်ရာမဲ့ပြီး သေပွဲဝင်ရသလို ကာမဂုဏ်နောက်ကိုလိုက်ကြတဲ့လူ တွေဟာလည်း နောက်ဆုံး ပူလောင်ဆင်းရဲပြီး မရှုမလှသေပွဲဝင်ကြ ရပေတယ်။

ရုပ်နာမ်သဘောမှန်ကို အာဂမသုတ အဓိဂမသုတတို့နဲ့ သိနား လည်အောင် ဆည်းပူးလေ့လာကျင့်ကြံအားထုတ်ရင် ယုတ်စွအဆုံး ယောနိသောမနသိကာရနဲ့ ချမ်းသာစွာနေနိုင်တယ်။ မဂ်ပညာ, ဖိုလ် ပညာအဆင့်သို့ ပေါက်မြောက်အောင် ကျင့်ကြံအားထုတ်နိုင်ရင်တော့ နိဗ္ဗာန်ချမ်းသာကို ချက်ချင်းလက်ငင်း မျက်မှောက်ပြုရပေတော့တယ်။

## သမုဒယသစ္စာ ထိုတဏှာ

မြတ်စွာဘုရားဟာ လောကရဲ့အဆုံးစွန်သော အမှန်တရားများ အဖြစ် သစ္စာလေးပါးကို ဟောကြားတော်မူတဲ့အခါ ရုပ်နာမ်တရား

www.burmeseclassic.com

www.burmeseclassic.com



အားလုံးဟာ အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားတွေဖြစ်ကြတဲ့အတွက်'ဒုက္ခသစ္စာ' = ဆင်းရဲခြင်းအမှန်တရားပဲလို့ ညွှန်ပြတော်မူတယ်။

တဏှာလောဘကတော့ ဘဝသစ်တွေကို ဆက်ကာဆက်ကာဖြစ်ပေါ်စေတတ်လို့ ဆင်းရဲခြင်းရဲ့အကြောင်းရင်းအမှန်တရား='သမုဒယသစ္စာ'ပဲလို့ ဟောတော်မူတယ်။

တဏှာလောဘဟာ ဝတ္ထုအာရုံကာမဂုဏ်တို့မှာ နှစ်သက်တွယ်တာ ကပ်ငြိနေတဲ့သဘောရှိတယ်။ ပင်လယ်သမုဒ္ဒရာတို့ဟာ မြစ်ကြီးမြစ်ငယ်အသွယ်သွယ်မှ ရေတွေ ဘယ်လောက်ပဲ စီးဝင်စီးဝင် ပြည့်လျှံတယ်လို့မရှိသလိုပဲ တဏှာလောဘကလည်း ကာမဂုဏ်အာရုံတွေကို ဘယ်လောက်ပဲရရ ရောင့်ရဲကျေနပ်တယ်လို့မရှိဘူး။

လောဘ အတောမသတ်နိုင်သမျှ ဒုက္ခလှလှကြီး ခံစားရမှာကို မြတ်ဗုဒ္ဓ ဒီလိုမိန့်ကြားတော်မူခဲ့တယ်။

"လူသားတို့ဟာ အသပြာမိုး ရွာသွန်းဖြိုးစေကာမူ ကာမဂုဏ်အာရုံတို့မှာ ရောင့်ရဲတင်းတိမ်ခြင်းမရှိတဲ့အတွက် တောင့်တတိုင်းမဖြစ်လာပါက ဆင်းရဲရတဲ့သဘာဝအတိုင်း ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းတို့ အမြဲတစေဖြစ်ပေါ်နေကြပေလိမ့်မယ်"

(ဓမ္မပဒ၊ ၁၈၆-၁၈၇)

'ရလေလိုလေ အိုတဏှာ' ဖြစ်တဲ့ တဏှာလောဘရဲ့သဘောကို ကမ္ဘာကျော် 'ရီးဒါး(စ်)ဒိုင်ဂျက်(စ်) **[Reader's Digest]** မဂ္ဂဇင်းထဲမှာ အောက်ပါမြန်မာဆန်ဆန်ဇာတ်လမ်းကလေးနဲ့ သရုပ်ဖော်ပြထားပါတယ်။

နေမင်းက ခြစ်ခြစ်တောက်ပူပြင်းပြီး ငွေရောင်ထနေတဲ့ သဲပြ

www.burmeseclassic.com

www.burmeseclassic.com



လွလွတွေက အဆုံးအစမရှိအောင် ကျယ်ပြောနေတဲ့ သဲကန္တာရမှာ ယောကျ်ားတစ်ယောက်ဟာ ပင်ပင်ပန်းပန်းခရီးသွားနေပါတယ်။

သူ့မှာ အစာရေစာကလည်း ပြတ်၊ ခြေကုန်လက်ပန်းကလည်း ကျနေပြီဆိုတော့ ခြေလှမ်းတွေကိုတောင် ကောင်းကောင်းမလှမ်းနိုင်ရှာတော့ဘူး။

ထိုအခိုက် ကန္တာရစောင့်နတ်သားနှစ်ပါးက ကန္တာရပေါ် ဖြတ်သန်းသွားတော့ ခရီးသွားယောကျ်ားကို မြင်တယ်။ စိတ်ကောင်းရှိတဲ့နတ်သားက 'ဒီလူဟာ သနားစရာပါပဲ၊ ငါကူညီလိုက်မယ်'လို့ သူ့အဖော်ကို ပြောတယ်။

"သူငယ်ချင်း...နားရွက်တိုလူသားတွေဟာ အလိုပြည့်ဝတယ်လို့ မရှိဘူး၊ မင်းက တစ်မျိုးကူညီရင် သူက နောက်တစ်မျိုးလိုချင်လာလိမ့်မယ်၊ ဒါကြောင့် မကူညီဘဲနေတာကောင်းပါတယ်ကွာ"

"သနားပါတယ်ကွာ၊ ငါ နည်းနည်းစောင်မပေးလိုက်မယ်"

ဒါနဲ့ ဒီနတ်သားက 'အိုအေးစစ်'ခေါ်တဲ့ စိမ်းလန်းစိုပြည်တဲ့မြေတစ်ကွက်ကို ဖန်ဆင်းပေးလိုက်တယ်။ မြက်ခင်းစိမ်းစိမ်းနဲ့ မှည့်ဝင်းနေတဲ့ စွန်ပလွံပင်တွေ၊ ရေတွင်းကြည်ကြည်နဲ့ ကွပ်ပျစ်တစ်ခုတို့ကို တွေ့မြင်ရတော့ ခရီးသွားယောကျ်ားဟာ အတိုင်းထက်အလွန် ဝမ်းသာသွားပါတယ်။

ရေတစ်ဝသောက်၊ စွန်ပလွံသီးတစ်ဝစား၊ ကွပ်ပျစ်ပေါ်မှာ ကျောကိုဆန့်၊ ကန္တာရလေပြည်က တဖြူးဖြူးနဲ့မို့ ထိုလူဟာ သိပ်ကြည်နူးနေတယ်ပေါ့။ အဲဒီအခါ နဖူးပေါ်လက်တင်ပြီး သူ စိတ်ကူးယဉ်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com


"အင်း…ဒီနေရာမှာ အိုအေးစစ် ဘွားခနဲပေါ်လာတာ ဧကန္တ နတ်သားတစ်ပါးပါးက ဖန်ဆင်းပေးလိုက်တာ ဖြစ်မှာပဲ၊ အခုနေ အခါမျိုး ဒီနတ်သားက သူ့နှမနတ်သမီးကို ငါ့ဆီပို့ပေးရင် ဘယ်လောက်များ ကောင်းလိုက်မလဲ၊ ယောက်ဖတော်တဲ့နတ်သားရယ်ဗျာ နှမနတ်သမီးကို ကျွန်ုပ်ထံ စေလွှတ်ပေးပါဦး"

အခြေအနေကို အသာစောင့်ကြည့်နေတဲ့ အဖော်နတ်သားက သူ့သူငယ်ချင်းကို လက်တို့ပြီး…

"ဘယ့်နှယ်ရှိစ…ငါအစကပြောသားမဟုတ်လား၊ နားရွက်တို လူသားတို့ရဲ့ အလိုကို မင်းမဖြည့်ဆည်းပေးနိုင်ဘူးဆိုတာလေ"

"ဟုတ်တယ်သူငယ်ချင်း၊ 'လူ့အလို နတ်မလိုက်နိုင်ဘူး'၊ သူ့ထိုက်နဲ့သူ့ကံ ရှိပါစေတော့"

နတ်သားက တန်ခိုးကို ရုပ်သိမ်းလိုက်တော့ အိုအေးစစ်ပျောက်ကွယ်သွားပြီး ခရီးသွားယောကျ်ားဟာ ပူပြင်းတဲ့သဲကန္တာရမှာ ဆင်းရဲပင်ပန်းစွာ လှမ်းလျှောက်နေရပြန်တယ်။

မရောင့်ရဲမတင်းတိမ်တဲ့လူဟာ စိတ်ဆင်းရဲနေရတဲ့ လူပဲ။

တဏှာကြောင့် လူတွေဟာ စီးပွားဉစ္စာကို ဆင်းရဲပင်ပန်းစွာ ရှာဖွေကြတယ်။ တဏှာကြောင့်ပဲ ရရှိပြီးတဲ့ ပစ္စည်းဉစ္စာတွေမပျောက်ပျက်အောင် ကြောင့်ကြစိုက်ကာ စိုးရိမ်ပူပန်စွာ စောင့်ရှောက်ကြရတယ်။ စောင့်ရှောက်နေတဲ့ကြားက ရန်သူမျိုးငါးပါးအနက် တစ်ပါးပါးက ဖျက်ဆီးလို့ ပျက်စီးသွားတဲ့အခါမှာလည်း အကြီးအကျယ်ဝမ်းနည်းပူဆွေးကြရပြန်တယ်။

ဝေဇယန္တာနတ်နန်းမှာ ရံရွှေတော်လေးကုဋေနဲ့ ပျော်ရွှင်ခံစားနေရတဲ့ **သိကြားမင်း**ဟာ ခုနစ်ရက်အတွင်း နတ်ရွာစံရမှာကိုသိတော့

www.burmeseclassic.com

www.burmeseclassic.com


အကြီးအကျယ် တုန်လှုပ်ချောက်ချားသွားခဲ့တယ်။ ရာထူးစည်းစိမ် ကြီးလေလေ တပ်မက်တွယ်တာတဲ့တဏှာက ကြီးလေလေဖြစ်လို့ အဲဒီ ရာထူးစည်းစိမ်က လျှောကျရတဲ့အခါ ရာထူးစည်းစိမ်ကြီးရင် ကြီး သလောက် ဆင်းရဲပူဆွေးကြရပေတယ်။ ရာထူးစည်းစိမ်ဆိုတာ ဝိ ပရိဏာမဒုက္ခပဲဆိုတာကို မမေ့ပါနဲ့။

အခုလို ဆင်းရဲမျိုးစုံရဲ့ အကြောင်းရင်း အမှန်ဖြစ်တဲ့ တဏှာ လောဘရဲ့ ပရိယာယ်ဝေဝုစ်တွေကို သိနားလည်ထားရင် တဏှာရဲ့ အခြယ်အလှယ်ကို ခေါင်းငုံ့မခံချင်တော့ဘူး။ တဏှာကို တွန်းလှန် ဖယ်ထုတ်ချင်လာတယ်။

## ရောင့်ရဲတင်းတိမ် မြတ်စည်းစိမ်

တဏှာကို တွန်းလှန်ရာမှာ ပထမကြံ့ကြံ့ခံပြီး တွန်းလှန်တဲ့နည်း ကတော့ ရသမျှနဲ့ ရောင့်ရဲတင်းတိမ်ဖို့ပါပဲ။

သန္တုဋ္ဌိ ပရမံ ဓနံ၊
'ရောင့်ရဲတင်းတိမ်ခြင်းဟာ အမြတ်ဆုံးဓနဉစ္စာပဲ။'

"ရသမျှနဲ့ရောင့်ရဲတင်းတိမ်ပါ" လို့ အကြံပြုတာဟာ 'ကြိုးစား အားထုတ်မှုမပြုနဲ့' လို့ ဆိုလိုတာမဟုတ်ဘူး။ လူဟာ သေတဲ့အထိ ကြိုးစားနေရမှာပဲ။ လုပ်သင့်တာကို ကြိုးစားလုပ်ပြီး ကြိုးစားလုပ်လို့ ရသမျှနဲ့ ရောင့်ရဲတင်းတိမ်နေဖို့ကို ဆိုလိုပါတယ်။

"လောကမှာ ကြံတိုင်းလည်း မဖြစ်၊ မကြံဘဲနဲ့လည်း ဖြစ်တတ် တယ်" ဆိုတဲ့စကားအတိုင်း ကြံတိုင်းမဖြစ်လာတဲ့အခါ ရသမျှနဲ့ တင်းတိမ်ကျေနပ်နေရပါမယ်။ ဒီလိုရောင့်ရဲတင်းတိမ်နိုင်ခြင်းဟာ

www.burmeseclassic.com

www.burmeseclassic.com



အားကြီးတဲ့ အပေါင်းလက္ခဏာတစ်မျိုး ဖြစ်ပါတယ်။ စိတ်မဆင်းရဲအောင် ကြံ့ကြံ့ခံထားနိုင်တဲ့စိတ်မျိုး ဖြစ်ပါတယ်။

## ဒေါသကွင်းရှောင် မေတ္တာဆောင်

ဒေါသက ခက်ထန်ကြမ်းတမ်းတဲ့သဘော၊ လောကမှာအဖျက်ဆီးတတ်ဆုံးတရား တဲ့။ ဒေါသနဲ့တူတဲ့အပြစ် မရှိဘူးတဲ့။ ဒေါသဟာ ဒေါသဖြစ်သူကို ပထမဖျက်ဆီးတယ်။ ဒေါသအမျက်ထွက်တယ်ဆိုတာနဲ့ နှလုံးခုန်နှုန်းမြန်လာတယ်။ နှလုံးသွေးဆူပွက်လာတယ်။ သွေးဖိအားမြင့်တက်လာတယ်။ ဦးနှောက်သွေးကြောမျှင်ကလေးတွေ ပြတ်ပြီး မေ့လဲသေဆုံးသွားနိုင်တယ်။

အင်မတန် ချောလှတဲ့လူတွေတောင် ဒေါသအမျက် ခြောင်းခြောင်းထွက်လာတဲ့အခါ ဘီလူးသဘက်လို မျက်နှာကြောတင်းကာ တစ်ကိုယ်လုံး တုန်ခါပြီး ကြောက်စရာကောင်းလာတယ်။ သားရဲတိရစ္ဆာန်လို မိုက်မိုက်မဲမဲဖျက်ဆီးတတ်လာတယ်။

တက်ကြွတဲ့ဒေါသကသာ ဖျက်ဆီးတတ်တာမဟုတ်ဘူး။ ဆုတ်နစ်ဒေါသဖြစ်တဲ့ စိတ်ပျက်မှု, စိတ်ကျမှု, စိုးရိမ်မှု, ပူဆွေးမှု စသည်တို့ကလည်း မိမိရဲ့ကျန်းမာပျော်ရွှင်မှု၊ နုပျိုလန်းဆန်းမှုတို့ကို ဖျက်ဆီးတတ်ပါတယ်။ မျက်စိမှုန်၊ ဆံဖြူ၊ သွားကျိုး၊ ပါးရေတွန့် စတဲ့ အိုဇာတာရုပ် စောစောစီးစီးပေါက်လာခြင်းဟာ ဒေါသစိတ်ရဲ့ဖိထောင်းမှု ဒဏ်ချက်ကြောင့်ပါပဲ။

ဒေါသကြောင့်ပဲ ခိုက်ရန်ဖြစ်ကြတယ်၊ ဆဲရေးတိုင်းထွာကြတယ်၊ ရိုက်ပုတ်ထိုးခုတ် သတ်ဖြတ်ကြတယ်၊ ရန်ငြိုးဖွဲ့ကြတယ်၊

www.burmeseclassic.com

www.burmeseclassic.com


စစ်မက်များ ခင်းကျင်းကြတယ်၊ အိုးအိမ်တိုက်တာတွေကို ဖျက်ဆီးကြတယ်၊ အသက် ထောင်သောင်းများစွာ သေဆုံးကြရတယ်။

ဒေါသကြီးတဲ့သူဟာ စိတ်တိုတတ်တယ်၊ သည်းမခံတတ်ဘူး၊ ထစ်ခနဲ စိတ်အလိုမကျတာနဲ့ အမျက်ထွက်တယ်။ အမျက်ထွက်နေတဲ့သူဟာ ဆင်ခြင်တုံကင်းမဲ့သွားတဲ့အတွက် မပြောသင့်တာကိုပြောမိတယ်၊ မလုပ်သင့်တာကို လုပ်မိတယ်။

မပြောသင့်တာ ပြောမိလို့ စိတ်ပျက်ရတယ်၊ ရန်ဖြစ်ရတယ်၊ အခွင့်အရေး ဆုံးရှုံးရတယ်။ မလုပ်သင့်တာ လုပ်မိလို့ အမှုအခင်းဖြစ်ရတယ်၊ ထောင်ကျရတယ်။ တစ်ဖက်က လက်တုံ့ပြန်ရင် ထိခိုက်ဒဏ်ရာရနိုင်တယ်၊ သေဆုံးနိုင်တယ်။

## သည်းခံခြင်းဟာ မြတ်မင်္ဂလာ

မိမိကို ရန်စထိပါးလာရင် ခွင့်လွှတ်နိုင်ရမယ်၊ ဝေဖန်ပုတ်ခတ်လာရင်လည်း သည်းခံနိုင်ရမယ်၊ ဆဲရေးတိုင်းထွာလာရင်လည်း လျစ်လျူရှုနိုင်ရမယ်။

သည်းခံနိုင်တဲ့စွမ်းအားဟာ ပျော့ညံ့တဲ့စိတ်ထား မဟုတ်ဘူး၊ အရှုံးပေးတဲ့ အနုတ်လက္ခဏာစိတ်လည်းမဟုတ်ဘူး၊ ကြီးကျယ်မြင့်မြတ်ပြီး ကြံ့ကြံ့ခံနိုင်တဲ့ အပေါင်းလက္ခဏာစိတ် ဖြစ်ပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက ခန္တီ = သည်းခံခြင်းဟာ ကြီးပွားချမ်းသာကြောင်း မင်္ဂလာတစ်ပါးဖြစ်တယ်လို့ ဟောကြားတော်မူတယ်။

သည်းခံနိုင်တဲ့လူဟာ ဒေါသကို ချုပ်တည်းနိုင်လိုက်တဲ့ လူပဲ။ မိမိရဲ့သန္တာန်မှာ ထကြွသောင်းကျန်းလာတဲ့ ကိလေသာတွေကို အောင်

www.burmeseclassic.com

www.burmeseclassic.com


နိုင်တဲ့လူဟာ မိမိတစ်ယောက်တည်းကို အောင်နိုင်လိုက်ခြင်းဖြစ်ပေမယ့် စစ်ပွဲတစ်ရာကို အောင်နိုင်ခြင်းထက် ပိုပြီးကြီးကျယ်မြင့်မြတ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အလွန်အောင်နိုင်ခဲတာကို အောင်နိုင်လိုက်ခြင်းကြောင့်ပါပဲ။

**To err is human, to forgive divine,**

လူသားတို့ဟာ အမှားကို ကျူးလွန်မိတတ်ကြတယ်။

လူတစ်ဦးရဲ့အမှားကို သည်းခံခွင့်လွှတ်နိုင်သူဟာ

အလွန်မြင့်မြတ်တဲ့စိတ်ထားရှိသူ ဖြစ်ပါတယ်။

ခန္တီမေတ္တာအရာမှာ စံအထားထိုက်ဆုံးပုဂ္ဂိုလ်က မြတ်စွာဘုရားပါပဲ။ ဝေဠုဝန်ကျောင်းတော်မှာ မြတ်စွာဘုရားသီတင်းသုံးနေစဉ် **'ဘာရဒွါဇပုဏ္ဏား'** တစ်ဦးက ဘုရားရှင်ထံလာပြီး ကြမ်းကြမ်းတမ်းတမ်း ဆဲရေးတိုင်းထွာတယ်၊ အမျိုးမျိုးခြိမ်းခြောက်တယ်၊ အယုဝါဒဆိုင်ရာစကားတို့ဖြင့် အမျိုးမျိုးပုတ်ခတ်စွပ်စွဲတယ်။

ဘုရားရှင်က ဆိတ်ဆိတ်နေပြီး သည်းခံတော်မူတယ်။

ပုဏ္ဏားအာညောင်းပြီး အဆဲရပ်သွားတဲ့အခါ မြတ်ဗုဒ္ဓက အေးဆေးချိုသာစွာ မေးတော်မူတယ်။

"ဘာရဒွါဇ...သင့်ရဲ့ဆွေမျိုးတွေနဲ့ မိတ်ဆွေတွေဟာ သင့်အိမ်ဆီ တစ်ခါတစ်ရံမလာကြဘူးလား"

"လာကြပါတယ်"

"သူတို့က သင့်အတွက် လက်ဆောင်ပဏ္ဏာများကို ယူဆောင်လာခဲ့ကြဖူးပါသလား"

"ယူဆောင်လာခဲ့ကြဖူးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com


"ထိုလက်ဆောင်ပဏ္ဏာများကို သင်က လက်ခံယူလိုက်ရင် ထို ပစ္စည်းတို့ဟာ ဘယ်သူ့ထံရောက်သွားမလဲ"

"ကျွန်ုပ်ကလက်ခံယူရင် ကျွန်ုပ်ထံသို့ရောက်ရှိပါတယ်"

"အကယ်လို့ သင်ကလက်မခံဘဲ ပစ္စည်းတွေကိုပြန်ပေးလိုက် ရင် ထိုပစ္စည်းတွေဟာ ဘယ်သူ့ထံရောက်သွားမလဲ"

"ပစ္စည်းလာပေးသူထံသို့ ပြန်ရောက်ပါတယ်"

"အို...ပုဏ္ဏား၊ ထိုနည်းတူပဲ ငါ့ထံသို့ သင်ယခုလာရောက်ပြီး ဆဲရေးခြိမ်းခြောက် ပုတ်ခတ်စွပ်စွဲတာတွေကို ငါလက်မခံဘူး၊ သင် သာ ပြန်ယူသွားပါတော့"

ဘာရဒွါဇပုဏ္ဏားဟာ မြတ်စွာဘုရားကို ချက်ချင်းကြည်ညိုလေး မြတ်သွားတယ်။ မြတ်ဗုဒ္ဓရဲ့ခြေတော်ရင်းမှာ ဝပ်စင်းခယပြီး တပည့် အဖြစ်ကို ခံယူပါတော့တယ်။

သည်းခံနိုင်ရင် အကျိုးရှိပြီး သည်းမခံနိုင်ရင် အကျိုးယုတ်တယ် ဆိုတာ အလွန်ထင်ရှားပါတယ်။

ကောသမ္ဗီပြည်မှာ သာသနာတော်ကိုတည်ဖို့အတွက် ဘုရားရှင် ကြွသွားတော်မူတဲ့အခါ **'မာဂဏ္ဍီမိဖုရား'** က သူ့ရဲ့အလှဂုဏ်ကို ချိုး နှိမ်ပြောဆိုခဲ့ဖူးတဲ့ ဘုရားရှင်ကို လက်တုံ့ပြန်တဲ့အနေနဲ့ သာသနာ တော်ကိုမကြည်ညိုကြသေးတဲ့ မြို့သူမြို့သားများကို တံစိုးလက်ဆောင် ပေးပြီး ဘုရားရှင်ကို ဆဲဆိုခိုင်းတယ်။

မြို့တွင်းသို့ ဘုရားရှင်ကြွဝင်လာတဲ့အခါ တံစိုးလက်ဆောင် ရ ထားတဲ့ လူအများကြီးနဲ့ သူတို့ရဲ့ကျေးကျွန်အလုပ်သမားများဟာ ဘုရားရှင်နောက်ကလိုက်ပြီး အမျိုးမျိုးဆဲရေးတိုင်းထွာကြတယ်။ အဲဒီ အခါ အရှင်အာနန္ဒာက လျှောက်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com


"အရှင်ဘုရား...ဤကောသမ္ဗီမြို့သူမြို့သားတွေဟာ ကျွန်ုပ်တို့ကို အထူးထူးအထွေထွေ ဆဲဆိုရေရွတ်ကြပါတယ်၊ တခြားသို့ ထွက်ခွာသွားကြပါစို့"

"အာနန္ဒာ...ဘယ်အရပ်သို့ သွားကြမလဲ"

"အရှင်ဘုရား...တစ်ပါးသောမြို့သို့ သွားကြပါမယ်"

"အဲဒီမြို့ကလူတွေ ဆဲကြပြန်ရင် အဘယ်ကိုသွားကြမလဲ"

"အရှင်ဘုရား...ထိုမြို့မှထွက်ပြီး အခြားမြို့သို့သွားကြပါမယ်"

"အဲဒီ အခြားမြို့ကလူတွေ ဆဲဆိုကြပြန်ရင်ကော"

"သည့်ပြင် အခြားမြို့သို့ သွားကြပါဦးမယ်"

"အာနန္ဒာ...ဒီလိုမလုပ်သင့်ဘူး၊ အကြင်အရပ်မှာ အဓိကရဏ်းဖြစ်ပွားရင် အဲဒီအဓိကရဏ်း ငြိမ်းအေးပြီးမှသာ တခြားအရပ်သို့ သွားသင့်တယ်...။

"အာနန္ဒာ...ငါဘုရားဟာ စစ်မြေပြင်သို့ ဝင်ရောက်လာတဲ့ စစ်ဆင်ကြီးနဲ့တူတယ်၊ ဒီစစ်ဆင်ကြီးရဲ့တာဝန်က အရပ်လေးမျက်နှာမှလာတဲ့ မြားတို့ကို သည်းခံဖို့ပဲဖြစ်တယ်၊ ထို့အတူပဲ ငါဘုရားရဲ့တာဝန်ဟာ သီလမရှိသူအများကြီးက ပြောဆိုကြတဲ့စကားတွေကိုသည်းခံဖို့ပဲ ဖြစ်တယ်...။

"အာနန္ဒာ...မစိုးရိမ်ပါနဲ့၊ ဝမ်းမနည်းပါနဲ့၊ 'ဒီလူတွေဟာ ခုနစ်ရက်မျှသာ ဆဲရေးကြလိမ့်မယ်'၊ ရှစ်ရက်မြောက်တဲ့နေ့မှာ ဆိတ်ဆိတ်သာ နေကြလိမ့်မယ်"

အမှန်မှာလည်း ဆဲရေးတိုင်းထွာရေရွတ်မှုတွေဟာ ခုနစ်ရက်စေ့တဲ့အခါ အကုန်တိတ်ဆိတ်သွားကြတယ်။ မြတ်စွာဘုရားရဲ့ ကျင့်ကြံ ပြောဆိုပုံဟာ အလွန်မှတ်သားစရာကောင်းလှပေတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com


## မနာလိုကင်း ဝန်တိုရှင်း လက်ငင်းချမ်းသာနည်း

ကိုယ့်ထက်သာသွားရင် မနာလိုတဲ့သဘောကို ဣဿာလို့ခေါ်တယ်။

ကိုယ့်ပစ္စည်းဥစ္စာကို သူတစ်ပါးတို့အား မျှဝေပေးကမ်းရမှာကို တွန့်ဆုတ်ဝန်တိုနေတဲ့သဘောဟာ 'မစ္ဆရိယ' ဖြစ်ပါတယ်။

မနာလိုဝန်တိုတာဖြစ်ရင် စိတ်ဆင်းရဲရတော့တာပဲ။ စိတ်ဆင်းရဲတဲ့ခံစားမှုဟာ ဒေါသစိတ်မှာ ယှဉ်ဖြစ်ပါတယ်။ ဒါကြောင့် ဣဿာနဲ့ မစ္ဆရိယတို့ဟာ ဒေါသရဲ့အသင်းအပင်းများ ဖြစ်ကြတယ်။

**'သက္ကပဉှသုတ်တော်'** မှာ သိကြားမင်းက မြတ်စွာဘုရားအား ဒီလိုမေးပါတယ်။

"ပစ္စည်းဥစ္စာ ပြည့်စုံကြတဲ့လူတွေနတ်တွေဟာ ချမ်းချမ်းသာသာ နေနိုင်ကြပါလျက်နဲ့ ဘာဖြစ်လို့ စိတ်ဆင်းရဲနေကြရသလဲ"

"မနာလိုဝန်တိုမှုတွေ ဖြစ်နေတဲ့အတွက်ကြောင့် သတ္တဝါတွေ စိတ်ဆင်းရဲနေကြရတယ်"လို့ ဘုရားရှင် ဖြေကြားတော်မူတယ်။

'မဃသိကြားမင်း'ဟာ သာသနာပအခါမှာ ကုသိုလ်လုပ်ခဲ့လို့ သူ့ရဲ့ကိုယ်ရောင်ကိုယ်ဝါဟာ သာသနာတွင်းမှာ နတ်ဖြစ်လာကြတဲ့ နတ်တွေလောက် မတောက်ပဘူး၊ ဒါကြောင့် အလွန်စိတ်ဆင်းရဲရတယ်တဲ့။ အလွန်စည်းစိမ်ကြီးမားတဲ့ သိကြားမင်းကတောင် စိတ်မချမ်းသာဘူးဆိုတာ အံ့သြစရာမကောင်းဘူးလား။

လူ့လောကမှာ မနာလိုဝန်တိုမှုတွေဟာ အလွန်များတယ်၊ သူများ ကြီးပွားသွားတာကိုလည်း မမြင်လိုဘူး၊ အခွင့်အရေးသာသွားရင်လည်း မကျေနပ်ဘူး၊ ကိုယ်ရနေတဲ့အခွင့်အရေးမျိုးကို သူတစ်ပါးအား မရစေချင်ဘူး၊ လှူတန်းရမှာကိုလည်း မကြည်ဖြူဘူး။

www.burmeseclassic.com

www.burmeseclassic.com



လူတွေဟာ ဣဿာ–မစ္ဆရိယကြောင့် အလိုလိုနေရင်း စိတ်ဆင်းရဲနေရတယ်။ မနာလိုဝန်တိုမှုကို ပယ်ခွာလိုက်တာနဲ့ စိတ်ကြည်လင်ရွှင်လန်းပြီး ချမ်းသာသွားလိမ့်မယ်။ ဒါကြောင့် 'မဟာစည်ဆရာတော်'က ရန်ကုန် သာသနာ့ရိပ်သာမှာ အောက်ပါစာတန်းကို စာလုံးကြီးများနဲ့ ရေးထိုးထားစေတယ်။

**"မနာလိုကင်း၊ ဝန်တိုရှင်း၊ လက်ငင်းချမ်းသာသည်"**

အမျက်ထွက်မှု–ဒေါသကို မေတ္တာနဲ့ အောင်နိုင်ရမယ်။ မနာလိုမှု – ဣဿာကို မုဒိတာတရားနဲ့ ချိုးနှိမ်ရတယ်။ မုဒိတာဆိုတာ ဣဿာရဲ့ ဆန့်ကျင်ဘက်၊ သူတစ်ပါး ကြီးပွားချမ်းသာတာကို ဝမ်းမြောက်ဝမ်းသာ ဖြစ်နိုင်တဲ့စွမ်းရည်ပဲ။

ဥပမာ...မိမိရဲ့လုပ်ဖော်ကိုင်ဖက်တစ်ဦး ရာထူးတိုးသွားလို့ မိမိက မနာလိုဖြစ်နေရင် အလကားစိတ်ဆင်းရဲနေရမယ်။ သူ့ကို လက်ဆွဲနှုတ်ဆက်ပြီး "သူငယ်ချင်းရာ...မင်းရာထူးတိုးတာ ငါသိပ်ဝမ်းသာတယ်ကွာ"လို့ လှိုက်လှိုက်လှဲလှဲဝမ်းသာနိုင်ရင် ထိုသူက မိမိကို အလွန်ခင်မင်သွားပြီး အနည်းဆုံး လက်ဖက်ရည်တစ်ခွက်တော့ လက်ငင်းတိုက်မှာ သေချာပါတယ်။

ဝန်တို၊ တွန့်တိုစေးနှဲတတ်တဲ့ မစ္ဆရိယကိုတော့ ပစ္စည်းဥစ္စာပေါ်မှာ တပ်မက်တွယ်တာမှုမရှိဘဲ လွတ်လွတ်ကျွတ်ကျွတ်ပေးကမ်း စွန့်ကြဲနိုင်တဲ့ အလောဘနဲ့ တိုက်ဖျက်ရမှာဖြစ်ပါတယ်။

## နောင်တတစ်ပန် မပူပန်နဲ့

ကောင်းတဲ့အလုပ်တွေ လုပ်ခွင့်ရတဲ့အချိန်မှာ မလုပ်ခဲ့မိတာ၊ မလုပ်သင့်တဲ့အလုပ်တွေ လုပ်ခဲ့မိတာတွေကို တွေးတွေးပြီး နောင်တ

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန် ပူပန်နေတဲ့သဘောကို 'ကုက္ကုစ္စ'လို့ ခေါ်တယ်။ ကုက္ကုစ္စက လည်း ဒေါသရဲ့အပေါင်းပါ စေတသိက်တစ်ခုပဲ။ ကုက္ကုစ္စဖြစ်ရင် ဒေါမနဿဝေဒနာနဲ့ယှဉ်တဲ့ ဒေါသမူစိတ်ဖြစ်လာပြီး စိတ်ပူလောင် ဆင်းရဲရတယ်။

ပြာဖုံးထားတဲ့မီးခဲဟာ တငွေ့ငွေ့လောင်နေသလို ကုက္ကုစ္စဖြစ် နေတဲ့သူကလည်း တငွေ့ငွေ့လောင်ကျွမ်းခံနေရတာပဲ။ နောင်တ တစ်ဖန် ပူပန်နေတာဟာ လက်လွတ်သွားတဲ့အခွင့်ကောင်းကို ပြန် ရအောင်လည်း အထောက်အကူမဖြစ်ဘူး။ ပြုခဲ့မိတဲ့ မကောင်းမှုတွေ ကျေပျောက်သွားအောင်လည်း မတတ်နိုင်ဘူး။ ပြုခဲ့ပြီးတဲ့ မကောင်းမှု ဒုစရိုက်တွေကို ပြန်ပြန်သတိရနေတော့ အကုသိုလ်စိတ်တွေ ထပ်ထပ် ဖြစ်ပြီး အကုသိုလ်တရားတွေ တိုးပွားနေတဲ့အကျိုးကိုပဲ ရရှိလိမ့်မယ်။ ဒါကြောင့် ပညာရှိသူတော်ကောင်းတို့က ကုက္ကုစ္စကို အလွန်ရှုံ့မုန်းကြ တယ်။

**Don't cry over spilt milk.**

'ဖိတ်စဉ်သွားတဲ့နို့အတွက် ငိုမနေပါနဲ့။'

ဒီစကားပုံက ကုက္ကုစ္စနဲ့ သဘောဆင်တူတယ်။ ကလေးက လက်မမြဲလို့ နို့ဖန်ခွက်မှောက်သွားတယ်။ နို့မသောက်ရတော့ကလေး ငိုတယ်။ အမေက နို့ဖန်ခွက်ကို မှောက်လိုက်ရလားဆိုပြီး မြည်တွန် တောက်တီးတယ်။ တချို့အမေက လက်သံပြောင်ပြောင်နဲ့ ကလေး ကျောကုန်းကို ဖြန်းခနဲရိုက်လိုက်တယ်။ ရိုက်တော့ ကလေးပိုငိုတယ်။ အမေက စိတ်ပိုဆိုးပြီး ထပ်ရိုက်တယ်။ ဒီလုပ်ရပ်တွေက အကျိုးရှိ သလား။

www.burmeseclassic.com

www.burmeseclassic.com



ဘာအကျိုးမှ မရှိဘူး။ ဖိတ်သွားတဲ့နို့ကိုလည်း ပြန်မရဘူး။ ကလေးရောအမေပါ အလွန်စိတ်ဆင်းရဲကြရတယ်။

ကလေးက သူသတိမရှိပေါ့လျော့မိလို့ နို့ဖန်ခွက်မှောက်သွားရတာကို နားမလည်ဘူး။ သူ့ကိုချစ်တယ်ဆိုတဲ့အမေက သူ့ကို ဘာကြောင့် နာကျင်အောင်ရိုက်တာကိုလည်း သူနားမလည်ဘူး။ ဒါကြောင့် မိခင်နဲ့ကလေးအကြားမှာ ဆက်ဆံရေးအဖုအထစ်ဖြစ်လာတယ်။

လုပ်သင့်တာက ပထမဒေါသကို ချုပ်ထိန်းရမယ်။ အခြေအနေကို သုံးသပ်ပြီး ကလေးနားလည်အောင်ရှင်းပြရမယ်။ မှားပြီးတဲ့အမှားကို ပြန်မမှားဖို့နဲ့ လက်ရှိအချိန်မှာ အကျိုးရှိတဲ့အလုပ်ကို ဆက်လုပ်ဖို့ ကြိုးစားရမယ်။

## ပေးကမ်းစွန့်ကြဲပါ

ပုထုဇဉ်တိုင်း လက်ဆောင်လိုချင်တယ်၊ လက်ဆောင်ရရင် ဝမ်းသာတယ်။ သူတစ်ပါးပျော်ရွှင်ဝမ်းသာရအောင် ကိုယ်က လက်ဆောင်ပေးနိုင်ရင် ပိုပြီးဝမ်းသာစရာမကောင်းဘူးလား။ အထူးသဖြင့် ဆင်းရဲနွမ်းပါးပြီး လိုအပ်နေတဲ့သူတွေကို ကူညီပေးကမ်းရရင် ပိုပြီး ဝမ်းမြောက်စရာမကောင်းဘူးလား။

လက်ခံသူဖြစ်ရတာထက် ပေးကမ်းသူဖြစ်ရတာ ပိုမြင့်မြတ်ပါတယ်။ ပေးကမ်းကူညီတတ်သူကို လူတိုင်းက ချစ်ခင်ကြပါတယ်။ တံစိုးလက်ဆောင်ပေးကမ်းခြင်းကလည်း ကိစ္စအလုံးစုံကို ချောမောပြေပြစ်စေတတ်ပါတယ်။

'ပေးကမ်းစွန့်ကြဲခြင်း' ဟာ တံစိုးလက်ဆောင်ပေးတာမျိုး မဟုတ်ဘူး။ အတုံ့အပြန် ကျေးဇူးပြန်ရတာမျိုးကို မမျှော်ကိုးဘဲ လွတ်လွတ်ကျွတ်ကျွတ် ပေးကမ်းစွန့်ကြဲတဲ့အလှူဒါနမျိုးကို ဆိုလိုပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိမိရဲ့ ပစ္စည်းဥစ္စာကို တပ်မက်တွယ်တာနေတဲ့ သဘောက လောဘ၊ မစွန့်လွှတ်နိုင်အောင် စေးနဲတွန့်တိုနေတဲ့သဘောက မစ္ဆရိယ၊ ပစ္စည်းဥစ္စာကို မတပ်မက်မတွယ်တာ မနှမြော မတွန့်တိုဘဲ လွှတ်လွှတ်စွန့်ကြဲနိုင်တဲ့သဘောက အလောဘ။ ဒါကြောင့် အလောဘ စိတ်နဲ့ ပေးကမ်းလှူဒါန်းခြင်းဟာ လောဘနဲ့ မစ္ဆရိယတို့ကို ခေတ္တ တွန်းလှန်ဖြိုဖျက်နိုင်လိုက်တဲ့သဘောဖြစ်ပေတယ်။

ဒါနပြုခြင်းဟာ မြင့်မြတ်တယ်၊ သူတော်ကောင်းတို့ရဲ့ လမ်းရိုးကျင့်စဉ်ဖြစ်တယ်။ အလောဘနဲ့ ယှဉ်တဲ့ ကုသိုလ်စိတ်ဟာလည်း လက်ငင်းချမ်းသာကို ပေးဆောင်တဲ့အပြင် တမလွန်ချမ်းသာကိုလည်း အကြီးအကျယ်ပေးဆောင်တတ်ပါတယ်။

ဒါနရဲ့အကျိုးဟာ ညှောင်စေ့လောက်လှူရင် ညှောင်ပင်ထက်မက အကျိုးကျေးဇူးရပါတယ်။ ဒီဘဝမှာရော သံသရာတစ်လျှောက်လုံးမှာရော ပဒေသာပင်ပမာ ကြီးကျယ်တဲ့အကျိုးကျေးဇူးကို ပေးဆောင်တတ်လို့ ဒါနဟာ သံသရာဥစ္စာထုပ်ကြီးနဲ့ တူပါတယ်။

ဒါတင်မကသေးဘူး။ ဒါနဟာ နတ်ပြည်သို့တက်ဖို့ စောင်းတန်းလှေကားနဲ့လည်း တူတယ်။ နိဗ္ဗာန်သို့ ဖြောင့်ဖြောင့်တန်းတန်း ပို့ဆောင်တတ်တဲ့ ခရီးလမ်းမှန်လည်း ဖြစ်ပေတယ်။

"ရဟန်းတို့…ပေးကမ်းစွန့်ကြဲခြင်းစေတနာရဲ့အကျိုးကို ငါဘုရားသိသလို သတ္တဝါများ သိကြမယ်ဆိုရင် ကိုယ်စားမည့်ဝတ္ထုထဲက သူတစ်ပါးကို မပေးကမ်းဘဲ ဘာကိုမျှစားနိုင်ကြမယ်မဟုတ်ဘူး၊ ကိုယ့်ပစ္စည်းကို မပေးကမ်းရက်တဲ့ မစ္ဆရိယစိတ်ဟာလည်း သတ္တဝါတွေကို နှိပ်စက်နိုင်မှာမဟုတ်ဘူး" (ဣတိဝုတ်ဒါနသုတ်)

ဒါကြောင့် ပေးကမ်းစွန့်ကြဲခြင်းဟာ ပစ္စည်းဥစ္စာကိုအလဟဿ

www.burmeseclassic.com

www.burmeseclassic.com



စွန့်ပစ်လိုက်တာမဟုတ်ဘူး။ တစ်ရာ တစ်ထောင် တစ်သိန်းမက အတိုးအညွန့်ပေးနိုင်တဲ့ အကောင်းဆုံးဘဏ်တိုက်မှာ အပ်နှံထားရတာနဲ့တူတယ်။ ဒီဘဏ်တိုက်ကနေပြီး ဘဝအဆက်ဆက် လိုအပ်တဲ့အခါတိုင်း စိတ်အပူအပန်မရှိဘဲ ထုတ်ယူသုံးစွဲနိုင်မှာဖြစ်လို့ အလွန်စိတ်ချမ်းသာရာရပါတယ်။

## သီလစောင့်ထိန်းပါ

မကောင်းမှုဒုစရိုက်ပြုလုပ်တဲ့သူဟာ ဘေးကြီးလေးပါးနဲ့ ရင်ဆိုင်ရတယ်။

**(၁) အတ္တာနုဝါဒဘေး။** ။ မိမိကိုယ်ကိုမိမိပြန်စွပ်စွဲတဲ့ဘေး။

'မကောင်းမှုပြုလုပ်ဖို့ ဆိတ်ကွယ်ရာမရှိ' ဆိုတဲ့အတိုင်း ကိုယ်မကောင်းမှုပြုတာကို အနည်းဆုံး ကိုယ်တစ်ယောက်တော့သိနေတယ်။ ဒီအသိကပဲ ကိုယ့်ကို 'မင်းလူဆိုးပဲ၊ လူယုတ်မာပဲ၊ သူခိုးပဲ၊ ဓားပြပဲ' လို့ ပြန်စွပ်စွဲနေတယ်။

ဒီအသိကြောင့်ပဲ ကိုယ့်အိုးကိုယ်မလုံကာ ဘယ်လောက်ပဲဟန်ဆောင်ဆောင် 'ငါဟာ ဒုစရိုက်ကောင် လူယုတ်မာစာရင်းထဲ ပါနေပါကလား' လို့ သိမ်ငယ်ကာ စိတ်ဆင်းရဲရတယ်။

**(၂) ပရာနုဝါဒဘေး။** ။သူတစ်ပါးတို့က မိမိကိုစွပ်စွဲတဲ့ဘေး။

"ဟုတ်ရင်ကျော်မယ်၊ ပုပ်ရင်ပေါ်မယ်"၊ 'ဆင်သေကို ဆိတ်ရေနဲ့ ဖုံးလို့မရ' ဆိုတဲ့စကားတွေလို ကိုယ်မကောင်းမှုပြုနေတာကို ပတ်ဝန်းကျင်ကလူတွေ အနေးနဲ့အမြန် သိလာကြမှာပဲ။ အဲဒီအခါ မိမိကိုဝိုင်းပြီး ကဲ့ရဲ့အပြစ်တင်ရှုတ်ချကြမယ်။ ဒါလည်း စိတ်ဆင်းရဲစရာကောင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၃) **ဒုက္ခဘေး**။ ။ မင်းပြစ်မင်းဒဏ်ခံရတဲ့ဘေး။

"ရာဇဝတ်ဘေး ပြေးမလွတ်" ဆိုတဲ့အတိုင်း ခိုးဆိုးလုယက် ဓားပြတိုက်မှု၊ မုဒိမ်းမှုကျူးလွန်ထားကြတဲ့လူတွေဟာ မင်းဘေးမသင့်အောင် အမြဲပုန်းရှောင်ပြေးလွှားနေကြရတယ်၊ နေ့စဉ်ရက်ဆက် ကျီးလန့်စာစားသလို စိုးရိမ်ပူပန်နေကြရတယ်။ နောက်ဆုံးမှာ စုံထောက်ရဲသားတွေရဲ့ဖမ်းဆီးခြင်းကိုခံရပြီး အချုပ်ဒဏ် ထောင်ဒဏ် သေဒဏ် စသည်ကို ကျခံရလို့ အရှင်လတ်လတ် လောကငရဲထဲ ရောက်ရတော့တယ်။

(၄) **ဒုဂ္ဂတိဘေး**။ ။ အပါယ်ငရဲသို့ကျရောက်ရတဲ့ဘေး။

ဒုစရိုက်မှု ရာဇဝတ်မှု ကျူးလွန်ထားကြတဲ့လူတွေဟာ ဒီဘဝမှာ ဟန်ဆောင်ကောင်းလို့ အကြံအဖန်ကောင်းလို့ အခြားဘေးတွေ လွတ်ချင်လွတ်မယ်။ သေလွန်တဲ့အခါ အကုသိုလ်ကံရဲ့အကျိုးပေးမှု ဖြစ်တဲ့ ဒုဂ္ဂတိဘေးကိုတော့ မလွတ်နိုင်ဘူး။

အပါယ်ငရဲသို့ ကျရောက်ရခြင်းဟာ ကြီးမိန့်ချခံရတာထက် အဆပေါင်းများစွာ ပိုဆိုးရွားပါတယ်။ ငရဲသား၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့ရဲ့ဘဝဟာ နှစ်ရှည်လများ အလွန်ဆင်းရဲလှပါတယ်။

ဒါကြောင့် မကောင်းမှုဒုစရိုက်ကို ပြုကျင့်ထားကြတဲ့သူတွေဟာ ကြိုးမိန့်ဒဏ်အချခံထားရတဲ့ အကျဉ်းသားလို ဘယ်လိုမှချမ်းသာပျော်ရွှင်နိုင်ကြမှာ မဟုတ်ဘူး၊ အထက်က ဘေးကြီးလေးပါးက သူ့ကို အမြဲခြိမ်းခြောက်နေပေလိမ့်မယ်။

ယခုဘဝမှာလည်း ခင်ပွန်း၊ ဇနီး၊ သားသမီး၊ ဥစ္စာ ရွှေငွေတို့နဲ့ ချမ်းသာပျော်ရွှင်စွာ နေလိုတယ်၊ တမလွန်ဘဝအဆက်ဆက်မှာလည်း ချမ်းချမ်းသာသာ နေထိုင်သွားလိုတယ်ဆိုရင် မကောင်းမှုဒုစရိုက်များ

www.burmeseclassic.com

www.burmeseclassic.com



ကို မကျူးလွန်မိအောင် ထိန်းသိမ်းစောင့်ရှောက်ရပေမယ်။ အကောင်းဆုံး ထိန်းသိမ်းစောင့်ရှောက်တဲ့နည်းက ငါးပါးသီလကို မြဲမြံစွာစောင့်ထိန်းခြင်းပဲ ဖြစ်ပါတယ်။

ကုသိုလ်အပေါင်းမှာ သီလကုသိုလ်ဟာ အမြတ်ဆုံး၊ သုဂတိဘုံသို့ တက်လှမ်းဖို့အတွက် သီလနဲ့တူတဲ့ စောင်းတန်းလှေကားဆိုတာ မရှိဘူး။ နိဗ္ဗာန်ရွှေပြည်မြတ်သို့ ဝင်ရောက်ဖို့အတွက်လည်း သီလနဲ့တူတဲ့ တံခါးပေါက်ဆိုတာမရှိဘူး။

သတ္တဝါတို့ရဲ့ ပူပန်မှုကို ရေ၊ လေ၊ စန္ဒကူး၊ လရောင်၊ ပန်းစံပယ်စတဲ့ အအေးဓာတ်တို့နဲ့ မအေးမြစေနိုင်ဘူး။ သီလအအေးဓာတ်နဲ့ ထုံမွှမ်းပေးမှသာ အေးမြနိုင်ပါတယ်။

ဒါကြောင့် ဘဝချမ်းသာကို အလိုရှိတဲ့လူတွေဟာ သူတော်ကောင်းတို့ မြတ်နိုးကြတဲ့ ဘဝအဆင့်အတန်းကို မြင့်မားစေတဲ့ တုစ်ပြားတစ်ချပ်မှလည်း ငွေကုန်ကြေးကျမရှိတဲ့ အလှဆုံးအဆင်တန်ဆာလည်း ဖြစ်တဲ့ သီလကို လုံခြုံအောင် စောင့်ထိန်းကြရတယ်။

## သမထဘာဝနာ စီးပြန်းပါ

ဒါနကုသိုလ် သီလကုသိုလ်တို့ထက် အကျိုးအမြတ်ကြီးမားတာက ဘာဝနာကုသိုလ်ပါပဲ။ ဘာဝနာကုသိုလ်ကို ရယူဖို့အတွက် ငွေနဲ့ပစ္စည်းနဲ့ အရင်းအနှီးစိုက်ထုတ်ဖို့မလိုဘူး။ မအားလပ်နိုင်အောင် အလုပ်များနေလို့ အချိန်သီးသန့်မပေးနိုင်ရင်လည်း အရေးမကြီးဘူး။ အလုပ်လုပ်ရင်း၊ ကားစောင့်ရင်း၊ ကားစီးရင်း၊ အစာစားရင်း၊ အိမ်သာတက်ရင်း စတဲ့အချိန်တိုင်းမှာ နှလုံးသွင်းတတ်ရင် ဘာဝနာကုသိုလ် ရတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



လူတွေ နိုးနေပြီး အသိစိတ်ရှိနေတဲ့အချိန်မှာ ကုသိုလ်စိတ် ဖြစ်ရင်ဖြစ်၊ ကုသိုလ်စိတ်မဖြစ်ရင် အကုသိုလ်စိတ်ဖြစ်မှာပဲ၊ ယောနိသော မနသိကာရ ရှိရင် ကုသိုလ်စိတ်ဖြစ်မယ်၊ မရှိရင် အကုသိုလ်စိတ် ဖြစ်မယ်။

အကုသိုလ်စိတ်ဖြစ်ဖို့က သွန်သင်ပေးနေစရာမလိုဘူး။ ကုသိုလ်စိတ် ဖြစ်ဖို့အတွက် သွန်သင်လေ့ကျင့်ပေးဖို့ လိုတယ်။ အကုသိုလ်စိတ် ဖြစ်ရင် လက်ငင်းစိတ်ဆင်းရဲရတယ်၊ နောင်လည်း မကောင်းကျိုးတွေ ခံစားရတယ်။ ကုသိုလ်စိတ်ဖြစ်ရင် လက်ငင်းစိတ်ချမ်းသာရတယ်၊ နောင်လည်း ကောင်းကျိုးတွေ ခံစားရမယ်။

အကုသိုလ်စိတ်တွေဖြစ်တဲ့အခါ စိတ်မှာ ကိလေသာတွေ ယှဉ်စပ်နေတဲ့အတွက် ပူလောင်ဆင်းရဲရတယ်။ ကုသိုလ်စိတ်တွေဖြစ်ရင် ကိလေသာတွေ ကွာရှင်းပြီး ပီတိ–နှစ်သက်ဝမ်းမြောက်ခြင်း၊ ပဿဒ္ဓိ–ငြိမ်းအေးခြင်း၊ သုခ–ချမ်းသာခြင်းစတဲ့ ကောင်းတဲ့စေတသိက်တွေ ယှဉ်စပ်ကြတဲ့အတွက် စိတ်ငြိမ်းအေးချမ်းသာတယ်။

ဒါကြောင့် ချမ်းသာအကျိုးရှိအောင် နေထိုင်နည်း ဆိုတာ ကုသိုလ်စိတ်တွေ အဆက်မပြတ်ဖြစ်အောင် နေထိုင်တဲ့နည်းပဲဖြစ်ပါတယ်။ ကုသိုလ်စိတ်တွေ အဆက်မပြတ်ပြုလုပ်တဲ့နည်းက ဘာဝနာ ပွားများတဲ့နည်းပဲ ဖြစ်ပါတယ်။

အများပွားများနေကြတဲ့ဘာဝနာကတော့ ဗုဒ္ဓါနုဿတိနဲ့ မေတ္တာ ဘာဝနာတို့ ဖြစ်ကြပါတယ်။

**'ဗုဒ္ဓါနုဿတိ'** ဆိုတာ မြတ်စွာဘုရားရဲ့ဂုဏ်တော်များကိုအထပ်ထပ် အဖန်ဖန် အောက်မေ့အမှတ်ရနေခြင်း ဖြစ်ပါတယ်။ မြတ်စွာ ဘုရားရဲ့အတုမရှိ မြင့်မြတ်တဲ့ဂုဏ်တော်တစ်ပါးကို တစ်ချက်ကလေး

www.burmeseclassic.com

www.burmeseclassic.com


နှလုံးသွင်းသတိရလိုက်တယ်ဆိုရင်ပဲ မဟာကုသိုလ်စိတ်တွေ အကြိမ် တစ်ကုဋေမက ဖြစ်ပျက်သွားကြတဲ့အတွက် လူချမ်းသာဘဝ နတ်ချမ်းသာဘဝတို့ကို ဘဝပေါင်းများစွာရအောင် အကျိုးပြုနိုင်တယ်။ ဒါကြောင့် အဖိုးမဖြတ်နိုင်အောင် အကျိုးကျေးဇူးကြီးမားပါတယ်။

'သမထဘာဝနာတို့မှာ အမြတ်ဆုံးဖြစ်တဲ့ ဗုဒ္ဓါနုဿတိကို ပွားများကြပါ။ ဗုဒ္ဓါနုဿတိကိုပွားများရင် အလိုဆန္ဒရှိသမျှ ပြည့်စုံလိမ့်မယ်'

(သုဘူတိထေရအပဒါန်)

အရဟံ = မြတ်စွာဘုရားသည် တစ်ထောင့်ငါးရာကိလေသာတို့ ဝါသနာခလေ့ အထုံအငွေ့မျှ မငွေ့မသန်းအောင် ကင်းဝေးစင်ကြယ်တော်မူတယ်။ ဒါကြောင့် အမြတ်ဆုံးပုဂ္ဂိုလ်ဖြစ်ကာ လူနတ်ဗြဟ္မာတို့ရဲ့ ပူဇော်အထူးကို ခံယူထိုက်ပေတယ်။

သမ္မာသမ္ဗုဒ္ဓေါ = မြတ်စွာဘုရားဟာ အလုံးစုံသောတရားတို့ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင် သိမြင်တော်မူပါတယ်။

ဘဂဝါ = မြတ်စွာဘုရားဟာ ဣဿရိယ, ဓမ္မ, ယသ, သိရိ, ကာမ ပယတ္တဆိုတဲ့ အတုမရှိတဲ့ ဘုန်းတော်ခြောက်စုံနဲ့ ပြည့်စုံတော်မူပါပေတယ်။

မိမိနှစ်သက်ရာ ဂုဏ်တော်တစ်ပါးပါးကို နေ့နေ့ညဉ့်ညဉ့် သွားစဉ်အခါမှာရော၊ မတ်တတ်ရပ်စဉ်အခါမှာရော၊ ထိုင်နေစဉ်အခါမှာရော၊ လျောင်းနေစဉ်အခါမှာရော အဆက်မပြတ်သတိရနေအောင် နှလုံးသွင်းပွားများပါ။ အလွန်ကြီးကျယ်တဲ့ကုသိုလ်တို့ကို အဆက်မပြတ် ဆည်းပူးရရှိတဲ့အပြင် ထူးထူးခြားခြားဘေးရန်ကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝလာပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



**'မေတ္တာဘာဝနာ'** ဆိုတာ လူတစ်ယောက်တည်းကိုဖြစ်စေ လူအများကြီးကိုဖြစ်စေ၊ သတ္တဝါအားလုံးကိုဖြစ်စေ အာရုံပြုပြီးတော့ (၁)ဘေးရန်ကင်းပါစေ၊ (၂)စိတ်ဆင်းရဲကင်းပါစေ၊ (၃)ကိုယ်ဆင်းရဲကင်းပါစေ၊ (၄)ကိုယ်စိတ်နှစ်ဖြာ ချမ်းသာလွယ်ကူစွာဖြင့် မိမိရဲ့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေလို့ အကြိမ်ကြိမ် အဖန်ဖန် နှလုံးသွင်းစီးဖြန်းနေခြင်း ဖြစ်ပါတယ်။

မေတ္တာဟာ အဖျက်ဆိုးတတ်ဆုံးဖြစ်တဲ့ ဒေါသမီးတောက်မီးလျှံကို ငြိမ်းအေးစေနိုင်တဲ့ သီတာရေစင်ဖြစ်ပါတယ်။ မေတ္တာပွားပို့နေတဲ့အခါ ဒေါသငြိမ်းအေးနေတဲ့အတွက် အလွန်တရာအေးမြတဲ့ချမ်းသာကို ရရှိပါတယ်။

မေတ္တာဟာ လူ့အပေါင်းတို့ရဲ့ ချစ်ခင်ကြည်ညိုမှုကို ဆွတ်ခူးနိုင်ရုံတင်မကဘူး၊ နတ်ဗြဟ္မာများနဲ့ တိရစ္ဆာန်များရဲ့ ချစ်ခင်မြတ်နိုးမှုကိုလည်း ဆွတ်လှမ်းယူနိုင်ပါတယ်။

'ရန်ကို ရန်ချင်း မတုံ့နှင်း'ဘဲ ရန်သူကို အကောင်းဆုံးအောင်နိုင်တဲ့နည်းက ထိုသူကို စူးစူးစိုက်စိုက် မေတ္တာပို့သပေးခြင်း ဖြစ်ပါတယ်။ ရန်သူက မိတ်ဆွေအသွင်သို့ ကူးပြောင်းပြီး မိမိရဲ့အကျိုးကို သယ်ပိုးထမ်းရွက်လာပါလိမ့်မယ်။

*ခန္တီမေတ္တာက မအောင်နိုင်တဲ့အရာဆိုတာ မရှိဘူး။*

*သစ္စာက မစွမ်းဆောင်နိုင်တဲ့အရာ မရှိဘူး။*

*သီလက အလိုမဖြည့်ပေးနိုင်တဲ့အရာလည်း မရှိဘူး။*

မေတ္တာ၊ သစ္စာနဲ့ သီလတို့က အချင်းချင်းအထောက်အကူပြုပြီး ဆက်သွယ်နေကြတဲ့တရားတွေပဲ။ မေတ္တာရှင်ဟာ သစ္စာရှင်ဖြစ်လာနိုင်သလို မေတ္တာပိုင်ရှင်ဟာလည်း သီလဖြူစင်သူဖြစ်လာနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com


မေတ္တာဟာ လူနတ်သတ္တဝါတို့ရဲ့ ချစ်ခင်လေးစားမှုကို ရယူဖို့ အကောင်းဆုံးပီယဆေးဖြစ်သလို လောကမှာ အောင်မြင်ကြီးပွားရေး အတွက်လည်း အကောင်းဆုံးဆေးတစ်လက် ဖြစ်ပါတယ်။

မေတ္တာနဲ့နေထိုင်နည်းဟာ ချမ်းသာစွာနေထိုင်နည်းပဲ ဖြစ်ပါ တယ်။

ကမ္ဘာလောကတစ်ခုလုံး ငြိမ်းချမ်းသာယာ စိုပြည်ဝေဆာရေး အတွက် မေတ္တာတရားကို ပွားများအားထုတ်ကြပါ။

မိမိရဲ့ဘဝလှပရေးနဲ့ ငြိမ်းချမ်းသာယာရေးအတွက် မေတ္တာပန်း အလှရတနာကို နေ့စဉ်မပြတ် အခါမလပ် ဆင်မြန်းတော်မူကြပါ။

## ဝိပဿနာဘာဝနာ ပွားများပါ

'ဗုဒ္ဓုပ္ပါဒဒုလ္လဘ' = ဘုရားပွင့်တဲ့အချိန်အခါ ဘုရားသာသနာ နဲ့ဆုံတွေ့ရခြင်းဟာ အလွန်တရာခက်ခဲတဲ့ ဒုလ္လဘတစ်ရပ် ဖြစ်ပေ တယ်။

သာသနာနဲ့ဆုံတွေ့တဲ့အခါမှာ လူချမ်းသာ နတ်ချမ်းသာပြဟ္မာ ချမ်းသာလောက် ရည်မှန်းတာဟာ တစ်ဘဝနှစ်ဘဝစာ ချမ်းသာရေး အတွက် ရည်မှန်းခြင်းသာဖြစ်ပါတယ်။ အပါယ်သံသရာသို့မရောက် ဖို့အတွက် ဘဝအာမခံချက်မရှိဘူး။

အနည်းဆုံး သောတာပန်ဖြစ်မှ အပါယ်သံသရာမှ လွတ်မြောက် နိုင်ပြီး ဘဝချမ်းသာရေးအတွက် အာမခံချက်အပြည့်အဝရှိပါတယ်။

သာသနာတော်ကတော့ အမြင့်မြတ်ဆုံးဘဝချမ်းသာနဲ့ ဘဝ ဆုလာဘ်ဖြစ်တဲ့ အရဟတ္တမဂ်ဖိုလ်အထိ စွမ်းဆောင်ပေးနိုင်ပါတယ်။ ရယူချင်တာမယူချင်တာက လူတစ်ဦးစီရဲ့ကိစ္စပါ။ ဘဝဆင်းရဲနဲ့ဘဝ

www.burmeseclassic.com

www.burmeseclassic.com


ချမ်းသာကို တကယ်သဘောပေါက်နားလည်ရင် အမှန်လိုချင်မှာဖြစ်ပါတယ်။

သောတာပန်–သကဒါဂါမ်–အနာဂါမ်– ရဟန္တာအထိမြင့်မြတ်လှတဲ့ ဘဝအဆင့်ဆင့်ကို တက်လှမ်းဖို့အတွက် မြတ်စွာဘုရားချမှတ်ပေးထားတဲ့ လမ်းစဉ်လှေကားကတော့ 'မဇ္ဈိမပဋိပဒါ'အမည်ရတဲ့ 'မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရား' ဖြစ်ပါတယ်။ ဒီကျင့်စဉ်တရားကို လက်တွေ့ လိုက်နာကြတဲ့သူတို့ဟာ ဝိပဿနာရှုပွားကြရပါတယ်။

ဝိပဿနာဆိုတာ ဘာလဲ။

သတ္တဝါတို့ရဲ့ခန္ဓာကိုယ်ကို ဖွဲ့စည်းထားတဲ့ ရုပ်တရားနာမ်တရားတို့ရဲ့ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော၊ အသုဘသဘောတို့ကို ပရမတ်ကျကျထင်မြင်အောင် ရှုပွားတတ်တဲ့ ဉာဏ်ပညာကို ဝိပဿနာလို့ ခေါ်ပါတယ်။

ဝိပဿနာကို ဘယ်လိုရှုပွားရသလဲ။

'ပထမ–သီလဝိသုဒ္ဓိ'= သီလစင်ကြယ်အောင် စောင့်ထိန်းရမယ်။

'ဒုတိယ–စိတ္တဝိသုဒ္ဓိ' = စိတ်စင်ကြယ်အောင် သမထဘာဝနာပွားများရမယ်။ သမထကမ္မဋ္ဌာန်း ၄၀ ရှိတဲ့အနက် မိမိနဲ့ဆီလျော်မယ့်ကမ္မဋ္ဌာန်းကို ရွေးချယ်ပြီး စနစ်တကျပွားများရမယ်။ ဥပစာရသမာဓိရောက်ရင် နီဝရဏအမည်ရတဲ့ ကိလေသာအညစ်အကြေးတွေ စိတ်မှစင်ကြယ်သွားကြတဲ့အတွက် စိတ္တဝိသုဒ္ဓိဖြစ်ပြီလို့ မှတ်ယူနိုင်ပါတယ်။

ဥပစာရသမာဓိရောက်နေတဲ့အချိန်မှာ စိတ်ဟာ ဘာဝနာအာရုံမှာ တစ်နာရီနဲ့အထက် ဆက်တိုက်တည်ငြိမ်နေနိုင်တယ်။ ပီတိ–ပဿဒ္ဓိ– သုခ– ဧကဂ္ဂတာ စတဲ့ စေတသိက်ကောင်းတွေက အားရှိလာကြတဲ့အတွက် အလွန်ငြိမ်းအေးချမ်းသာစွာ တရားရှုနေနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အလွန်စူးရှထက်မြက်တဲ့ ဘာဝနာအလင်းရောင် ထွက်ပေါ် လာတယ်။

ဒီဘာဝနာအလင်းရောင်နဲ့ မျက်စိမှိတ်ထားလျက်က မိမိခန္ဓာ ကိုယ်က ဆံပင်၊ မွေးညင်း၊ အသည်း၊ အဆုတ်၊ နှလုံးစတဲ့ ကောဋ္ဌာသ တို့ကို ရှုမြင်နိုင်တယ်။ သူတစ်ပါးခန္ဓာများက ကောဋ္ဌာသတို့ကိုလည်း ထိုးထွင်းပြီး ရှုမြင်နိုင်တယ်။

ဥပစာရသမာဓိမှတစ်ဆင့် ညွှန်ပြပေးနိုင်တဲ့ဆရာရှိရင် ပထမ ဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်သို့ အလွယ်တကူ အဆင့်ဆင့်တက်သွားနိုင်ပါတယ်။

မော်လမြိုင်မြို့နဲ့ ကိုးမိုင်ဝေးတဲ့ ဖားအောက်တောရမှာ ဓာတ် ကမ္မဋ္ဌာန်းကိုအခြေခံပြီး ညွှန်ကြားပြသပေးနေတာ ဉာဏ်ထက်မြက် ကြတဲ့ ယောဂီများစွာက ၁၅ ရက်လောက်အတွင်းမှာ စတုတ္ထဈာန် အထိ အံ့ဩစဖွယ် အောင်မြင်ပေါက်မြောက်သွားကြပါတယ်။

ပထမဈာန်ကို ဝင်စားနိုင်တဲ့သူဟာ ကာမဂုဏ်ချမ်းသာထက် သာလွန်တဲ့ ဈာန်ချမ်းသာကို ခံစားနေရပြီ။

သမာဓိစွမ်းရည်က ဥပစာရသမာဓိမှ စတုတ္ထဈာန်အထိ အဆင့် ဆင့်မြင့်တက်သွားတာနဲ့အညီ ဈာန်ချမ်းသာနဲ့ ဘာဝနာအလင်းရောင် ရဲ့စွမ်းအားတို့ကလည်း အဆင့်ဆင့်မြင့်တက်သွားကြပါတယ်။ စတုတ္ထ ဈာန်သို့ရောက်တဲ့အခါ အလွန်အံ့ဩဖွယ်ကောင်းတဲ့ ငြိမ်းအေးတဲ့ ချမ်းသာနဲ့ ထိုးထွင်းပြီးမြင်သိနိုင်တဲ့စွမ်းရည်တို့ ဖြစ်ပေါ်လာတာကို ကိုယ်တိုင်ကြုံတွေ့လာပါလိမ့်မယ်။

'တတိယအဆင့်' ကတော့ ဈာန်သမာဓိနဲ့ ဘာဝနာအလင်း

www.burmeseclassic.com

www.burmeseclassic.com



ရော်င်တို့ကို ဘာဝနာလက်နက်အဖြစ် အသုံးချကာ မိမိခန္ဓာထဲရှိတဲ့ ရုပ်တရား နာမ်တရားတို့ရဲ့ ဖြစ်ပျက်နေပုံများကို ပရမတ်အခြေသို့ ဆိုက်တဲ့အထိ ဉာဏ်မျက်စိနဲ့ ရှင်းရှင်းလင်းလင်းမြင်သိအောင် ရှုကြည့်ရပါတယ်။ ဒီလိုရှုပွားတာကို ဝိပဿနာရှုပွားတယ်လို့ ဆိုပါတယ်။

မိမိခန္ဓာထဲက ရုပ်တရား နာမ်တရားတို့ရဲ့ဖြစ်ပျက်နေပုံတို့ကို အသေးစိတ်ရှုမြင်ပြီးတဲ့အခါ သူတစ်ပါးတို့ရဲ့ခန္ဓာထဲမှာ ရှိကြတဲ့ ရုပ်နာမ်တို့ကိုလည်း အလားတူရှုကြည့်ရပါတယ်။

ဒါတင်မကသေးဘူး၊ မိမိရဲ့အတိတ်ဘဝအဆက်ဆက်နဲ့ အနာဂတ်ဘဝအဆက်ဆက်တို့ကိုလည်း သိမြင်အောင် ရှုကြည့်ပြီး ဘဝတစ်ခုက ရုပ်နာမ်အကြောင်းတရားများတို့ဟာ နောက်ဘဝတစ်ခုရဲ့ ရုပ်နာမ်အကျိုးတရားများအဖြစ်သို့ ပဋိစ္စသမုပ္ပါဒ်နည်းအရ ကြောင်းကျိုး ဆက်နွယ်သွားပုံကို ရှုကြည့်ရပါတယ်။

သမာဓိရှိတဲ့စိတ်ဟာ အလွန်ထက်မြက်ပါတယ်။ တတ်သိတဲ့ ဆရာသမားက စနစ်တကျ ညွှန်ပြပေးရင် သင့်ရဲ့အတိတ်ဘဝ၊ အနာဂတ်ဘဝများကို မြင်တွေ့တာဟာ သိပ္ပံနည်းကျ တိတိကျကျမြင်တွေ့ရခြင်းဖြစ်တာကို သင်ကိုယ်တိုင် ကျေကျေနပ်နပ် ဆင်ခြင်သုံးသပ် သိရှိနိုင်ပါတယ်။

ဖန်ဆင်းသူနဲ့ ဖန်ဆင်းခံရတဲ့သတ္တဝါများမရှိ။ အတ္တခေါ်တဲ့ မသေမပျက်တဲ့ ဝိညာဉ်ကောင် လိပ်ပြာကောင်ဆိုတာလည်း မရှိ။ ရုပ်တရား, နာမ်တရားတို့က အကြောင်း, အကျိုးဆက်စပ်ကာ ဖြစ်ပျက်နေခြင်းသည်ပင် သတ္တဝါတို့ရဲ့ဘဝအမျိုးမျိုး ဖြစ်ပျက်နေကြရတာကို သင်ကိုယ်တိုင် ရှင်းရှင်းလင်းလင်း မြင်သိလာပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်လောကလုံးမှာရှိကြတဲ့ ရုပ်တရား နာမ်တရားတို့ဟာ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ သဘောတွေပဲလို့ ရှင်းရှင်းလင်းလင်း ရှုမြင်လာတဲ့အခါမှာ မောဟမျက်နှာဖုံးကွာကျပြီး အရိယသစ္စာလေးပါးတို့ ပေါ်လွင်ထင်ရှားလာကြပါတော့တယ်။ အဲဒီအခါ မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် အတုမဲ့ချမ်းသာဖြစ်တဲ့ နိဗ္ဗာန်ကို ကိုယ်တိုင်ကိုယ်ကျ မျက်မှောက်ပြုရပါတော့တယ်။

ပိဋကတ်ကျမ်းဂန်များနဲ့ ဝိသုဒ္ဓိမဂ်တို့မှာလာရှိတဲ့ ဗုဒ္ဓနည်းကျ ဝိပဿနာရှုနည်းအပြည့်အစုံကို လွယ်ကူလျင်မြန်ထိရောက် အောင်မြင်တဲ့နည်းဖြင့် ဖားအောက်တောရမှာ ညွှန်ပြပေးနေပါတယ်။

အဖိုးအနဂ္ဃထိုက်တဲ့ သာသနာတော်ရဲ့အသီးအပွင့်များကို ကိုယ်တိုင် လှမ်းဆွတ်သုံးဆောင်လိုသူတို့ရဲ့အကျိုးအတွက် ဖားအောက်တောရစင်္ကြံကျောင်း ဝိပဿနာစခန်းကို အမြဲမပြတ်ဖွင့်လှစ်ပေးထားပါတယ်။

ဝိပဿနာတရားရှုပွားခြင်းဟာ...

* သတ္တဝါတို့ရဲ့ စိတ်အညစ်အကြေး စင်ကြယ်ဖို့၊
* စိုးရိမ်ပူပန်ခြင်းနဲ့ ငိုကြွေးခြင်းတို့ကို လွန်မြောက်ဖို့၊
* ကိုယ်ဆင်းရဲခြင်းနဲ့ စိတ်ဆင်းရဲခြင်းတို့ ချုပ်ငြိမ်းဖို့၊
* အရိယမဂ်ကို ရဖို့၊
* အတုမဲ့ချမ်းသာဖြစ်တဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့

တစ်ကြောင်းတည်းသောခရီးလမ်း ဖြစ်ပေတယ်။

(မဟာသတိပဋ္ဌာနသုတ်)

အမြင့်မြတ်ဆုံးအခွင့်အလမ်းကို လက်မလွှတ်ပါစေနဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒါန၊ သီလ၊ ဘာဝနာတို့ရဲ့ သိမှတ်ဖွယ်ရာအကြောင်းအရာ အကျယ်ကို စာရေးသူ ရေးသားပြုစုထားတဲ့ 'မြတ်ဒါန'၊ 'မြတ်သီလ'၊ 'မြတ်ဘာဝနာ'တို့မှာ ဆက်လက်ဖတ်ရှုတော်မူကြပါ။

လူတိုင်းရဲ့ဘဝ ချမ်းမြေ့သာယာရှိပါစေ။
စေတနာ မေတ္တာမွန်ဖြင့် …

**ဒေါက်တာမင်းတင်မွန်**

www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာမင်းတင်မွန်၏ ဓမ္မရတနာစာအုပ်များ

ဤဓမ္မရတနာစာအုပ်များကို ဖတ်ရှုလေ့လာလျှင်
ကြီးကျယ်သော ဓမ္မသဿဝနကုသိုလ်နှင့်
ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာကို ရရှိမည်ဖြစ်သည်။

၁။ **မြတ်ဗုဒ္ဓ** – ဘုရားကို ဘာကြောင့် ကိုးကွယ်ထိုက်သလဲ။
၂။ **မြတ်ဓမ္မ** – တရားကျင့်သူကို တရားက ဘယ်လိုစောင့်ရှောက်မလဲ။
၃။ **မြတ်သံဃာ** – သံဃာတော်သည် ဘာကြောင့် အမြတ်ဆုံး ရတနာဖြစ်သလဲ။
၄။ **မြတ်သရဏဂုံ** – ရတနာမြတ်သုံးပါး ကိုးကွယ်လျှင် အပါယ်မကျဘူး။
၅။ **ဘဝအောင်မြင်ရေး** – အကြိမ်ပေါင်းများစွာပြန်ရိုက်ရသော စာအုပ်။
၆။ **ဘဝ လမ်းနှစ်သွယ်** – သုဂတိအလင်းလမ်းနှင့် အပါယ်ဒုဂ္ဂတိလမ်း ဘယ်လိုလှမ်း?
၇။ **ဘဝ ချမ်းသာရေး** – ယခုဘဝ နောက်ဘဝ အကောင်းဆုံး ချမ်းသာတွေက ဘာလဲ။
၈။ **ဖားအောက်တောရမိတ်ဆက်** – ဗုဒ္ဓအလိုတော်ကျ သမထဝိပဿနာ ရှုနည်းက ?
၉။ **လိမ္မာယဉ်ကျေး တို့ရင်သွေး** – ပြည်သူ့ရင်သွေးရတနာများ လိမ္မာရေးခြားကြဖို့။
၁၀။ **မေတ္တာနှင့် သစ္စာ သရုပ်ဖော်** – အလှဆုံးတရားနှင့် အမြတ်ဆုံးတရားတို့ကို လက်တွေ့ကျင့်ဖို့။

www.burmeseclassic.com

www.burmeseclassic.com

၁၁။ **မေတ္တာနှင့်သစ္စာအဖွင့်** – တစ်လောကလုံးကို အလှဖုံးစေ, မြင့်မြတ်စေသော တရားနှစ်ပါး။

၁၂။ **တော်ကူးဝိပဿနာဂုဏ်ထူးဆောင်** – ထူးဆန်းစွာ ရောဂါပျောက်ခြင်းများ။

၁၃။ **ဆေးမကုဘဲ ငြိမ်းအေးနည်း** – ကျန်းမာချမ်းသာစွာ နေနိုင်သည့် တရားရှုနည်း။

၁၄။ **မြတ်ဒါန** – တိုးတက်ကြီးပွားအောင် အကျိုးကြီးအောင် ဘယ်လိုလှူဒါန်းရမလဲ။

၁၅။ **မြတ်သီလ** – အလှဆုံး တန်ဆာ၊ အကောင်းဆုံး ကိုယ်ကျင့်စာရိတ္တ၊ လိုတိုင်းရစေ။

၁၆။ **မြတ်ဘာဝနာ** – အကျိုးအကြီးဆုံး အကောင်းဆုံး ဘဝနေနည်း ဘာဝနာရှုနည်းများ။

၁၇။ **ဗုဒ္ဓအဘိဓမ္မာ အနှစ်ချုပ်** – လောကအကြောင်း ကောင်းစွာသိနားလည်စေတဲ့ ဗုဒ္ဓဒဿန၊ အဘိဓမ္မာ (ရိုးရိုးတန်း) စာမေးပွဲလက်စွဲ။

၁၈။ **ဘဝရည်မှန်းချက်နှင့်ဘဝလမ်းစဉ်** – The Aim and Way of Life.

၁၉။ **ဗုဒ္ဓဘာသာစာရိတ္တနှင့် ကျင့်ဝတ်များ** – Buddhist Ethics and Duties.

၂၀။ **ဗုဒ္ဓဝါဒနှင့် ခေတ်သစ်ဘဝ** – Buddhism in Modern Life.

၂၁။ **ဘဝကိစ္စနှင့် ဘဝပန်းတိုင်** – The Purpose and the Goal of Life.

၂၂။ **သိပ္ပံနယ်လွန် ဗုဒ္ဓဘာသာ** – The Supreme Science of The Buddha.

၂၃။ **တော်ကူးဆရာတော် ဘဝဆည်းဆာနှင့် ကျင့်စဉ်တရား** – တရားရှုခြင်းဖြင့် အားလုံးကို အနိုင်ရ။

၂၄။ **ရှေးဘဝ နောက်ဘဝ သိပ္ပံနည်းကျအထောက်အထားများ** – အတိတ်ဘဝတွေကို ဘယ်လိုသိနိုင်သလဲ။

www.burmeseclassic.com

www.burmeseclassic.com

၂၅။ **အမြတ်ဆုံးပန်းတိုင် ကေန်ပိုင်** (ပထမတွဲ) – ဗုဒ္ဓနည်းကျ မှန်ကန်တိကျသော တရားရှုနည်း။

၂၆။ **တက္ကသိုလ် အဘိဓမ္မာ ပေါင်းချုပ်** – ဗုဒ္ဓဒေသနာ အဘိဓမ္မာကိုအရှင်းဆုံး တင်ပြထားသည့် စာအုပ်။
စာသင်သားများအား အဘိဓမ္မာ အထောက်အကူပြု။

၂၇။ **The Essence of Buddha - Abhidhamma** – ဗုဒ္ဓ အဘိဓမ္မာကို အကောင်းဆုံး ရှင်းလင်းချက်။

၂၈။ **Good English** – အင်္ဂလိပ်စာကို တတ်အောင် တော်အောင် သင်ပြမယ့် စာအုပ်။ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ် ကျောင်းသားလက်စွဲ။

၂၉။ **ယဉ်ကျေးလိမ္မာ ရင်သွေးကမ္ဘာ** (အိတ်ဆောင်) – မူ–လယ်–ထက် စာရိတ္တပညာ လက်စွဲ။

၃၀။ **တော်ကူးကျင့်စဉ်တရား** (အိတ်ဆောင်) – ဒုက္ခဝေဒနာကို ကျော်လွှား၍ ငြိမ်းအေးမှု ရယူနည်း။

၃၁။ **ဖားအောက်တောရ မိတ်ဆက်** (အိတ်ဆောင်) – သမာဓိ ပြည့်မီအောင် ထူထောင်၍ ပရမတ်တရားများကို မြင်အောင် ဝိပဿနာရှုနည်း။

၃၂။ **မြတ်ဗုဒ္ဓ** (အိတ်ဆောင်) – ဘုရားကို လေးစားကြည်ညိုလျှင် မုချ ကြီးပွားတိုးတက်မည်။

၃၃။ **အဘိဓမ္မာမဟာရဋ္ဌဂုရု သပြေကန်ဆရာတော်ဘုရားကြီး** – သာသနာ့တံခွန် စံပြပုဂ္ဂိုလ်ထူး။

၃၄။ **သောက, ဒေါသ, အတ္တ ဘဝအခက်အခဲဟူသမျှ ကျော်လွှားအံ့** – **How to Live without Fear and Worry (I).**

၃၅။ **ပျော်ရွှင်အောင်မြင်သော နေထိုင်နည်း – How to Live without Fear and Worry (II).**

www.burmeseclassic.com

www.burmeseclassic.com

၃၅။ **ခေတ်အမြင်နှင့်သိမှတ်စရာ ဗုဒ္ဓဘာသာအကျဉ်း – Buddhism in Nutshell.**

၃၆။ **အမြတ်ဆုံးပန်းတိုင် ဧကန်ပိုင် (ဒုတိယတွဲ)–** ဗုဒ္ဓနည်းကျ မှန်ကန်တိကျသော ဝိပဿနာရှုနည်း။

၃၇။ **ဗုဒ္ဓစကားတော် – The Word of the Buddha.**

တရားကို ပေးလှူခြင်းသည် အမြတ်ဆုံးအလှူဖြစ်သည်။
တရားအရသာသည် အမွန်မြတ်ဆုံး အရသာ ဖြစ်သည်။
တရားနှင့် မွေ့လျော်ခြင်းသည် အကောင်းဆုံးမွေ့လျော်ခြင်းဖြစ်သည်။
တရားကို သိပြီး လက်တွေ့ကျင့်သုံးခြင်းဖြင့်
အမြတ်ဆုံး ချမ်းသာကို ရယူနိုင်ကြပါစေ။

မြမွန်ရတနာ စာပေဖြန့်ချိရေး
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၈၆၆၁၀

www.burmeseclassic.com